
www.burmeseclassic.com

ညီသစ် ပြန်ဆိုသည်

# သင်္ဘောပျက်သင်္ဘောသားတစ်ယောက်အကြောင်း

# The story of shipwrecked sailor



Gabriel Garcia Marquez

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စိတ်ကူးချိုချိုစာအုပ် ၅၁

# သင်္ဘောပျက် သင်္ဘောသားတစ်ယောက်အကြောင်း

# THE STORY OF A SHIPWRECKED SAILOR

**GABRIEL GARCIA MARQUEZ**

ညီသစ်

၂၀၀၂ ၊ ဖေဖော်ဝါရီလ

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက် | ၁၃၃၇/၂၀၀၁ (၁၁) |
| မျက်နှာဖုံးခွင့်ပြုချက် | ၉၉၅/၂၀၀၁ (၁၂) |
| ပုံနှိပ်သူ | ဦးထွန်းထွန်းဦး<br>အင်ကြင်းဦးပုံနှိပ်တိုက်<br>တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးတင့်လွင်<br>သော်ကစာပေ<br>၆၀၅၊ သုမင်္ဂလာလမ်း၊<br>မြောက်ဥက္ကလာပ၊ ရန်ကုန်။ |
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | ဖေဖော်ဝါရီ၊ ၂၀၀၂ |
| တန်ဖိုး | ၃၅၀ ကျပ် |




## မူရင်းစာရေးသူအကြောင်း

*ဂါဘရီယယ် ဂါစီယာ မားကွက်စ်* ကို ကိုလံဘီယာနိုင်ငံ *အာရာတာကာတာ* မြို့တွင် ၁၉၂၈-ခုနှစ်၌ မွေးဖွားခဲ့သည်။ သူသည် *ဘိုဂိုတာ*တက္ကသိုလ်တွင် တက်ရောက်ခဲ့ပြီး နောက်ပိုင်းတွင် *ကိုလံဘီယာ* သတင်းစာတစ်စောင်ဖြစ်သည့် **El Espect-ador** တွင် နိုင်ငံခြားသတင်းထောက်အဖြစ် ရောမ၊ ပါရီ၊ ဘာစီလိုနာ၊ ကာရာကက်စ်နှင့် နယူးယောက်မြို့တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် ဝတ္ထုတို၊ ဝတ္ထုရှည်ပေါင်းများစွာကို ရေးသားခဲ့၏။ သူ၏ စာအုပ်များမှာ *Eyes of a Blue Dog(1947), Leaf Storm(1955), No One Write to the Co nel(1958), In Evil Hour(1962), Big Mama's Funeral(1962), One Hundred Years of Soltitude(1967) Innocent Erendira and Other Stories(1972), The Au-tumn of the Patriarch(1975), Chronicle of a Death Fore-told(1981), Love in the Time of Cholera(1985), The General in His Labyrinth(1989), Strange Pilgrims(1992), Of Love and Other Demons* တို့ ဖြစ်သည်။

*ဂါဘရီယယ် ဂါစီယာ မားကွက်စ်* သည် ၁၉၈၂-ခုနှစ်တွင် စာပေနိုဗယ်ဆု ရရှိခဲ့၏။ သူသည် မက္ကစီကိုမြို့တွင် နေထိုင်လျက်ရှိကာ စာများကိုလည်း ဆက်လက် ရေးသားပြုစုလျက်ရှိသည်။

ယခု ကျွန်တော်ပြန်ဆိုထားသော *သင်္ဘောပျက် သင်္ဘောသားတစ်ယောက်အကြောင်း* ဝတ္ထုမှာ သူ၏ နာမည်ကျော် သတင်းဝတ္ထုတစ်ပုဒ်ဖြစ်သည့် *The Story of the Shipwrecked Sailor* ကို ပြန်ဆိုထားခြင်းဖြစ်ပါသည်။

ညီသစ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁

## ကျွန်တော့်မိတ်ဆွေများပင်လယ်ထဲမှာသေဆုံးရပုံ

ဖေဖော်ဝါရီလ (၂၂) ရက်နေ့တွင် ကျွန်တော်တို့ *ကိုလံဘီယာ*သို့ ပြန်ရမည်ဟု ပြောသည်။ ကျွန်တော်တို့ *ကယ်လ်ဒက်စ်*သင်္ဘော၏ လျှပ်စစ်ပိုင်းဆိုင်ရာများနှင့် လက်နက်များ၏ ချို့ယွင်းချက်တွေ ပြင်ဆင်ရသည့် *အာလာဘားမား*ပြည်နယ်၊ *မိုဘိုင်း*မြို့တွင် ကျွန်တော်တို့ သောင်တင်နေသည်မှာ ရှစ်လကြာသွားပြီ။ အားလပ်ချိန်များမှာ သင်္ဘောသားတွေ ကုန်းပေါ်မှာ လုပ်လေ့လုပ်ထရှိသည့် ထုံးစံအတိုင်း ကျွန်တော်တို့ ရည်းစားကိုယ်စီနှင့် ရုပ်ရှင်တွေ သွားကြည့်သည်။ ရုပ်ရှင်ပြီးသည့်အခါ ကျွန်တော်တို့ ဆိပ်ကမ်းက ဂျိုးပါလိုကာဘားဆိုင်မှာ ဆုံကြသည်။ ထိုဘားမှာ ကျွန်တော်တို့ ဝီစကီသောက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ခါ တလေ စကားများ ရန်ဖြစ်ကြသည်။

ကျွန်တော့် ရည်းစားနာမည်က *မာရီအက်ဒရက်စ်*။ ကျွန်တော် မိဘိုင်းကိုရောက်ပြီး နှစ်လခန့်ကြာမှ တခြားသင်္ဘောသား တစ်ယောက်၏ ရည်းစားမှတစ်ဆင့် သူမကို သိခဲ့ခြင်းဖြစ်သည်။ မာရီ က စပိန်ဘာသာစကားကို သွက်သွက်လက်လက် ပြောနိုင်သည်။ ကျွန်တော့် အပေါင်းအသင်းတွေက သူမကို "*မာရီယာဒီရက်စီယွန်*" ဟု နောက်ပြောင်ခေါ်ကြသည့် အဓိပ္ပာယ်ကိုတော့ သူမ နားလည်လိမ့်မည်ဟု ကျွန်တော်မထင်ပါ။ ကျွန်တော်တို့ ကုန်းပေါ်တက်ခွင့်ရသည့်အခါတိုင်း ကျွန်တော် သူမကို ရုပ်ရှင်ခေါ်သွားသည်။ သို့ရာတွင် သူမ တကယ်သွားချင်တာက ရေခဲမုန့်သွားစားချင်တာ။ ကျွန်တော်က အင်္ဂလိပ်လို ခြေတစ်ပေါင်ကျိုးပဲပြော၊ သူမက စပိန်လို အိုးနင်းခွက်နင်းပြောနှင့်ပင် ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် နားလည်အောင်လုပ်ကြရသည်။ သို့ရာတွင် ရုပ်ရှင်ကြည့်တာပဲဖြစ်ဖြစ်၊ ရေခဲမုန့်စားတာပဲဖြစ်ဖြစ် ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် နားလည်မှုရှိပါသည်။

*မာရီ* နှင့်အတူ အပြင်မထွက်သည့် တစ်ခါတော့ ရှိပါသည်။ ထိုညက ကျွန်တော်တို့ 'The Caine Mutiny' ဇာတ်ကားသွားကြည့်သည့်ည။ ထိုကားမှာ မိုင်းရှင်းသင်္ဘောပေါ်မှ ဘဝအကြောင်းဖြစ်သည့် ဇာတ်ကားကောင်းတစ်ကားဖြစ်သည်ဟု ကျွန်တော့် အပေါင်း





အသင်း တချို့က ကြားဖူးထားသည်။ အဓိကမှာ မိုင်းရှင်း သင်္ဘောမဟုတ်၊ မုန်တိုင်းဖြစ်နေသည်။ မုန်တိုင်းထန်နေသည့် အခြေအနေမျိုးမှာ လုပ်ရမှာက ဖီဆန် ပုန်ကန်နေကြသော သင်္ဘောသားများလုပ်သလို သင်္ဘော၏ လမ်းကြောင်း ပြောင်းရမှာပဲဟု ကျွန်တော်တို့အားလုံး တညီတညွတ်တည်း သဘောတူကြသည်။ သို့ရာတွင် ရုပ်ရှင်ကားထဲက မုန်တိုင်းမျိုး ကျွန်တော်တို့အားလုံး တစ်ယောက်မှ မကြုံဖူးကြပေ။ ထို့ကြောင့် မုန်တိုင်းလောက် ဇာတ်ကားက ကျွန်တော်တို့ကို စွဲစွဲလမ်းလမ်းဖြစ်အောင် မလုပ်နိုင်ပေ။ ထိုညက ကျွန်တော်တို့ သင်္ဘောဆီ ပြန်ကြသောအခါ ဇာတ်ကားကို အစွဲကြီးစွဲနေသည့် သင်္ဘောသားတစ်ယောက်ဖြစ်သူ *ဒီဂိုးဗီလာကွေး*က သိပ်မကြာခင်မှာ ကျွန်တော်တို့လည်း ပင်လယ်ထဲရောက်တော့မှာမို့ "အဲဒီလိုမျိုး ငါတို့ကြုံရင် ဘယ်လိုလုပ်မလဲ"ဟု စဉ်းစားရင်းပြောသည်။

ထိုဇာတ်ကားက ကျွန်တော့်ကိုလည်း စွဲလမ်းအောင်လုပ်နိုင်သည်ဟု ကျွန်တော် ဝန်ခံသည်။ လွန်ခဲ့သည့် ရှစ်လလုံးလုံး ကျွန်တော်သည် ပင်လယ်နှင့် ပိုပို၍ စိမ်းလာခဲ့သည်။ သင်္ဘောမှောက်သည့်အခါမှာ မိမိကိုယ်မိမိ ကာကွယ်နိုင်အောင် ဘယ်လိုလုပ်ရမည်ဆိုတာကို နည်းပြဆရာက သင်ကြားပေးထား၍ ကျွန်တော်က တော့ မကြောက်။ မည်သို့ပင်ဖြစ်စေကာမူ ထိုကားကြည့်သည့်ညက နေမထိ ထိုင်မသာ ဖြစ်တာကတော့ အမှန်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဟု ကျွန်တော် သိနေသည်။

ထိုအချိန်မှစပြီး သင်္ဘောပျက်မည့်အရေး ကြို တွေးနေခဲ့သည်ဟု ကျွန်တော်မဆိုလိုပါ။ သို့ရာတွင် ခရီး တစ်ခုမထွက်ခင်မှာ အလွန်တရာ စိုးရိမ်ပူပန်မိတာမျိုး ကျွန်တော် တစ်ခါမှ မဖြစ်ဖူးသေး။ ကျွန်တော် ကလေး ဘဝ ဘိုဂိုတာမြို့မှာနေစဉ်က စာအုပ်တွေထဲမှ သရုပ် ဖော်ပုံတွေကြည့်ပြီး ပင်လယ်မှာ မရဏမင်းနှင့် တွေ့ရ မည်ဆိုသော အတွေးများ စိုးစဉ်းမျှပင် မတွေးမိ။ တစ် ဖက်က ကြည့်မည်ဆိုလျှင် ကျွန်တော်က ပင်လယ်ကို ယုံကြည်မှုအပြည့်ရှိသည်။ လွန်ခဲ့သည့်နှစ်နှစ်က ရေတပ် မှာ စာရင်းပေးချိန်မှစ၍ ရေလမ်းခရီးထွက်နေစဉ် ကာ လအတွင်း ကျွန်တော် စိုးရိမ်သောကဟူ၍ မခံစားခဲ့ဖူး ပေ။

သို့ရာတွင် ရုပ်ရှင်ကားကို ကြည့်ပြီးသည့် နောက် ကြောက်တာလိုလို ဘာလိုလို ခံစားမိရတာကို ပြောပြဖို့ ကျွန်တော် မရှက်တော့။ သင်္ဘောအိပ်စင် အပေါ်ထပ်မှာ ပက်လက်လှန်လှဲရင်း ကျွန်တော့် မိသားစု အကြောင်း၊ ကာတာဂျီနာကို မရောက်ခင် ခရီးနှင်ရမည့် ခရီးစဉ်အကြောင်း စဉ်းစားနေမိသည်။ ကျွန်တော် အိပ်မရတော့။ လက်အစုံပေါ်မှာ ခေါင်းတင်ထားလျက် ဆိပ်ခံတံတားကို တိုးဝှေ့လွန့်လူး နေသည့် ရေပုတ်သံ သဲ့သဲ့နှင့် အိပ်စင် အသီးသီးမှာ အိပ်နေကြသည့် သင်္ဘောသား အယောက် လေးဆယ်တို့၏ အသက်ရှူသံ





ကို နားစွင့်နေမိသည်။ ကျွန်တော့်အိပ်စင်အောက်မှာပဲ ပထမအဆင့် သင်္ဘောသား *လူးဝစ်ရင်ဂျီဖိုသည်* သံစုံ ခရာတစ်လက်ပမာ အသံ မြည်လျက် ဟောက်နေသည်။ သူ ဘာတွေ အိပ်မက် မက်နေသလဲ ဆိုတာကို ကျွန်တော်မသိ။ သို့ရာတွင် နောက် ရှစ်ရက် အကြာမှာ သူ ပင်လယ်ကြမ်းပြင်မှာ သေရတော့မည် ဆိုတာကို သိခဲ့လျှင် အခုလို နှစ်နှစ်ခြိုက်ခြိုက် အိပ်နိုင်မှာ မဟုတ် တာ သေချာသည်။

ထိုတစ်ပတ်လုံး ကျွန်တော် ကသိကအောက် ဖြစ်နေခဲ့ရသည်။ ကမ်းမှ ခွာမည့်ရက်က ထိတ်လန့်ဖွယ် ရာ ကောင်းစွာ နီးကပ်လာပြီ။ ကျွန်တော်လည်း မိတ်ဆွေ အပေါင်းအသင်းတွေကို စကားပြောရင်းဖြင့် ကိုယ့် ယုံကြည်ချက်ကို အားမွေးနေခဲ့ရသည်။ ကျွန်တော်တို့ အားလုံး မိသားစုတွေအကြောင်း၊ ကိုလံဘီယာ အကြောင်း၊ အပြန်ခရီးအတွက် အစီအစဉ် အကြောင်း တွေကိုသာ ပြောကြသည်။ နည်းနည်း၊ နည်းနည်းနှင့်ပင် အိမ်အပြန် ယူသွားကြမည့် လက်ဆောင်များ သင်္ဘော ပေါ်မှာ ပြည့်လာသည်။ ရေဒီယိုတွေ၊ ရေခဲသေတ္တာတွေ၊ အဝတ်လျှော်စက်တွေ၊ မီးဖိုတွေ။ ကျွန်တော်က ရေဒီယို တစ်လုံး ဝယ်ထားသည်။

စိုးရိမ်သောကတွေကို ခါထုတ်ပစ်ရန် မတတ် နိုင်သောအခါ ကျွန်တော် ယတိပြတ် ဆုံးဖြတ်ချက်တစ်ခု ချလိုက်မိသည်။ ကာတာဂျီနာ ရောက်လျှင်ရောက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရေတပ်မှထွက်မည်ဟူသော ဆုံးဖြတ်ချက်ဖြစ်သည်။ သင်္ဘော မထွက်ခင် တစ်ညမှာ ကျွန်တော်မာရီကို နှုတ်ဆက်ရန် ထွက်ခဲ့သည်။ ကျွန်တော်၏ စိုးရိမ်မှုနှင့် ဆုံးဖြတ်ချက်ကို ပြောပြလိုက်မည်ဟု စဉ်းစားနေခဲ့သည်။ ပြန်လာခဲ့မည်ဟု ပြောထားသည်က တစ်ကြောင်း၊ နောက်ထပ် သင်္ဘောမလိုက်ရန် ဆုံးဖြတ်ချက်ချလိုက်ပြီဟု ပြောလျှင်လည်း သူမ မယုံမှာက တစ်ကြောင်းမို့ ကျွန်တော် မပြောဖြစ်ခဲ့ပါ။ ကျွန်တော် ပြောဖြစ်ခဲ့သူက ဒုတိယအဆင့် သင်္ဘောသား *ရေမွန်ဟာရီယာ*။ သူကလည်း ကျွန်တော့်လိုပင် ကာတာဂျီနာရောက်လျှင်ရောက်ချင်း ရေတပ်မှ ထွက်မည်ဟု ဆုံးဖြတ်ချက် ချထားသည်။ စိတ်ထဲမှာ စိုးရိမ်မိတာတွေကိုဖလှယ်ရင်း *ရေမွန်ဟာရီယာ*၊ ကျွန်တော်နှင့် *ဒီရိုးဗီလာ*ကွေးတို့ သုံးယောက်သား ဂျူးပါလိုကာကို နှုတ်ဆက်သည့် အနေဖြင့် ဝီစကီ သွားသောက်ကြသည်။

ကျွန်တော်တို့ ဝီစကီ တစ်လုံးတည်း သောက်မည်ဟု ရည်ရွယ်ခဲ့သော်လည်း ငါးလုံးကုန်မှသာ ဇာတ်လမ်းကပြတ်သည်။ ကျွန်တော်တို့ သွားတော့မည်ဆိုတာကို တကယ်သိသွားချိန်မှာတော့ ကျွန်တော်တို့၏ရည်း စားများသည် နှုတ်ဆက်စကားဆိုကြ၊ မူးအောင်သောက် ကြ၊ သူတို့ရင်ထဲ လှိုက်လှိုက်လှဲလှဲ ခံစားရတာကို ပြသရန် အတွက် ငိုကြွယိုကြသည်။

ဂီတသမားပုံ နည်းနည်းမှ မပေါက်စေသည့်





မျက်မှန်ကို တပ်ထားသော တီးဝိုင်းခေါင်းဆောင်ပုဂ္ဂိုလ်က ကျွန်တော်တို့ကို ဂုဏ်ပြုသည့် အနေဖြင့် မမ်ဘိုတေးသွားနှင့် တန်ဂိုတေးသွားတို့ကို အထူးအစီအစဉ် တစ်ရပ်အဖြစ် တီးခတ်ဖျော်ဖြေသည်။ သူက ထိုတေးသွားတွေကို ကိုလံဘီယာနိုင်ငံ၏ဂီတဟု ထင်နေပုံရသည်။ ကျွန်တော်တို့ ရည်းစားတွေလည်း ငိုယိုပြီး ဝီစကီတွေသောက်ကြသည်။

ထိုအပတ်က ကျွန်တော်တို့ သုံးကြိမ် လစာထုတ်ပြီးပြီမို့ ရေချိန်မြှင့်ရန် ဆုံးဖြတ်ချက် ချလိုက်ကြပါသည်။ ကျွန်တော်က ပူပင်သောကတွေ ဖိစီးနေသည့်အတွက် အရက်ကိုသာ မူးအောင် သောက်ပစ်လိုက်ချင်သည်။ *ရေမွန်ဟာရီယာ*က ထုံးစံအတိုင်း ပျော်မြူးနေသည်။ သူက အာယိုနာသား ဖြစ်သောကြောင့် ဒရမ်တွေဘာတွေ တီးတတ်သည်။ နာမည်ကျော် အဆိုတော်များ၏ အသံကို တုဆိုနိုင်သော အရည်အချင်း သူ့မှာရှိသည်။

ကျွန်တော်တို့ မပြန်ခင်လေးမှာ မြောက်အမေရိက သင်္ဘောသားတစ်ယောက်က ကျွန်တော်တို့ စားပွဲကို ရောက်လာပြီး *ရေမွန်ဟာရီယာ*၏ ရည်းစားနှင့် တွဲကချင်သည်ဟု ခွင့်တောင်းသည်။ *ရေမွန်*၏ ရည်းစားက လုံးကြီးပေါက်လှ။ နည်းနည်းသောက်ပြီး များများငိုနေသော အမျိုးသမီးဖြစ်သည်။ သူမငိုတာက တကယ်ငိုနေတာ။ မြောက်အမေရိက သင်္ဘောသားက အင်္ဂလိပ်လို



www.burmeseclassic.com

www.burmeseclassic.com



ခွင့် တောင်းသည်။ *ရေမွန်*က သူ့ကို လက်ဆွဲနှုတ်ဆက်ပြီး "မင်းပြောတာ နားမလည်ဘူးကွ။ ခွေးမသားရဲ့" ဟု စပိန် လိုပြောသည်။

ထိုမှစ၍ ရန်ပွဲကြီး ဖြစ်ခဲ့ရာ ထိုရန်ပွဲသည် မိုဘိုင်းမှာဖြစ်ခဲ့သော ရန်ပွဲတွေထဲတွင် တကယ့်ပွဲကြီးပွဲကောင်း ဖြစ်ခဲ့သည်။ လူတွေ၏ ခေါင်းတွေပေါ်မှာ ကုလားထိုင်အကျိုးအပဲ့တွေ ပလူပျံနေသည်။ ကင်းလှည့်ကားများနှင့် ရဲများရောက်လာကြသည်။ မြောက်အမေရိက သင်္ဘောသားကို ဝိုက်လက်သီးနှစ်လုံး မိမိရရ ကျွေးနိုင်ခဲ့သည့် *ရေမွန်ဟာရီယာ*သည် *ဒန်နီရယ်ဆန်တို* အသံဖြင့် သီချင်းဆိုရင်း မနက်တစ်နာရီမှ သင်္ဘောသို့ ပြန်လာသည်။ သူသင်္ဘောဖြင့် ခရီးသွားတာ ဒီတစ်ခါ နောက်ဆုံးပဲဟု *ရေမွန်*ကပြောသည်။ တကယ်လည်း ထိုခရီးက သူ့အတွက် နောက်ဆုံးဖြစ်ခဲ့သည်။

(၂၂)ရက်နေ့ နံနက်သုံးနာရီတွင် ကယ်လ်ဒက်စ်သည် မိုဘိုင်းမှ ကျောက်ဆူးနုတ်ပြီး ကာတာဂျီနာသို့ ခရီးစသည်။ အိမ်ပြန်ရတော့မှာမို့ ကျွန်တော်တို့ အားလုံး ပျော်နေကြသည်။ ကျွန်တော်တို့အားလုံး လက်ဆောင်ပစ္စည်း ကိုယ်စီပါလာကြသည်။ ထိုအထဲမှာ ရေတပ်မှူးကြီး၏ လက်ထောက် *မီဂွယ်အော်တေဂါ*သည် အပျော်ဆုံးဖြစ်မည်။ *မီဂွယ်အော်တေဂါ*လောက် အမြော် အမြင်ရှိမည့် သင်္ဘောသားဆို၍ တစ်ယောက်မှ မရှိဟု ကျွန်တော်ထင်သည်။ မိုဘိုင်းမှာနေသည့် ရှစ်လ





လုံးလုံး သူတစ်ဒေါ်လာမှ မဖြုန်းတီးခဲ့ပေ။ သူရသမျှ ငွေအားလုံးကို ကာတာဂျီနာမှာ စောင့်နေမည့် ဇနီးအတွက် လက် ဆောင်တွေ ဝယ်ပစ်သည်။ထိုနေ့မနက် ကျွန်တော်တို့ သင်္ဘောပေါ်သို့ တက်သောအခါ *အော်တေဂါ*က တံတားပေါ်မှာ သူ့ဇနီးနှင့် ကလေးတွေ အကြောင်း ပြောလာသည်။ ထိုကိစ္စမှာ တိုက်ဆိုင်မှုဟု ပြော၍မရ။ အဘယ့်ကြောင့်ဆိုသော် *အော်တေဂါ*သည် သူ့မိသားစုအကြောင်း တစ်ခါမှ စိတ်လိုလက်ရ မပြောဖူးသောကြောင့်ဖြစ်သည်။ *အော်တေဂါ*သည် ရေခဲသေတ္တာ တစ်လုံး၊ အော်တိုမစ်တစ် အဝတ်လျှော်စက်တစ်လုံး၊ ရေဒီယိုတစ်လုံးနှင့် မီးဖိုတစ်ခု သူ့မိသားစုအတွက် ဝယ်ထားသည်။ နောက်ဆယ့်နှစ်နာရီကြာလျှင် သူသည် အိပ်စင်မှာ စန့်စန့်ကြီးလှဲနေရင်း လှိုင်းမူးသည့်ဒဏ်ကို သေလုမျောပါး ခံစားရတော့မည်။ နှစ်ဆယ့်လေးနာရီ ကြာလျှင်တော့ ပင်လယ်ရေအောက် ကြမ်းပြင်ပေါ်မှာ သူသေရတော့မည်။

### မရဏာ၏ ဧည့်သည်တော်များ

ကျောက်ဆူးတင်ပြီးသောအခါ အမိန့်ထွက်လာသည်။ "အားလုံး ကိုယ့်နေရာကိုယ်ယူကြ" . . . ထိုအမိန့်မှာ သင်္ဘောကမ်းမှ ခွာသည်အထိ ကိုယ်တာဝန်ကျရာမှာ နေမြဲအတိုင်း နေရန်ဖြစ်သည်။ တော်ပီဒိုပြောင်းများရှိ က ကျွန်တော့်နေရာမှာ ငြိမ်သက်စွာ ရပ်နေရင်း မြူတွေ



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ပျောက်ကွယ်စပြုနေသော မိုဘိုင်း၏ မီးရောင်များကို ကြည့်နေမိသည်။ သို့ရာတွင် မာရီအကြောင်းကို ကျွန်တော် မစဉ်းစားမိ။ ပင်လယ်အကြောင်းကိုသာ ကျွန်တော် စဉ်းစားနေမိသည်။ နောက်တစ်နေ့ဆိုလျှင် ကျွန်တော်တို့ မက္ကစီကိုပင်လယ်ကွေ့ရောက်တော့မည်ကို ကျွန်တော်သိသည်။ အခုလို ရာသီအခါမျိုးမှာ ကျွန်တော်တို့ခရီးစဉ်က အန္တရာယ်ကြီးသည်။ မနက်လင်းစအချိန်ကတည်းက ရေတပ်ဒုဗိုလ် *ဂျေမီးမာတီနက်ဒီယာဂို*ကို ကျွန်တော်မတွေ့မိ။ သူကား သင်္ဘောပျက်ကပ်ဆိုးကြီးထဲတွင် သေဆုံးရတော့မည့် တစ်ဦးတည်းသော အရာရှိပင် ဖြစ်သည်။ သူသည် တိုလီမာမြို့သားဖြစ်ပြီး လူကောင်းတစ်ယောက် ဖြစ်သည်ဆိုတာကို ကျွန်တော်သိသည်။

သို့ရာတွင် ထိုနေ့မနက်မှာ အရာခံဗိုလ် *ဂျူလီယိုအမ်မာဒါကာရာဘော်လို*ကို ကျွန်တော် မြင်လိုက်ရသည်။ သူက အရပ်ရှည်ရှည်၊ တောင့်တောင့်တင်းတင်း။ သူသည် မိုဘိုင်းမြို့၏ မီးရောင်များကို ငေးကြည့်နေသော ကျွန်တော့်အပါးမှဖြတ်ပြီး သူ့နေရာဆီသို့ လျှောက်သွားသည်။ သူ့ကို သင်္ဘောပေါ်မှာ တွေ့ရတာ ဒီတစ်ခါ နောက်ဆုံးပဲ ဖြစ်မည်ဟု ကျွန်တော်ထင်ပါသည်။

ကယ်လ်ဒက်စ်ပေါ်ရှိ သင်္ဘောသား အားလုံးထဲတွင် အရာခံဗိုလ် အင်ဂျင်နီယာချုပ် အဲလီယက်ဆ





*ဘာဂိုလောက်* အိမ်ပြန်ရမှာ ပျော်လွန်း၍ စကားပေါင်ဖွာ ပေါင်ဖွာ ပြောသူမရှိ။ သူက ပင်လယ်ဝံပုလွေ။ လူပုံက သေးသေးကျစ်ကျစ်၊ ကြမ်းကြမ်းတမ်းတမ်း။ အသက်က လေးဆယ်ဝန်းကျင်။ စကားအလွန်များသည်။ သူ့ တစ် သက်တာလုံး စကားပြောတာနှင့် အချိန်ဖြုန်းခဲ့သည်ဟု ကျွန်တော်ထင်သည်။

*ဆဘာဂို*တစ်ယောက် တခြားလူတွေထက် ပိုပြီးပျော်နေတာ အကြောင်းရှိသည်။ ကာတာဂျီနာတွင် သူ့ဇနီးနှင့် သူ့ကလေးခြောက်ယောက်က စောင့်မျှော်နေမှာမို့ဖြစ်သည်။ သူ့ကလေးငါးယောက်ကိုသာ သူမြင်ဖူးသည်။ နောက်ဆုံးတစ်ယောက်က သူမိုဘိုင်းမှာရှိနေစဉ် မွေးခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ ခရီးစဉ်က မနက်မိုးလင်းချိန်အထိ ချောချောမွေ့မွေ့။ တစ်နာရီအချိန်အတွင်းမှာ ကျွန်တော်သည်လည်း ပင်လယ်နှင့် နေသားတကျ ဖြစ်လာသည်။ အရှေ့ဘက်မိုးကောင်းကင်မှာ ထွက်ပေါ်နေဆဲ နေမင်းကို ကျွန်တော်မြင်နေရသည်။ နေမထိ ထိုင်မသာဖြစ်သည့် ခံစားမှုလည်း ကျွန်တော့်မှာမရှိတော့။ ပင်ပန်းမှုသာရှိသည်။ ကျွန်တော်တစ်ညလုံး မအိပ်ခဲ့ရ။ အာခေါင်တွေ ခြောက်ကပ်နေပြီး လွန်ခဲ့သည့်တစ်ညက ဝီစကီသောက်ရင်းဖြစ်ခဲ့သည့် အဖြစ်အပျက်ဆိုးကိုသာ သတိရနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြောက်နာရီမှာ အမိန့် ထွက်လာသည်။ "အားလုံးသက်သာ။ အရာရှိငယ်အားလုံး ကိုယ့်နေရာကိုယ်ယူ"။ ထိုအမိန့်ရလျှင်ရချင်း ကျွန်တော်အိပ်စင်ခန်းဆီသို့ ပြန်လာခဲ့သည်။ ကျွန်တော့်အိပ်စင်အောက်က *လူးဝစ်ရန်ဂျီဖို* ကတော့ ထိုင်လျက် မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း မအိပ်မိအောင် ကြိုးစားနေလေသည်။

"ငါတို့ ဘယ်သွားနေတာလဲကွ" သူကမေးသည်။

ကျွန်တော်တို့ ဆိပ်ကမ်းမှ ခွာလာပြီဖြစ်ကြောင်း သူ့ကိုပြောလိုက်သည်။ ကျွန်တော် အိပ်စင်ပေါ်သို့ တက် ပြီးအိပ်ဖို့ ကြိုးစားလိုက်သည်။

*လူးဝစ်ရင်ဂျီဖို* ကတော့ တကယ့်သင်္ဘောသား။ သူကချီကိုမြို့ဇာတိ။ ထိုမြို့က ပင်လယ်နှင့်ဝေးလွန်းလှသော်လည်း သူ့သွေးထဲမှာ ပင်လယ်ရှိလေသည်။ ကျွန်တော်တို့ သင်္ဘောပြင်ဖို့ မိဘိုင်းမှာ ကျောက်ချသောအခါ ကျွန်တော်တို့အဖွဲ့ထဲမှာသူမပါ။ ဝါရင့်တန်းက သင်္ဘောတင်အမြောက်လက်နက် သင်တန်းမှာသင်တန်းတက်နေသည်။ သူက အာရုံစူးစိုက်မှုရှိသည်။ လေ့လာလိုစိတ်ရှိသည်။ စပိန်စကားပြောသလိုပင်အင်္ဂလိပ်စကား ကိုလည်း ဖွတ်နေအောင် ပြောနိုင်သည်။

သူကဝါရင့်တန်မှာ မြို့ပြအင်ဂျင်နီယာဘွဲ့ ရခဲ့သည်။ ၁၉၅၂-ခုနှစ်တွင် ဒိုမီကန်ရီပတ်ဘလစ်မှ မိန်းကလေးကို သူလက်ထပ်ခဲ့သည်။ ကျွန်တော်တို့ သင်္ဘော





ပြင် ဆင်မှုတွေ ပြီးသွားသောအခါ သူဝါရင့်တန်မှ ထွက်ခွာလာခဲ့ပြီး ကျွန်တော်တို့နှင့် ပူးပေါင်းသည်။ မိဘိုင်းမှ မထွက်ခွာမီ ရက်အနည်းငယ်ခန့်က သူ ကိုလံဘီယာကိုရောက်လျှင် သူ့မိန်းမကို ကာတာဂျီနာပြောင်းဖို့ စီစဉ်စရာရှိတာတွေ မြန်မြန်စီစဉ်ရမည်ဟု ကျွန်တော့်ကိုပြောပြသည်။

*လူးဝစ်ရင်ဂျီဖို* သင်္ဘောမလိုက်ရတာ ကြာလုပြီမို့ လှိုင်းမူးနေခြင်း ဖြစ်ရမည်ဟု ကျွန်တော်ယုံသည်။ ခရီးစသည့် ပထမနေ့မှာပဲ အဝတ်အစားလဲရင်း သူက ကျွန်တော့်ကိုမေးသည်။

"မင်း လှိုင်းမမူးသေးဘူးလားကွ"

"မမူးသေးဘူး"ဟု ကျွန်တော် ပြန်ဖြေလိုက်သည်။

"နှစ်နာရီ သုံးနာရီအတွင်းမှာ မင်း လျှာထွက်နေမှာတော့ ငါမြင်ယောင်သေးတယ်ဟေ့" သူကပြောသည်။

ကျွန်တော် အိပ်စင်မှာလှဲနေရင်း အိပ်ပျော်ရန်စိတ်ကို လျှော့ချထားမိသည်။ ကျွန်တော် မုန်တိုင်းကိုသတိရလာမိသည်။ လွန်ခဲ့သည့်ညက စိုးရိမ်ပူပန်မှုများ တစ်ဖန်နိုးထလာပြန်၍ ရင်ဂျီဖို အဝတ်အစားလဲသည့်နေရာသို့ ပြန်သွားပြီးပြောမိသည်။

"အခု ခင်ဗျားသတိထားနော်။ အသံကြောင့် ဖားသေတော့ မဖြစ်စေနဲ့ပေါ့ "



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၂

## “ ဝိပုလွေသင်္ဘော ”ပေါ်မှ ကျွန်တော်၏ နောက်ဆုံးမိနစ်များ

ဖေဖော်ဝါရီလ ၂၆ ရက်နေ့ မနက်စာစားချိန်တွင် ကျွန်တော် အိပ်ရာနိုးလာသောအခါ “ငါတို့ ပင်လယ်ကွေ့ထဲရောက်နေပြီဟေ့” ဟု ကျွန်တော်တို့ အဖွဲ့ထဲမှ တစ်ယောက်က ပြောလိုက်သံကို ကြားလိုက်ရသည်။ အရင်နေ့က မက္ကစီကိုပင်လယ်ကွေ့ထဲမှ ရာသီဥတု အခြေအနေကို ကျွန်တော်တို့ တွေးတောပူပန်နေခဲ့ရသည်။ သို့ရာတွင် ကွန်တော်တို့ဖျက်သင်္ဘောမှာ အနည်းငယ် လူးလွန့်ရုံမှလွဲ၍ ချောချောမွေ့မွေ့ပင် ခရီးဆက်နေသည်။ ကျွန်တော်စိုးရိမ်သလို မဖြစ်သည့်အတွက် ပျော်သွားပြီး ကုန်းပတ်ပေါ် တက်ခဲ့သည်။ ကမ်းရိုးတန်းကား မြင်ကွင်းထဲမှာ မရှိတော့။ အစိမ်းရောင် ပင်လယ်





ပြင်နှင့် အပြာရောင် ကောင်းကင်သာ ကျွန်တော်တို့ ရှေ့မှာ ဖြန့်ကြက်နေလေသည်။ သို့သော်လည်း *မီဂွယ် အော်တေဂါ* သည် ဖြူဖပ်ဖြူရော်၊ မသက်မသာ အမူအရာနှင့် ကုန်းပတ်ပေါ်မှာထိုင်ရင်း လှိုင်းမူးသည့်ဒဏ်ကို အလူးအလဲခံနေရသည်။ မိုဘိုင်းမြို့ မီးရောင်တွေကို မြင်နေရသေးသည့် အချိန်ကတည်းက *အော်တေဂါ* မူးနေခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် နှစ်ဆယ့်လေးနာရီလုံးလုံး မထနိုင်အောင် သူလှိုင်းမူးနေခဲ့သည်။ ဒါတောင် သူက လက်သင်သင်္ဘောသားတစ်ယောက် မဟုတ်ပေ။

*အော်တေဂါ*က အယ်လ်မီရန်တေပါဒီလာ သင်္ဘောနှင့် ကိုရီးယားမှာ အမှုထမ်းဖူးသည်။ သူသွားခဲ့သည့် ခရီးတွေကလည်း မနည်းလှသည်မို့ ပင်လယ်အကြောင်း ကောင်းကောင်းကြီးသိသည်။ သို့ရာတွင် ပင်လယ်ကွေ့က လှိုင်းလေငြိမ်နေတာတောင် ကင်းလဲရန် သူ့ကို ကင်းစောင့်နေရာမှ တွဲခေါ်ရသည်အထိ မူးနေသည်။ သူ့ပုံက ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားနေရသည့်ပုံ။ အစာလည်း မစားနိုင်။ လုပ်ဖော်ကိုင်ဖက်တွေက ပဲ့ပိုင်းတွင် သူ့ကို ဖေးဖေးမမ ပြုစုရင်း အိပ်စင်သို့ ပို့ရန် အမိန့်ကျသည်အထိ ထိန်းထားနေရသည်။ သူ အိပ်စင်သို့ ရောက်သောအခါ မှောက်လျက်လှဲနေရင်း ခေါင်းကို အပြင်ထုတ်၍ အော့အန်တော့မလိုလို ဖြစ်နေသည်။ ကျွန်တော်တို့ ကာရစ်ဘီယန်ပင်လယ်သို့ ရောက်လျှင် အခြေအနေတွေ ပိုဆိုးနိုင်သည်ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



စကားကို (၂၆)ရက်နေ့ညမှာ *ရေမွန်ဟာရီယာက* ပြောခဲ့သည်ဟု ကျွန်တော်ထင်သည်။

ကျွန်တော်တို့ တွက်ချက်မှုများအရ သန်းခေါင်ကျော်လျှင် မက္ကစီကိုပင်လယ်ကွေ့ကို ကျော်လွန်မည်။ တော်ပီဒိုပြောင်းများရှေ့မှ ကျွန်တော်တာဝန်ကျရာနေရာမှာရပ်ရင်း ကာတာဂျီနာကို ရောက်ဖို့အရေး အကောင်းမြင်စွာ တွေးနေမိသည်။ ညကကြည်လင်လျက်။ ဟိုးအမြင့် ကောင်းကင်တစ်ဝန်းမှာ ကြယ်တာရာများ ပြည့်နှက်နေသည်။ ကျွန်တော် ရေတပ်ကို ဝင်စကတည်းက ကြယ်များကို ခွဲခြမ်းစိတ်ဖြာသည့် အကျင့်ရခဲ့သည်။ ကာရစ်ဘီယန်ပင်လယ်ဆီသို့ ချောချောမောမော ခရီးဆက်နေသည့် သင်္ဘောပေါ်မှာလည်း ကြယ်များကို ခွဲခြမ်းစိတ်ဖြာနေမိသည်။

ကမ္ဘာပတ်လည် ခရီးသွားဖူးသည့် သင်္ဘောသားအိုတစ်ယောက်က သင်္ဘောလှုပ်ရှားမှုကို ကြည့်ခြင်းအားဖြင့် ဘယ်ပင်လယ်ထဲမှာ သင်္ဘောသွားနေသလဲဆိုတာ သိနိုင်မည်ဟု ကျွန်တော်ထင်သည်။ ကျွန်တော်ပထမဆုံး တာဝန်ထမ်းဆောင်ခဲ့သည့် နေရာမှာ ကြုံဖူးသည့် အတွေ့အကြုံအရဆိုလျှင် ကျွန်တော်တို့ ကာရစ်ဘီယန်ပင်လယ်ထဲ ရောက်နေပြီ။ နာရီကိုကြည့်လိုက်တော့ အချိန်က ဆယ့်နှစ်နာရီခွဲ။ ဖေဖော်ဝါရီလ (၂၇) ရက် နံနက်ပိုင်း စွန်းနေပြီ။ သင်္ဘော သိပ်မလှုပ်ခဲ့လျှင်တောင် ကာရစ်ဘီယန်ပင်လယ်ထဲ ရောက်နေပြီဆိုတာ





ကျွန်တော် သိသည်။ သို့ရာတွင် ယခု အချိန်မှာ ကျွန်တော့်စိတ်တွေ ကမောက်ကမဖြစ်စပြုလာပြီ။ ထူးထူးဆန်းဆန်း ကျွန်တော့်စိတ်အာရုံတွေ လေးလံလာသည်။ ဘာကြောင့် မှန်းမသိ ကျွန်တော့်အောက်ထပ်အိပ်စင်ပေါ်မှာ မှောက်နေသည့် တပ်မှူးကြီး *အော်တေဂါ*အကြောင်းကို စဉ်းစားမိသည်။

မနက်ခြောက်နာရီတွင် ကျွန်တော်တို့ ဖျက်သင်္ဘောသည် ကြမ်းတမ်းစွာ လူးလွန့်စပြုလာသည်။ ကျွန်တော့်အောက် တစ်ဆင့်ကျော် အိပ်စင်ပေါ်က *လူးဝစ်ရင်ဂျီဖို* နိုးလာသည်။

"*ဖက်စတို*မင်း လှိုင်းမမူးသေးဘူးလားကွ . . ဟေ . ." သူကမေးသည်။

ကျွန်တော် မမူးသေးဘူးဟု ပြန်ဖြေလိုက်သည်။ စိတ်ပူနေတာကိုတော့ ဝန်ခံမိသည်။ *ရင်ဂျီဖို* က ကျွန်တော်ပြောသလို လေ့လာမှုအားကောင်းသော သင်္ဘောအင်ဂျင်နီယာကောင်းတစ်ယောက်။ ယခုဖြစ်ပျက်နေသည့် ပုံမှန်မဟုတ်သော အခြေအနေကြောင့် ကာရစ်ဘီယန်ပင်လယ်ထဲတွင် ကျွန်တော်တို့သင်္ဘော တစ်ခုခုဖြစ်နိုင်သည်ဟု သူကရှင်းပြသည်။

"ဒီသင်္ဘောက ဝံပုလွေသင်္ဘောကွ"ဟု သူကပြောသည်။ စစ်အတွင်းက ကျွန်တော်တို့ ဖျက်သင်္ဘောသည် ဂျာမန် ရေငုပ်သင်္ဘော တစ်စင်းကို မြုပ်သွားအောင် ပစ်ခဲ့သည့်နေရာမှာ ဒီနေရာပဲလားဟု



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သတိရလာသည်။

"ဒီသင်္ဘောက စိတ်ချရတယ်" သူကပြော သည်။

သူ့စကားကြောင့် ကျွန်တော် စိတ်အေးလက် အေး ဖြစ်သွားသည်။ ကျွန်တော်အိပ်စင်ပေါ် လှဲနေမိ သော်လည်း သင်္ဘောကလှုပ်နေသောကြောင့် အိပ် မပျော်နိုင်။ သို့ရာတွင် သင်္ဘော၏ ဝဲဘက်အပိုင်းမှာ လေ တွေ ထန်နေသည်။ ထို့ကြောင့် ပြင်းထန်လှသော လေပြင်းတွေထဲမှာ ကယ်လ်ဒက်စ်သင်္ဘော ဘာများဖြစ် လာမလဲဟု စိတ်ကူးဖြင့် မှန်းဆကြည့်နေမိသည်။ ထို အချိန်မှာပဲ The Caine Munity ဇာတ်ကားကို ကျွန်တော် သတိရလာသည်။

သို့ရာတွင်ရာသီဥတုက တစ်နေ့လုံး အပြောင်း အလဲမရှိ။ ကျွန်တော်တို့ ခရီးကလည်း သာမန် အတိုင်း ပင် ဖြစ်နေသည်။ ကျွန်တော့် ကင်းတာဝန်ပြီး သောအခါ ကာတာဂျီနာကို ပြန်ရောက်လျှင် ဘာလုပ်ရမလဲ ဆိုတာကိုပဲ စဉ်းစားရင်း အလုပ်ရှုပ်နေမိသည်။ ပထမဆုံး မာရီ့ထံ စာရေးမည်။ ကျွန်တော်က စာရေးရမှာ မပျင်းသော ကြောင့် သူမထံ တစ်ပတ် စာနှစ်စောင် ခန့် ရေးဖြစ်သည် ထင်သည်။ ကျွန်တော် ရေတပ်ထဲ ဝင်စ အချိန်ကတည်းက ဘိုဂိုတာမြို့ရှိ ကျွန်တော့် မိသား စုနှင့် အိုလေယာ နီးစပ်ရာ နီးစပ်ကြောင်း မိတ်ဆွေ အပေါင်းအသင်းများထံ စာမှန်မှန် ရေးဖြစ်ခဲ့သည်။





ကျွန်တော်တို့ ကာတာဂျီနာကို ပြန် ရောက်လျှင် မာရီ့ထံ ကျွန်တော်စာရေးရမည်။ ကာတာ ဂျီနာကို ရောက်ဖို့ ဘယ်နနာရီ ကြာမလဲဆိုတာကို ကျွန်တော် အတိအကျ တွက်ချက်နေမိသည်။ နှစ်ဆယ့် လေးနာရီ။ ကျွန်တော် တာဝန်ကျစဉ်မှာ နောက်ဆုံးလုပ် ဖြစ်တာဆို၍ နာရီများ ကို တွက်ချက်နေမိခြင်းသာ ဖြစ် သည်။

ကျွန်တော် *အော်တေဂါ*ကို သူ့အိပ်စင်ဆီသို့ တွဲခေါ်သွားသောအခါ *ရေမွှန်ဟာရီယာ* ကပါ ဝင်ကူ သည်။ သူ့အခြေအနေက တော်တော်ဆိုးနေသည်။ မိုဘိုင်းမှ စထွက်လာပြီး သုံးရက်ကြာသည်အထိ သူအစာ လုံးဝ မစား။ စကားတောင် အနိုင်နိုင်ပြောနေရသည်။ သူ့ပုံစံက စိမ်းဖန့်ဖန့်နှင့် စိုးရိမ်ရမည့် အခြေအနေမှာ ရှိနေသည်။

## ကပွဲစတင်ပြီ

ကပွဲက ညဆယ်နာရီမှာ စသည်။ ကယ်လ်ဒက်စ်သည် တစ်နေ့လုံး ဟိုယိမ်းဒီယိမ်းဖြစ်နေသော်လည်း (၂၇)ရက် နေ့ ညပိုင်းမှာလောက် ဆိုးဆိုးဝါးဝါး ယိမ်းခါမနေခဲ့။ ကျွန်တော်အိပ်စင်ပေါ်မှာ နိုးလျက်လှဲနေရင်း တာဝန်ကျ နေသည့် အဖော်များအတွက် စိုးရိမ်နေမိသည်။ အိပ်စင် အသီးသီးမှာ အိပ်နေကြသူတွေလည်း အိပ်၍ပျော်နိုင်မှာ မဟုတ်ဟု ကျွန်တော်သိနေသည်။ သန်းခေါင်မတိုင်ခင် မှာ ကျွန်တော့်အောက်ရှိ အိပ်စင်မှ *လူးဝစ်ရင်ဂျို* ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမေး လိုက်သည်။

"ခင်ဗျား လှိုင်းမမူးသေးဘူးလားဗျ"

ကျွန်တော်ထင်သည့် အတိုင်းပင် သူလည်းပဲ အိပ်မပျော်နိုင်။ သဘော်က လူးလိုက်ဆောင့်လိုက် ဖြစ်နေသော်ငြားလည်း သူ၏ ဇဝနဉာဏ်ကို မဖျောက်။

"ငါပြောပြီးပြီလေကွာ။ ငါမူးတဲ့နေ့ဟာ ပင်လယ်ကြီး မူးတဲ့နေ့ပဲလို့"ဟု *ရင်ဂျိုဖို*ကပြောသည်။

ထိုစကားမှာ သူမကြာခဏပြောတတ်သည့် သူ၏ လက်သုံးစကားဖြစ်သည်။ သို့ရာတွင် ထိုနေ့ညက သူ၏စကားကို အဆုံးသတ်ဖို့ အခွင့်အရေး ရသည် ဆိုရုံလေးရသည်။

ကျွန်တော်နေရတာ မအီမသာကြီးဖြစ်နေသည်ဟု ပြောမိသည်။ ကျွန်တော်တစ်ခုခု ဖြစ်နေသည်ဟု ပြောမိသည့် စကားမှာ ကြောက်ရွံ့မှုနှင့် ဆက်စပ်နေသည်။ သို့ရာတွင် (၂၇)ရက်နေ့ ညသန်းခေါင်ကျော်သောအခါ ကျွန်တော်ခံစားနေရတာကို သံသယမဖြစ်တော့။ အသံချဲ့ စက်မှ အမိန့်ပေးသံ ပေါ်ထွက်လာလေပြီ။

"အားလုံး ဝဲဘက်မှာနေရာယူကြ"

ထိုအမိန့်က ဘာကို ဆိုလိုတာလဲဆိုတာ ကျွန်တော် သဘောပေါက်လိုက်သည်။ သဘော်က ယာဘက်သို့အန္တရာယ်ကြီးစွာ စောင်းနေသောကြောင့် သဘော်ကိုယ်ထည် တည့်သွားစေရန် ကျွန်တော်တို့ကိုယ်အလေးချိန်ဖြင့် ဖိထားပေးရမည် ဆိုသည့် သဘော။ သဘော်လိုက်သည့် နှစ်နှစ်တာကာလအတွင်းမှာ ပထမ ဦးဆုံးအကြိမ်အဖြစ် ပင်လယ်ကို အကြောက်ကြီး ကြောက်သွားမိသည်။ လေက ကုန်းပတ်ပေါ်မှာ တရှိုးရှိုး တိုက်ခတ် နေသည်။ ကုန်းပတ်ပေါ်မှ အဖွဲ့သားများ စိုရွှဲပြီး တဆတ်ဆတ် တုန်နေရှာရော့မည်။

အမိန့်ပေးသံ ကြားကြားချင်း ကျွန်တော် အိပ်စင်ပေါ်မှ ခုန်ဆင်းလိုက်ပါတော့သည်။ *လူးဝစ်ရင်ဂျိုဖို*သည် အလွန်တည်ငြိမ်စွာ ထလာပြီး လက်ဝဲဖက်ရှိ အိပ်စင်တွေရှိရာသို့ တက်သွားလေသည်။ သူ တက်သွားသည့် အိပ်စင်က တာဝန်ကျနေသည့် အဖွဲ့သား တစ်ယောက်၏ အိပ်စင်အလွတ်ဖြစ်သည်။ တခြား အိပ်စင်များကို ကိုင်လျက် လမ်းလျှောက်ဖို့ ကျွန်တော် ကြိုးစားနေ မိသော်လည်း ထိုအချိန်မှာ *မီဂွယ်အော်တေဂါ*ကို သတိရလိုက်သည်။

သူက မလှုပ်နိုင် မရှားနိုင်။ အမိန့်သံကြားသောအခါ သူထဖို့ ကြိုးစားသော်လည်း လှိုင်းမူးသည့်ဒဏ်နှင့် အားပြတ်သည့် ဒဏ်တို့ကြောင့် သူ့အိပ်စင်ပေါ် ပြန်လဲကျသွားရှာသည်။ ကျွန်တော်က သူထနိုင်အောင် ဖေးကူပြီး ဝဲဘက်ရှိ အိပ်စင်ဆီသို့ တွဲခေါ်ခဲ့သည်။ အတိုးညှင်းဆုံးသော အသံဖြင့် သူဖျားနေပြီဟု ကျွန်တော့်ကို ပြောရှာသည်။







www.burmeseclassic.com

www.burmeseclassic.com



"စီစဉ်ကြတာပေါ့ဗျာ။ ဒါမှ ခင်ဗျား ကင်းတာဝန် မယူရမှာ" ဟု ကျွန်တော်က ပြောလိုက်သည်။

ကျွန်တော့် အားပေးစကားမှာ အလွန်ဆိုးဝါးလှသော ဟာသတစ်ခုပမာ ဖြစ်နေသည်။ သို့ရာတွင် *မီဂွယ် အော်တေဂါ* သူ့အိပ်စင်ထဲမှာပဲ နေမည်ဆိုပါက သူ့အသက်ရှင်နေပေလိမ့်မည်။

(၂၈) ရက်နေ့ နံနက်လေးနာရီ အချိန်မှာ ကျွန်တော်တို့ အရေးပေါ်ခြောက်ယောက်သည် တစ်မိနစ်မျှပင် မအိပ်ရဘဲ သင်္ဘောပဲ့ပိုင်း၏ ကုန်းပတ်ပေါ်တွင် အစည်းအဝေးထိုင်ကြသည်။ တစ်ယောက်က တစ်ချိန်လုံး ကျွန်တော့်အနားမှာ အဖော်ဖြစ်နေသည့် *ရေမွှန်ဟာရီယာ*။ ကင်းတာဝန်မှူး *ဂွီလာမိုရှိုို*။ ထိုတာဝန်သည် သင်္ဘောပေါ်တွင် ကျွန်တော် နောက်ဆုံးထမ်းဆောင်ရသော တာဝန်ပင်ဖြစ်သည်။ နေ့လယ် နစ်နာရီဆိုလျှင် ကျွန်တော်တို့ ကာတာဂျီနာရောက်မည်ဟု ကျွန်တော် သိနေသည်။ ထို့ကြောင့် ကျွန်တော့် တာဝန်ပြီးလျှင် ပြီးချင်း အိပ်ပစ်လိုက်မည်ဟု စိတ်ကူးနေမိသည်။ သို့မှသာ ရှစ်လကြာခွဲနေခဲ့ရသည့် ကျွန်တော့် ဇာတိမြေပေါ်မှာ ပြန်လည်ခြေချပြီး ပျော်ပါးလို့ ရပေမည်။ ငါးနာရီခွဲတွင် သင်္ဘောသား အကူကောင်လေးတစ်ယောက်၏ အကူအညီဖြင့် ကုန်းပတ်အောက်ပိုင်းတွေကို ကျွန်တော် လှည့်လည်စစ်ဆေးသည်။ ခုနစ်နာရီတွင် အရေးပေါ်တာဝန် ထမ်းဆောင်နေသူတွေကို ကျွန်တော်တို့ အနား





ပေးလိုက်သည်။ သို့မှသာ သူတို့ မနက်စာ သွားစားနိုင်မည်။ ရှစ်နာရီတွင် ကျွန်တော်တို့နှင့် လူးစားလဲရန် သူတို့ပြန်လာပေလိမ့်မည်။ ထိုတာဝန်သည် ကျွန်တော်၏ နောက်ဆုံးကင်းစောင့် တာဝန်ပင်ဖြစ်တော့သည်။

လေက အားပြင်းသထက် ပြင်းလာပြီး လှိုင်းက ကြီးသည်ထက် ကြီးလာသော်လည်း မာလိန်မှူးစင်ပေါ်မှာ ရေလုံးကွဲသွားကာ သင်္ဘောကုန်းပတ်ကို ဖြန်းပက်ဆေးကြောသွားသည်။ ထူးထူးခြားခြားဟူ၍ ဘာမှ မဖြစ်ပေ။

*ရေမွှန်ဟာရီယာက* ပဲ့ပိုင်းမှာ။ *လူးဝစ်ရင်ဂျီဖို* ကလည်း အကာအကွယ်ပေးရန် ပဲ့ပိုင်းမှာပဲရှိနေသည်။ နားကြပ်ကို နေရာတကျ တပ်ထားသည်။ ကုန်းပတ်၏ အလယ်တွင်လှဲလျက် လှိုင်းမူးသည့်ဒဏ်ကို ခံနေရသူက *မီဂွယ်အောတေဂါ*။ သူလှဲနေသည့် နေရာက သင်္ဘော၏ အတည်ငြိမ်ဆုံးနေရာဖြစ်သည်။ ရိက္ခာထောက်ပို့က ဒုတိယအဆင့် သင်္ဘောသားကြီး *အက်ဒွါဒိုကက်စတီလို* နှင့် ကျွန်တော် စကားအနည်းငယ် ပြောဖြစ်သည်။ သူက သီးသန့်နေတတ်သူဖြစ်ပြီး ဘိုဂိုတာမှ လူပျိုကြီးဖြစ်သည်။ ကျွန်တော်တို့ မည်သည့် အကြောင်းတွေ ပြောခဲ့သည်ဆိုတာ ကျွန်တော် မမှတ်မိတော့ပါ။ ကျွန်တော်မှတ်မိသည်က နာရီအနည်းငယ်ကြာပြီးနောက် သူပင်လယ်ထဲ ထိုးစိုက်ကျသွားချိန်နောက်ပိုင်း သူနှင့် ကျွန်တော် ထပ်မတွေ့မိကြဘူးဆိုတာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



*ရေမွန်ဟာရီယာ*သည် သူ တရေးတမေးအိပ်စဉ် သူ့ကိုယ်ပေါ် လွှမ်းထားရန်အတွက် ကတ်ပုံးအခွံများ လိုက်စုနေသည်။ သင်္ဘောက လူးလိမ့်နေသည်မို့ အိပ်စင်များမှာအိပ်ဖို့ လုံးဝမဖြစ်နိုင်ပေ။ လှိုင်းများက ပို၍မြင့် လာသည်။ ပို၍အားပါလာသည်။ ကုန်းပတ်ပေါ် တဝေါဝေါ ဆေးချနေသည်။ ကျွန်တော်နှင့် *ရေမွန်ဟာရီယာ* သည် ရေခဲသေတ္တာများ ၊ အဝတ်လျှော်စက်များနှင့် မီးဖိုများကြားတွင် လှိုင်းပုတ်မည့်ဒဏ်မှ လွတ်အောင် အသေအချာ နေရာယူပြီး လှဲလိုက်ကြသည်။ ထိုပစ္စည်းများက ပဲ့ပိုင်းကုန်းပတ်ပေါ်မှာ သေသေချာချာ တင်ထားသည်မို့ စိတ်ချရသည်။ ကျွန်တော် ကောင်းကင်ကြီးကို ကြည့်လိုက်မိသည်။ ယခုလို အနေအထားမျိုးက စိတ်ချရသည်ဟု ကျွန်တော်ခံစားရသည်။ နောက်နာရီ အနည်းငယ်ဆိုလျှင် ကာတာဂျီနာပင်လယ်အော်သို့ ရောက်မှာသေချာသည်။ ထိုနေရာမှာ မုန်တိုင်းမရှိ။ တစ်နေ့လုံး ကြည်လင်သည်။ အားလုံးကို မြင်နေရသည်။ ကောင်းကင်ကလည်း ပြာလွင်နေသည်။ ယခုအချိန်မှာ ရာဘာဘွတ်ဖိနပ်ကို တာဝန်လဲစဉ်က လဲဝတ်ထားမိ၍ ကျွန်တော့် ခြေထောက်တွေ နာကျင်ခြင်း မရှိပေ။

## ဆိတ်ငြိမ်ခြင်း၏တစ်ခဏ

*လူးဝစ်ရင်ဂျီဖို*က ကျွန်တော့်ကို အချိန်မေးသည်။ အချိန်က ဆယ့်တစ်နာရီခွဲပြီ။ သင်္ဘောသည် အန္တရာယ်ကြီးစွာ





ယာဘက်သို့ တိမ်းစောင်း နေခဲ့သည်မှာ တစ်နာရီပင် ကြာသွားခဲ့ပြီ။ ပြီးခဲ့သည့်ညက အမိန့်ပေးသံသည်လည်း အသံချဲ့စက်ထဲတွင် ထပ်တလဲလဲညံနေသည်။

"အားလုံး ဝဲဘက်မှာနေရာယူကြပါ"

ကျွန်တော်နှင့် *ရေမွန်ဟာရီယာ*က မလှုပ်။ ကျွန်တော်တို့လှဲနေသည်မှာ သင်္ဘော၏ ဝဲဘက်မဟုတ်လား။

သင်္ဘော၏ ယာဘက်ပိုင်းမှာ မြင်ခဲ့ရသည့် *မီဂွယ်အော်တေဂါ*အကြောင်း စဉ်းစားနေမိသည်။ သို့ရာတွင် တစ်ချိန် တည်းလိုလိုမှာပင် သူဒယီးဒယိုင်နှင့် လျှောက်သွားတာ ကျွန်တော် တွေ့လိုက်ရသည်။ လှိုင်းမူးသည့်ဒဏ်ကို အပြင်းအထန် ခံစားရင်း ဝဲဘက်ကုန်းပတ်ပေါ်မှာ ကုန်းကုန်းကြီး ဖြစ်နေသည်။ ထိုအချိန်မှာပဲ သင်္ဘောကြီးက ကြောက်မက်ဖွယ်ကောင်းစွာ စောင်းကျသွားသည်။ *အော်တေဂါ*မရှိတော့။ ကျွန်တော် အသက်ရှူ ရပ်သွားသည်။ လှိုင်းလုံးကြီးတစ်ခုက ကျွန်တော်တို့အပေါ် ဝုန်းခနဲ ပြိုကွဲကျလာရာ နှစ်ယောက်သားမှာ ပင်လယ်ထဲက တက်လာသည့်ပမာ ရွှဲရွှဲစိုသွားသည်။ သင်္ဘောကြီးက နှေးကွေးစွာ ပြန်မတ်လာသည်။ *လူးဝစ် ရင်ဂျီဖို*သည် ဖြူဖတ်ဖြူရော် ဖြစ်နေ၏။ သူက ကြောက်ရွံ့ ခြင်းကြီးစွာဖြင့် ပြောသည်။

"ကံကောင်းလို့ကွာ။ သင်္ဘောနစ်သွားရင် ပြန်ပေါ်လာမှာ မဟုတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



*လူးဝစ်ရင်ဂျီဖိုဖို* ကြောက်လန့်တကြား ဖြစ်တာကို ကျွန်တော် ပထမဦးဆုံးအကြိမ်အဖြစ် မြင်ဖူးခြင်းဖြစ်သည်။ *ရေမွှန်ဟာရီယာ*သည် ကျွန်တော့်ဘေးတွင် တစ်ကိုယ်လုံး ရွှဲရွဲစိုလျက် အတွေးထဲမှာ နစ်မြုပ်ကာ ငြိမ်သက်လျက် ရှိနေသည်။ တစ်ခဏမျှ လုံးဝ ငြိမ်သက်သွား၏။ ပြီးမှ *ရေမွှန်ဟာရီယာ*က ပြောသည်။

"ကုန်တွေ ဖြုတ်ချဖို့ ကြိုးတွေဖြုတ်မိန့်ပေးမယ် ဆိုရင်တော့ ဖြုတ်တဲ့အထဲမှာ ကျုပ်ပထမဆုံးဖြစ်မှာပဲ"

အချိန်က ဆယ့်တစ်နာရီ ငါးဆယ်မိနစ်။ ကြိုးဖြတ်မိန့်ကို သူတို့က အချိန်မရွေး ပေးနိုင်သည်ဟု ကျွန်တော်လည်း စဉ်းစားမိသည်။ ထိုသို့ အမိန့်ပေးသည်ကို ကုန်းပတ်ဗိတ်လျှော့သည်ဟု ခေါ်သည်။ ထိုအမိန့်သာ ကျလာပါက ရေဒီယို၊ ရေခဲသေတ္တာ နှင့် မီးဖိုတွေအားလုံး ချက်ချင်း ပင်လယ်ထဲ လျှောဆင်းကြပေတော့မည်။

ကျွန်တော်တို့သည် ကုန်းပတ်ပေါ်မှာ ထိုပစ္စည်းများကို အကာအကွယ် ယူထားရသည်ဖြစ်၍ ထိုအမိန့်ကျလာပါက သင်္ဘော အိပ်စင်များရှိရာ အောက်ပိုင်းသို့သွားမည်ဟု စိတ်ကူးထားသည်။ ထိုပစ္စည်းများသာ ရှိမနေပါက ကျွန်တော်တို့ကို လှိုင်းတွေက လှည်းကျင်း သုတ်သင်သွားပေလိမ့်မည်။

သင်္ဘောက လှိုင်းများကို ကြဲ့ကြဲ့ခံဆဲ။ သို့ရာ





တွင် သင်္ဘောသည် ပို၍ပို၍သာ စောင်းလာသည်။ *ရေမွှန်ဟာရီယာ*က တာပလင်ပိတ်စလိပ်ကြီးကိုဖြေကာ သူ့ကိုယ်ပေါ်မှာ ခြုံထားသည်။ ယခင်လှိုင်းလုံးထက် ပိုကြီးသော လှိုင်းကြီးတစ်ခုက ကျွန်တော်တို့အပေါ်သို့ ပြိုကွဲကျလာသည်။ သို့ရာတွင် ယခုအချိန်မှာ ကျွန်တော်တို့သည် ရွက်ဖျင်စများဖြင့် အကာအကွယ်ယူပြီးသားဖြစ်နေပြီ။ လှိုင်းလုံးကြီးတစ်ခု ဖြတ်လာစဉ်မှာ ကျွန်တော့်လက်အစုံကို ခေါင်းပေါ်တင်ထားမိသည်။ မိနစ်ဝက်ခန့်ကြာသောအခါ အသံချဲ့စက်မှ အသံမြည်လာသည်။

ကုန်တွေ လျှော့ချပစ်ဖို့ အမိန့်ပေးမည်ဟု ကျွန်တော် ထင်လိုက်သည်။ သို့ရာတွင် ပေးသည့်အမိန့်မှာ အထင်နှင့် လားလားမျှ မသက်ဆိုင်။ အမိန့်ပေးသူက အေးဆေးတည်ငြိမ်ပြီး ယုံကြည်မှုအပြည့်ရှိသည့် အသံဖြင့် ပြောသည်။

"အားလုံး ကုန်းပတ်ပေါ်မှာနေရာယူ။ အသက်ကယ်ဝတ်စုံ ဝတ်ကြပါ"

*လူးဝစ်ရင်ဂျီဖို*သည် တည်ငြိမ်စွာပင် လက်တစ်ဖက်ကနားကြပ်၊ ကျန်လက်တစ်ဖက်က အသက်ကယ်ဝတ်စုံ ကိုင်ထားသည်။ အစတွင် ကျွန်တော့်ရင်အကြီး အကျယ်ဟာသွားသည်။ ထို့နောက် ဆိတ်ငြိမ်မှုကြီးတစ်ခုကို ခံစားလိုက်ရသည်။ ဤခံစားမှုတို့မှာ ရေမှလှိုင်းလုံးကြီးဒဏ် ခံပြီးသည့်အခါတွင် ဖြစ်ပေါ်လာသောခံစားမှုများပင် ဖြစ်သည်။ အသက်ကယ်ဝတ်စုံ ...ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် *လူးဝစ်ရင်ဂျီဖိုဗ်*ကို ကျွန်တော် ကြည့်လိုက်သော အခါ နားကြပ် ပြန်တပ်နေသည်ကို တွေ့လိုက်ရသည်။ ထို့နောက် ကျွန်တော် မျက်စေ့စုံမှိတ်လိုက်သည်။ ကျွန်တော့် နာရီသံ တစ်တောက်ကိုပင် ပြတ်ပြတ်သားသား ကြားနေရသည်။

ခန့်မှန်းခြေအားဖြင့် ဆိုရလျှင် နာရီသံ တစ်တောက်ကို နောက်ထပ် တစ်မိနစ်ခန့် ကျွန်တော် နားစွင့်နေမိသည်။ *ရေမှန်ဟာရီယာက*မူ မလှုပ်။ ဆယ့်နှစ်နာရီ ထိုးလုနီးပြီဟု ကျွန်တော်တွက်ချက်နေမိသည်။ ကာတာဂျီနာရောက်ရန် နှစ်နာရီသာ လိုတော့သည်။ ရုတ်တရက် သင်္ဘောကြီး လေထဲမှာ တွဲလွဲခိုသွားသည်ဟု ထင်လိုက်သည်။ ကျွန်တော့် လက်ကိုမြှောက်၍ နာရီကို ကြည့်လိုက်မိသည်။ သို့ရာတွင် ထိုအချိန်၌ ကျွန်တော့်လက်ကို မမြင်ရသလို နာရီကိုပါ မမြင်ရတော့။ လှိုင်းကိုလည်း မမြင်။ သင်္ဘောတစ်စင်းလုံး လုံးဝ မြှောက်တက်သွားသည်ကို သိလိုက်သည်။ အကာ အကွယ်ယူထားသော ပစ္စည်းများသည်လည်း လျှောဆင်းကုန်ကြလေပြီ။ ကျွန်တော် မတ်တတ်ရပ်လိုက်သောအခါ တစ်စက္ကန့်ထက် တိုတောင်းလှသော အချိန်အတွင်းမှာ ရေတွေ ကျွန်တော့် လည်ပင်းအထိ ရောက်လာသည်။ *လူးဝစ်ရင်ဂျီဖိုဗ်*သည် မျက်လုံးကျွတ်ထွက်မတတ် ပြူးလျက် ပြာနှမ်း ငြိမ်သက်သွားကာ သူ့နားကြပ်ကို ခေါင်းပေါ် မြှောက်ကိုင်ထားပြီး ကိုယ်ဖော့ဖို့ ကြိုးစား





နေတာကို ကျွန်တော် မြင်လိုက်ရလေသည်။ ထို့နောက် ကျွန်တော့်တစ်ကိုယ်လုံး ရေတွေလွှမ်းလာ၍ ရေမျက်နှာပြင်ပေါ် ရောက်ရန် ကျွန်တော် ကူးခတ်လိုက်သည်။ တစ်စက္ကန့်၊ နှစ်စက္ကန့်၊ သုံးစက္ကန့် ကျွန်တော် အပေါ်သို့ ကူးခတ်လိုက်သည်။ ရေမျက်နှာပြင်ပေါ် ရောက်ရန် ကြိုးစားကူးခတ်နေရသည်။ ကျွန်တော့်အတွက် လေ လိုအပ်လာပြီ။ အသက်ရှူကျပ်ကာ မွန်းလာသည်။ ပစ္စည်းတွေကို ဖမ်းဆွဲရန် ကြိုးစားကြည့်သော်လည်း ကျွန်တော့် အနီးအပါးမှာ ဘာမှမရှိတော့။ ကျွန်တော် ရေမျက်နှာပြင်ပေါ်သို့ ရောက်သွားသောအခါ ပင်လယ်ထဲရှိ မည်သည့်အရာကိုမှ သဲသဲကွဲကွဲ မခွဲခြားနိုင်အောင် ဖြစ်နေသည်။

ခဏကြာသောအခါ လှိုင်းလုံးတွေကြားထဲမှာ သင်္ဘောကြီး ပေါ်လာသည်။ သင်္ဘော ပတ်ပတ်လည်မှ ရေများ တဖွားဖွား ပန်းကျနေပုံမှာ ရေငုတ်သင်္ဘော တစ်စင်းနှင့်ပင် တူနေသေးတော့သည်။ ဒီတော့မှ ကျွန်တော် သင်္ဘောပေါ်မှ ပြုတ်ကျခဲ့ပြီဆိုတာ နားလည်လိုက်ရသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၃
## ကျွန်တော့်အဖော်သုံးယောက် ရေနစ်သွားသည်ကို ကြည့်နေရခြင်း

ကျွန်တော့်စိတ်ထဲတွင် ပထမဆုံး စွဲနေသည်က သမုဒ္ဒရာကြီးအလယ်မှာ တစ်ယောက်တည်း ဖြစ်နေသည်ဟူသောအချက်ပင်။ ရေထဲမှာ ကိုယ်ဖော့ဖို့ ကြိုးစားရင်း ဖျက်သင်္ဘောကို နောက်ထပ် လှိုင်းလုံးများ တဝုန်းဝုန်း ရိုက်ခတ်နေသည်ကို ကျွန်တော် ကြည့်နေမိသည်။ ယခု. . . သင်္ဘောသည် ကျွန်တော်နှင့် မီတာနှစ်ရာခန့် ဝေးသွားပြီး ရေနက်ထဲ ထိုးဆင်းကျသွားကာ မြင်ကွင်းမှ ပျောက်သွားလေတော့သည်။ သင်္ဘော ရေအောက်ထဲ မြုပ်သွားပြီဟု ကျွန်တော်ထင်သည်။ ထို့နောက်ခဏကြာသောအခါ ကျွန်တော့်အထင် သေချာသွားအောင်





သက်သေပြလိုက်သည့်အလား သင်္ဘောပေါ် တင်ထားသော ကုန်ပစ္စည်းများသည် တစ်ခုပြီးတစ်ခု ရေပေါ် ပေါလောပေါ်လာလေတော့သည်။ ရေဒီယိုများ၊ အဝတ်အစားများနှင့် ရေခဲသေတ္တာများကို ကိုင်ပြီး ကျွန်တော် ရေပေါ်အလိုက်သင့် မျောနေမိသည်။ လှိုင်းဒဏ်ကြောင့် သေတ္တာများထဲမှ ကန်ထွက်လာသော ပစ္စည်းပေါင်းစုံမှာ ရေပေါ်မှာ မျောချင်တိုင်း မျောနေလေသည်။ ဘာတွေဖြစ် သွားခဲ့သလဲ ဆိုတာကို ကျွန်တော် စဉ်းစားမရ။ ကျွန်တော်သည် အနည်းငယ် အံ့အားသင့်၍ မြုပ်ချည်ပေါ်ချည် ဖြစ်နေသော ပျဉ်ချပ်များထဲမှ တစ်ချပ်ကို ကိုင်ထားကာ ပင်လယ်ကြီးအကြောင်း မိုက်မိုက်မဲမဲ စဉ်းစားနေမိသည်။ ဒီနေ့သည် တကယ့်ကို ကြည်လင်သော နေ့တစ်နေ့ဖြစ်သည်။ လေကြောင့် လှိုင်းကြက်ခွပ်ကလေးများ ပြေလွှားနေသည်မှအပ (ရေမျက်နှာပြင်ပေါ်မှာ ကုန်ပစ္စည်းများ ဟိုတစ်စသည်တစ်စ ပြန့်ကြဲနေသည်မှအပ) သင်္ဘောနစ်သည့်လက္ခဏာ တစ်စွန်းတစ်စမှ မတွေ့ရပေ။

သိပ်မကြာခင်မှာ အနီးအပါးဆီမှ အော်သံတွေကြားရသည်။ တရှိုးရှိုးတိုက်ခတ်နေသည့် လေသံများကြားမှပင် ထိုအသံသည် ဝရမ်းအရာရှိကြီး *ဂျူလီယိုအမ်မာဒါကာရာဘော်လို* (အရပ်ရှည်ရှည်၊ တောင့်တောင့်တင်းတင်းပုဂ္ဂိုလ်) ၏အသံပဲဆိုတာကို ကျွန်တော် မှတ်မိလိုက်သည်။ သူသည် တစ်စုံတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းအော်နေသည်။

"အသက်ကယ်ဖောင်ကို အောက်ကနေ ကိုင်ထားဟေ့"

ထိုခဏမှာ အိပ်မောကျ နေရာမှ နိုးလာသလို ခံစားရသည်။ ပင်လယ်ထဲမှာ ကျွန်တော် တစ်ယောက်တည်း မဟုတ်ပါလားဆိုသည့် အသိသည် လင်းခနဲ ဖြစ်သွား၏။ ကျွန်တော်နှင့် မီတာအနည်းငယ်ခန့် အကွာ၌ ကျွန်တော့် အဖော်များသည် ကိုယ်ဖော့ဖို့ ကြိုးစားရင်း တစ်ယောက်ကို တစ်ယောက် အော်ဟစ်နေကြလေသည်။ ကျွန်တော် ကသုတ်ကရက် စဉ်းစားရတော့သည်။ ဦးတည်ရာသို့ ကူးမသွားနိုင်ပါ။ ကျွန်တော်တို့သည် ကာတာဂျီနာနှင့် မိုင်ငါးဆယ်ခန့် အကွာမှာ ရှိနေသည်ဆိုတာကို သဘောပေါက်သည်။ သို့ရာတွင် ကျွန်တော် ကြောက်စိတ် မဝင်မိသေး။ အကူအညီ ရောက်လာသည်အထိ ပျဉ်ချပ်ကို ကိုယ်နှင့်မကွာ ဆုပ်ကိုင်ထားနိုင်ပါ့မလားဟုလည်း စဉ်းစားမိသည်။ ကျွန်တော့် အနီးအပါးရှိ အဖော်များသည်လည်း သူ့ဒုက္ခနှင့်သူ အကျပ်ရိုက်နေသည် ဆိုတာကို သိလိုက်ရသည်။ ထိုစဉ်မှာ အသက်ကယ်ဖောင်ကို ကျွန်တော် မြင်လိုက်ရသည်။

ခုနစ်မီတာခန့်အကွာတွင် အသက်ကယ်ဖောင် နှစ်ခု ရှိနေသည်။ လှိုင်းတစ်ချက် အပုတ်တွင် ထိုအသက်ကယ် ဖောင်များသည် ကျွန်တော့် အဖော်များ





အော်ဟစ်နေကြသည့် အနီးတစ်ဝိုက်မှာ ဘွားကနဲ ပေါ်လာခြင်း ဖြစ်သည်။ သူတို့သည် ထိုအသက်ကယ်ဖောင်များ ရှိရာသို့ မရောက်နိုင် ဖြစ်နေသောကြောင့် ဖောင်များမှာ အပိုလိုလို ဖြစ်နေသည်။ တစ်ခဏအတွင်းမှာ အသက်ကယ်ဖောင်တစ်ခု မြင်ကွင်းမှ ပျောက်သွားသည်။ ကျန်ရှိနေသည့် အသက်ကယ်ဖောင်ဆီ စွန့်စားပြီး ကူးခတ်သွားရမလား ပျဉ်ပြားကိုပဲ ကုတ်ကတ်ဖက်တွယ် နေရမလားဆိုတာ ကျွန်တော် ဆုံးဖြတ်ရခက်နေသည်။ စဉ်းစားရမည့်အချိန် မှာ မြင်နေရသေးသည့် အသက်ကယ်ဖောင်ဆီသို့ ကျွန်တော် ကူးခတ်သွားနေမိပြီ။ ဖောင်သည် ကျွန်တော်နှင့် ဝေးရာသို့ ရွေ့နေလေသည်။ ကျွန်တော် သုံးမိနစ်ခန့် ကူးခတ်နေမိသည်။ တစ်ခဏအတွင်းမှာပင် ဖောင်သည် မြင်ကွင်းမှ ပျောက်သွား၏။သို့ရာတွင် ကျွန်တော့် ခံနိုင်ရည် လျော့ကျမသွားအောင် သတိထားနေရသည်။ လှိုင်းလုံးတစ်ခုက အသက်ကယ်ဖောင်ကို ဝုန်းခနဲ ကျွန်တော့် ဘေးနားသို့ ကျလာအောင် ရိုက်တင်ပေးလိုက် ၏။ ဆိုင်းကြိုးများကို မရမက ဆုပ်ကိုင်ပြီး ကျွန်တော် ဖောင်ပေါ်သို့ ခုန်တက်လိုက်သည်။ အသက် ကယ်ဖောင်က ကြီးသည်။ အရောင်က အဖြူ။ အထဲမှာ ဘာမှမရှိ။ ဖောင်ပေါ်သို့ ရောက်ရန် တတိယအကြိမ်မြောက် ကျွန်တော် ကြိုးစားရသည်။ ဖောင်ပေါ်သို့ ရောက်သောအခါ ကျွန်တော် မောနေသည်။ လေကြာပွတ်၏ တရွှမ်းရွှမ်းရိုက်ခတ်



www.burmeseclassic.com

www.burmeseclassic.com



နေမှုတို့ကြောင့် မလှုပ် နိုင်အောင် အေးခဲလာသည်။ ထိုင်ဖို့ပင် အခက်တွေ့နေရ၏။ ထို့နောက် ကျွန်တော့် အဖော် သုံးယောက် ဖောင်ဆီသို့ ရောက်ရန် ကြိုးစားနေကြသည်ကို မြင်လိုက်ရသည်။

ကျွန်တော် သူတို့ကို ချက်ချင်းမှတ်မိသည်။ ရိက္ခာထောက်ပို့ ဒုတိယအဆင့် သင်္ဘောသား *အက်ဒ်ါဒ်ါကတ်စတီလို*။ သူသည် *ဂျူလီယိုအမ်မာဒါကာရာ ဘော်လို*၏ လည်ကုပ်ကို အမိအရဆွဲထားသည်။ *ကာရာ ဘော်လို*သည် သင်္ဘောစောင်းစဉ်က တာဝန်ကျနေသူဖြစ်သည်။ သူက အသက်ကယ်ဝတ်စုံကို ဝတ်ထားသည်။

"မြဲမြဲကိုင်ထား *ကက်စတီလို*"ဟု အော်သည်။ သူတို့သည်ပြန့်ကြဲနေသော ကုန်ပစ္စည်းများ အလယ်တွင် မျောနေကြသည်။ ကျွန်တော်နှင့်ဆိုလျှင် ဆယ်မီတာခန့် ဝေးသည်။

တစ်ဖက်မှာက *လူးဝစ်ရင်ဂျီဖို*။ မိနစ်ပိုင်းလေးကမှ ကျွန်တော်သူ့ကို သင်္ဘောပေါ်မှာ တွေ့ခဲ့သေးသည်။ အခုတော့ သူ၏ ညာဘက်လက်ထဲမှာ နားကြပ်ကို မြှောက်ကိုင်ထားကာ ရေပေါ်မှာပေါ်အောင် ကြိုးစားနေ သည်။သူ၏ အမြဲတမ်း တည်ငြိမ်တတ်သည့် အကျင့်နှင့် သင်္ဘောသားကောင်းတို့၏ မိမိကိုယ်မိမိ ယုံကြည်မှုတို့ ကြောင့် သူမူးလျှင် ပင်လယ်လည်း မူးစေရမည်ဟု ကြွားမည်ဆိုလျှင်လည်း ကြွားထိုက်ပါပေ၏။ သူ့ ရုပ်





အင်္ကျီမှာ စုတ်ဖြဲထား၍ လွှပ်လွှပ်လပ်လပ် ရေကူးနိုင်သည်။ သို့ရာတွင် သူ့မှာ အသက်ကယ်ဝတ်စုံ မရှိတော့ပေ။ ကျွန်တော် သူ့ကို မမြင်ရသော်လည်း သူ့အသံကို မှတ်မိနေသည်။

"*ဖက်စတို* ဒီနေရာကို လှော်ခဲ့ဟေ့"

ကျွန်တော် လှော်တက်ကို ကပျာကယာ လှမ်းကိုင်ပြီး အဖော်များရှိရာသို့ လှော်ခဲ့သည်။ *ဂျူလီယို အမ်မာဒါ* နှင့် *အက်ဒ်ါဒ်ါကက်စတီလို* တို့နှစ်ယောက် အသက်ကယ်ဖောင်နား ရောက်နေကြပြီ။ ဟိုးခပ်ဝေးဝေး မှာ ခပ်သေးသေးနှင့် စိတ်ပျက် အားငယ်ဖွယ်ရာ မြင်နေရ သူက ကျွန်တော်၏စတုတ္ထမြောက်အဖော် *ရေမွန်ဟာရီယာ*ပင် ဖြစ်လေသည်။ သူသည် ပျဉ်ပြားတစ်ချပ် ကိုကိုင်ထားလျက် ကျွန်တော့်ကို လက်ဇော့ယမ်းပြနေလေသည်။

## သုံးမီတာသာလိုတော့သည်

ကျွန်တော် ဆုံးဖြတ်ချက်ချမည် ကြံသောအခါ ဘယ်သူ့ဆီ အရင်သွားရမှန်းမသိ ဖြစ်သွားသည်။ သို့ရာတွင် *ရေမွန်ဟာရီယာ* (မိဘိုင်းမှာလည်း ပျော်ပျော်နေတတ်သူ။ မကြာသေးခင်ကမှ ကျွန်တော်နှင့်အတူ ပွဲပိုင်းမှာ အတူတူ ရှိနေခဲ့သော အာယိုနာမှ လူပျော်၊ လူငယ် တစ်ယောက်)ကို မြင်လိုက်ရသောအခါ ကျွန်တော်သူ့ ထံသို့ အားသွန် ခွန်စိုက် လှော်ခတ်ခဲ့သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



အသက်ကယ်ဖောင်က နှစ်မီတာခန့်ရှည်သည်။ ဖောင်မှာ လှုပ်ခါနေသော ပင်လယ်ပြင်ထဲမှာမို့ အလေးကြီးလေးနေသည့်အပြင် ကျွန်တော် လှော်နေတာကလည်း လေဆန်ဘက်ကြီး ဖြစ်နေသည်။ ရှေ့သို့ တစ်မီတာတိုးအောင် လှော်နိုင်မည်ဟု ကျွန်တော်မထင်။ စိတ်ပျက်ပျက်နှင့် နောက်တစ်ကျော့ ပြန်ကြည့်လိုက်ရာ *ရေမွန်ဟာရီယာ* ပျောက်ကွယ်သွား သည်ကို တွေ့လိုက်ရသည်။ *လူးဝစ်ရင်ဂျီဖို* တစ်ယောက်သာ ယုံကြည်ချက်အပြည့်နှင့် အသက်ကယ်ဖောင်ဆီ ကူးခတ်လာတာ တွေ့ရသည်။ သူရောက်အောင် ကူးလာနိုင်လိမ့်မည်ဟု ကျွန်တော် အသေအချာသိသည်။ သူ ကျွန်တော့်အိပ်စင်အောက်မှာ တခေါခေါဟောက်နေခဲ့တာ ကျွန်တော်ကြားဖူးခဲ့ပြီးပြီ။ သူ၏ ငြိမ်းချမ်းမှုက ပင်လယ်ပြင်ထက်ပင် အားကြီးလှသည်ဆိုတာကို ကျွန်တော်သိသည်။

တစ်ဖက်ကို ကြည့်ပြန်တော့လည်း *ဂျူလီယိုအမ်မာဒါ*သည် *အက်ဒွါဒိုကက်စတီလို*နှင့် အတူ ရုန်းကန်လျက် ရှိနေသည်။ *ကက်စတီလို*ကလည်း *ဂျူလီ ယို*၏ လည်ကုပ်ကို ဖမ်းဆွဲထားတာ မလွှတ်ရဲသေး။ သူတို့နှစ်ယောက်နှင့် ကျွန်တော် သုံးမီတာ လျော့လျော့သာ ဝေးတော့သည်။ သူတို့ ဒီထက်ပို၍ နီးလာပါက သူတို့ ဖမ်းဆွဲထားနိုင်ရန် ကျွန်တော် လှော်တက်တစ်ချောင်း ထိုးပေးလိုက်မည်ဟု စိတ်ကူးထားပြီးသား။ ထိုစဉ်မှာပဲ ရောမ လှိုင်းလုံးကြီးက အသက်ကယ်ဖောင်ကို ပင့်





မြှောက်လိုက်သည်။ လှိုင်းခေါင်းထိပ်ဖျားမှကြည့်ရာ ကျွန်တော့် အပါးမှ အဝေးရောက်သွားသည့် ဖျက်သဘော်၏ရွက်တိုင်ကို ကျွန်တော် လှမ်းမြင်လိုက်ရသည်။ ကျွန်တော် မြောက်ကတ်သွားပြီး ပြန်ကျလာသောအခါ *ဂျူလီယို*နှင့် *ကက်စတီလို*တို့ နှစ်ယောက်သား ပျောက်သွားရှာလေပြီ။ နှစ်မီတာခန့်အကွာမှာ ကျွန်တော့်ထံ အေးအေးဆေးဆေးဖြင့် တစ်ယောက်တည်း ကူးခတ်လာနေသူက *လူးဝစ်ရင် ဂျီဖို*။

ကျွန်တော် အဘယ့်ကြောင့် ထိုအလုပ်ကို လုပ်မိမှန်းမသိ။ ကျွန်တော့် အသက်ကယ်ဖောင် ရှေ့ဆက်တိုး၍ မရဘူးဆိုတာ ကျွန်တော်သိသည်။ အသက်ဖောင် ရွှေ့မသွားဘဲ တစ်နေရာတည်းမှာ ရှိနေစေရန် ကာကွယ်သည့်အနေဖြင့် ကျွန်တော် လှော်တက်ကို ရေထဲမှာပဲ ထားသည်။ *လူးဝစ်ရင်ဂျီဖို*က မောပန်းကာ လက်ပန်းကျပြီး ခဏနားနေသည်။ ထို့နောက် သူ့နားကြပ်ရှိစဉ်က လက်နှင့်ကိုင်ပြီး လေထဲမှာ မြှောက်ထားသလိုမျိုး ကျွန်တော်ကို လက်မြှောက်ပြသည်။ သူနောက်တစ်ခါ ထပ်အော်သည်။

" *ဖက်စတို* . . . ။ ဒီနေရာကို လှော်ခဲ့ဟေ့ "

လေက သူရှိရာအရပ်မှ တိုက်ခတ်နေသည်။ ကျွန်တော်က လေဆန်ကို မလှော်နိုင်သောကြောင့် သူ ကူးလာခဲ့ဖို့သာ ကြိုးစားပါဟု အသံကုန်အော်ပြောသော်လည်း သူက ကျွန်တော်ပြောနေသည်ကို ကြားဟန်မတူ။



www.burmeseclassic.com

www.burmeseclassic.com



ရေပေါ်ပေါ်နေခဲ့သော ကုန်သေတ္တာများ လှိုင်းဒဏ်ကြောင့် ပျက်စီးကွယ်ပျောက်သွားပြီး အသက်ကယ်ဖောင်သည် ဟိုယိမ်းဒီယိမ်းနှင့် ကပွဲဆင်နေသည်။ တစ်ခဏချင်းပင် ကျွန်တော်သည် *လူးဝစ်ရင်ဂျီဖိုနှင့်* ငါးမီတာခန့်မျှ ကွာသွားပြီး သူပါ မြင်ကွင်းထဲမှ ပျောက်သွားသည်။ သို့ရာတွင် သူတခြား တစ်နေရာမှ ပြန်ပေါ်လာသည်။ ထိတ်လန့်နေသည့် အမူအရာ သူ့မှာ မရှိသေး။ လှိုင်းများ သူ့ကို သယ်မသွားနိုင်ရန် သူရေငုပ်နေခဲ့ခြင်းဖြစ်မည်။ သူမီနိုင်မလားဆိုသည့် မျှော်လင့်ချက်ဖြင့် ကျွန်တော် မတ်တတ်ရပ်ပြီး လှော်တက်ကို ကမ်းပေးထားသည်။ သို့ရာတွင် သူမောပြီး လက်ပန်းကျနေပြီဆိုတာကို နောက်မှ ကျွန်တော် သိလိုက်ရသည်။ ရေထဲမြုပ်နေရင်း သူ ကျွန်တော့်ကို ထပ်ခေါ်သည်။

"*ဖက်စတို . . . ဖက်စတို*"

ကျွန်တော် လှော်ခတ်သွားရန် ကြိုးစားလိုက်သည်။ သို့သော်. . . ဒီတစ်ကြိမ်မှာလည်း ပထမအကြိမ်ကလိုပင် မျှော်လင့်စရာလားလားမျှ မရှိ။ ကျွန်တော် နောက်ဆုံးအကြိမ် ကြိုးစားလိုက်သေးသည်။ သို့မှသာ သူ လှော်တက်ကို ဖမ်းဆွဲထားနိုင်မည် မဟုတ်လား။ သို့သော် ရေစိုမည်စိုး၍ နားကြပ်ကို အမြဲ ချိတ်ကိုင်ထားတတ်သည့် သူ၏ လက်သည် လှော်တက်နှင့် နှစ်မီတာခန့် အကွာတွင် အပြီးတိုင် နစ်မြုပ်သွားခဲ့လေပြီ။

လှော်တက်ကိုကိုင်၍ အသက်ကယ်ဖောင်ထဲ





မှာ ဟန်ချက်ညီအောင် ထိန်းရင်း ဘယ်လောက်ကြာကြာနေခဲ့မိသလဲ ဆိုတာကိုပင် ကျွန်တော်မသိတော့။ တစ်ယောက်တလေများ ပေါ်လာလေမလားအထင်ဖြင့် ကျွန်တော်ရေပြင်တစ်လျှောက် လိုက်ရှာကြည့်နေမိသည်။ သို့သော် ပင်လယ်က ကြည်လင်လာပြီး လေကပိုထန်လာသည်။ ကျွန်တော့် ရှပ်အင်္ကျီကိုတိုးသောလေသံမှာ ခွေးအူသံအလား ထင်ရသည်။ ကုန်စည်များကွယ်ပျောက်သွားပြီ။

သဘော်ရှက်တိုင်မှာ ပို၍ ထင်ထင်ရှားရှားဖြစ်လာ၍ ကျွန်တော် အစကထင်သလို သဘော်မြုပ်သွား ပြီဆိုတာကို မဟုတ်ကြောင်း သက်သေပြသလိုဖြစ်နေသည်။ ကျွန်တော့် စိတ်ငြိမ်သွားသည်။ ခဏနေလျှင် သူတို့ ကျွန်တော့်ကို လိုက်ရှာကြမှာပဲဟု ကျွန်တော်စဉ်းစားနေမိသည်။ ကျွန်တော့် အဖော်တစ်ယောက်ယောက်လည်း တခြား အသက်ကယ် ဖောင်ပေါ်ရောက်အောင် တက်နိုင်မှာပဲဟု စဉ်းစားမိသည်။

သူတို့ အသက်ကယ်ဖောင်ပေါ် မရောက်စရာအကြောင်းမရှိပေ။ အသက်ကယ်ဖောင်များက ထောက်ပံ့ပေးထားသည် မဟုတ်။ အမှန်ဆိုရလျှင် ဖျက်သဘော်၏ အသက်ကယ်ဖောင်များမှာ အားလုံးပြည့်စုံတာတစ်ခုမှ မရှိ။ လှော်လှေများနှင့် လှေကြီးများမပါဘဲ အသက်ကယ် ဖောင် ခြောက်ခုရှိသည်။ ကျွန်တော် အသက်ကယ်ဖောင်ပေါ် ရောက်သကဲ့သို့ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အဖော် တစ်ယောက် ယောက်လည်း တခြားအသက်ကယ်ဖောင်ပေါ် ရောက်ရှိနေမည်ဟု ကျွန်တော်ယုံကြည်နေမိခြင်းမှာ ယုတ္တိတန်သည်။ သင်္ဘောက ကျွန်တော်တို့ကို လိုက်ရှာနေတာ လည်း ဖြစ်နိုင်သည်။

တော်တော်ကြာမှ နေမင်းကို ကျွန်တော်သတိပြုမိသည်။ မွန်းတည့်နေဖြစ်၍ ပူပြီး အရောင်တလက်လက် ထနေသည်။ စိုးရိမ်မှု လုံးလုံးလျားလျား မပြေသေးပဲ စိတ်ရှုပ်ရှုပ်နှင့် ကျွန်တော်နာရီကို ကြည့်လိုက်သည်။ လက်တံတွေက မွန်းတည့်ချိန်တိတိမှာ။

## တစ်ကိုယ်တည်း

သင်္ဘောပေါ်မှာ နောက်ဆုံး *လူးဝစ်ရင်ဂျီဖို* ကျွန်တော့်ကို မေးခဲ့သည့်အချိန်က ဆယ့်တစ်နာရီခွဲတိတိ။ ကျွန်တော်နာရီကို တစ်ချက်ပြန်စစ်ဆေး ကြည့်လိုက်သောအခါ ဆယ့်တစ်နာရီငါးဆယ်မိနစ်အထိ သင်္ဘောပျက်ကိန်း မဆိုက်သေး။ ကျွန်တော် အသက်ကယ်ဖောင်ပေါ်မှ နာရီ ကြည့်မိသောအခါ ဆယ့်နှစ်နာရီတိတိ။ သင်္ဘောပျက် ကိန်းဆိုက်ဖို့အတွက် အချိန်က ဆယ်မိနစ်သာ ကြာလေသည်။ ကျွန်တော့်အဖို့မှာတော့ အသက်ကယ်ဖောင်ပေါ်တက်ရ၊ အဖော်တွေကို ကယ်ဖို့ ကြိုးစားခဲ့ရ၊ အသက် ကယ်ဖောင်ပေါ်မှ မလှုပ်မယှက်ရပ်ပြီး လူသူမရှိ ပင်လယ် ကြီးမှာ ရှာရနှင့် လေ၏ စူးစူးရှရှ အူသံကိုပါ နားစွင့်ခဲ့ရလေသည်။ သူတို့ ကျွန်တော့်ကိုကယ်ရန်





အနည်းဆုံး နှစ်နာရီ၊ သုံးနာရီခန့် အချိန်ယူရမည်ဟု ကျွန်တော် ထင်သည်။

နှစ်နာရီ . . . သို့မဟုတ် . . . ကျွန်တော်တွက်ချက်နေမိသည်။ ပင်လယ်ထဲတွင် တစ်ယောက်တည်း နေရသည်မှာ အချိန်တွေ အဆမတန်ကြာမြင့်လွန်းလှသည်ဟုပင် ထင်ရသည်။ သို့ရာတွင် ဘယ်လောက်ပဲကြာကြာ ကျွန်တော်သည်းခံနေရမည်သာ။ ကျွန်တော့်မှာ ရေမရှိ၊ စားစရာမရှိ။ နေ့လယ်သုံးနာရီလောက်ဆိုလျှင် အာခေါင်ကွဲမတတ် ရေငတ်မှာကသေချာသည်။ ဆားရေကြောင့် ခြောက်ကပ်ပြီး မာခဲနေသည့် ကျွန်တော့်ခေါင်းနှင့် တစ်ကိုယ်လုံးကို ရှင်နေမင်းက တငွေ့ငွေ့ အပူမြှိုက်နေသည်။ ကျွန်တော့် ဦးထုပ်က မရှိတော့ပြီမို့ ခေါင်းကိုသာ ရေဆွတ်နေရသည်။ ကယ်တင်ရှင်ကို စောင့်မျှော်ရန်အတွက် အသက်ကယ်ဖောင်၏ ဘေးပိုင်းမှာပဲ ကျွန်တော်ထိုင်သည်။

ဒီတော့မှ ကျွန်တော့်ညာဘက် ဒူးခေါင်းနာနေတာကို ကျွန်တော်သိလိုက်ရသည်။ ထူထဲသော ကျွန်တော်၏ ဘောင်းဘီသည် ရေစိုနေ၍ ခက်ခက်ခဲခဲပင် လိပ်တင်ရသည်။ သို့သော် ဘောင်းဘီ လိပ်ပြီးသွားသည့်အခါ ကျွန်တော်လန့်သွားသည်။ ကျွန်တော့်ဒူးအောက်ပိုင်းမှာ လခြမ်းသဏ္ဍာန် ဖောက်နက်နက်ဒဏ်ရာတစ်ခုကို တွေ့လိုက်၏။

ထိုဒဏ်ရာသည် သင်္ဘောဘေးစောင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်မိ၍ ရတာလား၊ ကျွန်တော် ရေနှင့်ထိသည့်အချိန်မှာ ရတာလားဆိုတာကို ကျွန်တော်မသိ။ အသက်ကယ် ဖောင်ပေါ်တွင် ထိုင်မိခဲ့သည့်အချိန်အထိ ဖြစ်ပျက်ခဲ့သမျှ တို့ကို ကျွန်တော်သတိမမူခဲ့။ ဒဏ်ရာက နည်းနည်းစပ် သည်။ သွေးတိတ်ပြီး လုံးဝခြောက်သွေ့နေ၏။ ဆားငန် ရေကြောင့် ဖြစ်မည်ဟု ကျွန်တော်ထင်သည်။

ဘာလုပ်လို့ ဘာကိုင်ရမလဲဆိုတာ မသေမချာ ဖြစ်နေသည်။ ကျွန်တော်ပိုင်သည့် ပစ္စည်းစာရင်းတွေ တွက်ကြည့်မည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။ ပင်လယ်ထဲတွင် အထီးကျန်နေရသည့်အခါ ကျွန်တော် ဘာများ အာရုံစိုက်နိုင်မလဲဆိုတာ ပုံဖော်ကြည့်ချင်နေမိ သည်။ ပထမဆုံးတစ်ချက်က အချိန်တိကျသည့် ကျွန်တော့် နာရီကို အားကိုး၍ ရသည်။ ထိုနာရီကို နှစ်မိနစ်တစ်ခါ သုံးမိနစ်တစ်ခါ မကြည့်မိပဲကို နေလို့မရ။ နာရီအပြင် ယခင်နှစ်က ကာတာဂျီနာမှ ဝယ်ခဲ့သော ရွှေလက်စွပ် တစ်ကွင်း၊ ကာတာဂျီနာက သင်္ဘောသား တစ်ယောက်ထံမှ သုံးဆယ်ငါးပီဆိုဖြင့် ဝယ်ထားသည့် ကာမင်းအပျိုစင်ပုံ ဆွဲပြားနှင့် ဆွဲကြိုးတစ်ကုံးလည်း ရှိသေးသည်။ ကျွန်တော့် အိတ်ကပ်ထဲတွင် သင်္ဘော ပေါ်က ကျွန်တော့် သေတ္တာဖွင့်သည့် သော့[illegible]နှင့် မိုဘိုင်းမှာရှိစဉ် ဇန်နဝါရီ လ တစ်ရက်မှာ မာရ်အက် ဒရက်စ်နှင့်အတူ ဈေးဝယ် ထွက်သည့်အခါ စတိုးဆိုင် တစ်ဆိုင်က ပေးလိုက်သော လိပ်စာကတ်တွေကိုသာ





ထပ်တလဲလဲ ဖတ်နေမိသည်။ ကတ်များသည် သင်္ဘော ပျက် သင်္ဘောသားများ ပုလင်းထဲ စာထည့်ပြီး ပင်လယ် ထဲပစ်ချသည့် စာများနှင့် အဘယ့်ကြောင့် တူနေရတာ လဲဆိုတာကို ကျွန်တော်မသိပါ။ ယခုအချိန်တွင် ကျွန်တော့်မှာသာ ပုလင်းတစ်လုံးရှိပါက ကတ်တစ်ခုကို ပုလင်းထဲထည့်ကာ ကာတာဂျီနာကအကြောင်း ပျော် စရာတွေကို ကျွန်တော့်သူငယ်ချင်းများ ကို ပြောပြရန် သင်္ဘောပျက် သင်္ဘောသားလုပ်တမ်း ကစားနေမိမှာ သေချာသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း - ၄

## ကာရစ်ဘီယန်ပင်လယ်ထဲမှ ပထမဆုံးအထီးကျန်ည

ညနေ လေးနာရီတွင် လေငြိမ်ကျသွား၏။ ရေနှင့် ကောင်းကင်မှလွဲ၍ ဘာကိုမှ မမြင်ရသောကြောင့် ဘယ်နေရာရောက်နေသလဲဆိုတာကို ခန့်မှန်း၍မရ။ နှစ်နာရီကျော် ကြာမြင့်သွားပြီးမှ အသက်ကယ်ဖောင် ရွေ့နေသည်ဆိုတာကို သဘောပေါက်မိလိုက်သည်။ သို့ရာတွင် အမှန်ကတော့ ကျွန်တော် အသက်ကယ်ဖောင်ပေါ် ရောက်ပြီဆိုကတည်းက လျင်မြန်သော လေအဟုန်၏ တွန်းထိုးမှုကြောင့် ဖောင်သည် ကျွန်တော်လှော်နိုင်သည့် အတိုင်းအတာထက် လွန်အောင် ဖြောင့်ဖြောင့်ကြီး သွားနေပြီဖြစ်သည်။ သို့သော်ငြားလည်း ဘယ်အရပ်





ဘယ်ဌာန၊ ဘယ်အခြေ ဘယ်စခန်းသို့ ရောက်နေသလဲဆိုတာကိုတော့ ကျွန်တော် နည်းနည်းမှ ပုံဖော်မရနိုင်အောင် ဖြစ်နေမိသည်။ အသက်ကယ်ဖောင်သည် ကမ်းရှိရာဘက်သို့ သွားနေသလား၊ ကာရစ်ဘီယန်ပင်လယ် အလယ်တည့်တည့်ဆီသို့ သွားနေသလားဆိုတာကို ကျွန်တော် မသိတော့ပါ။ ကမ်းနှင့် မိုင်ငါးဆယ်အကွာတွင် ရှိမှသာ ပင်လယ်က အရာဝတ္ထုများကို ကမ်းဘက်ဆီသို့ ပြန်ပို့ပေးတတ်သည်ဟု ကျွန်တော်သိထား၍ ကျွန်တော့် အခြေအနေမှာ ပင်လယ်ဘက်ဆီသို့ သွားနေတာ ပိုဖြစ်နိုင်သည်။

အသက်ကယ်ဖောင်နှင့် ကျွန်တော်၏ အလေးချိန်သာရှိသော အရာဝတ္ထုဆိုလျှင်တော့ ပြောဖွယ်ရာ မရှိပေ။ နောက်ထပ်နှစ်နာရီကြာ အချိန်အတွင်းမှာတော့ ကျွန်တော်သည် ဖျက်သင်္ဘော၏ ပင်လယ်ခရီးကို မိနစ်နှင့်အမျှ ပုံဖော်နေမိပါသည်။ ရေဒီယိုအော်ပရေတာက ဖြစ်ကြောင်းကုန်စင်ကို ကာတာဂျီနာသို့ ဆက်သွယ်ပြောပြခဲ့မည်ဆိုပါက ကျွန်တော်တို့ကို ကယ်တင်ရန် လေယာဉ်ပျံများ၊ ရဟတ်ယာဉ်များ ရောက်လာနိုင်မှာပဲဟု ဆင်ခြင်မိသည်။ နာရီဝက်အတွင်း လေယာဉ်များ ရောက်လာပြီး ကျွန်တော့် ခေါင်းပေါ်မှာ တဝီဝီ လှည့်ပတ်ပျံသန်း နေပေတော့မည်ဟု ကျွန်တော် တွက်ချက်နေပေတော့သည်။

နေ့လယ် တစ်နာရီတွင် မိုးကုပ်စက်ဝိုင်းဆီသို့



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာ ကြည့်ရန် ကျွန်တော် အသက်ကယ်ဖောင် ပေါ် ထိုင်ချလိုက်သည်။ လေယာဉ်ပျံများ ပေါ်လာသည့် နေရာဆီသို့ အဆင်သင့် လော့ခ်တ်သွားနိုင်ရန် လော့ခ်တက်သုံးချောင်းကို အသက်ကယ်ဖောင် အတွင်းပိုင်းမှာ သေသေချာချာ သိမ်းဆည်းထားလိုက်သည်။ မိနစ်မျှသော အချိန်များသည်ပင်လျှင် ရှည်လျား၍ အနေရ ခက်လှသည်။ ကျွန်တော့် မျက်နှာ၊ ပခုံးအစုံနှင့် ဆားရေကြောင့် ကွဲနေသည့် နှုတ်ခမ်းများကို ရှင်နေမင်းက မညှာမတာ လောင်တိုက်သွင်းနေသည်။ သို့သော်လည်း ကျွန်တော် ဗိုက်မဆာ၊ ရေမဆာ။ ကျွန်တော် အဖြစ်ချင်ဆုံး အလုပ်တစ်ခုကတော့ လေယာဉ်ပျံတွေ ပေါ်လာဖို့ပဲ ဖြစ် သည်။ ကျွန်တော်က အစီအစဉ်တစ်ခု ဆွဲထားပြီးသား။ လေယာဉ်ပျံတွေ ပေါ်လာလျှင် ထိုနေရာသို့ ကျွန်တော် ကြိုးစား လော့ခ်တ်သွားမည်။ သူတို့ကျွန်တော့် ခေါင်းပေါ်သို့ ရောက်လျှင် ရုပ်အင်္ကျီဖြင့် အချက်ပြမည်။ လိုအပ် သည်များကို ပြင်ဆင်ရန်အတွက် တစ်စက္ကန့်တောင် အချိန်ဆိုင်းမနေတော့ဘဲ ကျွန်တော့်ရုပ်အင်္ကျီ ကြယ်သီးတွေ ဖြုတ်လိုက်သည်။ ထို့နောက် လေယာဉ်တွေ မည်သည့်အရပ်မှ လာမည်ကို မသိနိုင်သောကြောင့် ဖောင်အစွန်းပေါ်တွင် ထိုင်ကာ မိုးကုပ်စက်ဝိုင်းတစ်ခွင် ရှာဖွေနေမိသည်။

အခု နှစ်နာရီထိုးပြီ။ လေက တဟူးဟူး တိုက်ခတ်နေဆဲ။ ဆူညံလှသော လေသံတွေကြားမှပင် *လူးဝစ်*





*ရင်ဂျီဖိုဖို*၏ "*ဖက်စတို* ... ဒီနေရာကို လော့ခ်ခဲ့ပဟော့" ဟူသော အသံကို ကြားယောင်နေမိသေးသည်။ သူတကယ်ပဲ နှစ်မီတာအကွာမှ လော့တက်ကို လှမ်းဆွဲဖို့ အားယူနေရင်း ပြောသကဲ့သို့ပင် သူ့အသံကို ပီပီသသကြီး ကြားနေရသည်။ ပင်လယ်ထဲမှာ လေက အူသံပေးပြီး တိုက်ခတ်တတ်သည့်အခါ၊ ကျောက်ဆောင်ကမ်းပါးများကို လှိုင်းလုံးများ ပုတ်သည့်အခါ မိမိစိတ်ထဲမှာ စွဲနေသည့် အသံများကို ပြန်ကြားရတတ်သည်ဆိုတာကို ကျွန်တော် သိနေပြီးသား။ ရူးနှမ်းနေသော တဇွတ်တိုးစိတ်ဖြင့် ထိုအသံများကို ဆက်ကြားနေရမှာပင်ဖြစ်သည်။

"ဒီဘက်ကိုလော့ခ်ခဲ့ *ဖက်စတို*"

သုံးနာရီထိုးသောအခါ ကျွန်တော် စိတ်ပျက်ချင်ချင်ဖြစ်လာသည်။ ယခုအချိန်ဆိုလျှင် ကျွန်တော်တို့၏ ဖျက်သင်္ဘောသည် ကာတာဂျီနာသို့ ဆိုက်နေလောက်ပြီ။ ကျွန်တော့် အဖော်များသည်လည်း ကိုယ့်အရပ် ကိုယ့်ဒေသ ပြန်ရောက်ပြီမို့ အပျော်လွန်ပြီး တစ်မြို့လုံးအနှံ့ ခြေဆန့်နေလောက်ပြီ။ သူတို့ ကျွန်တော့်အကြောင်း တွေးနေကြမည်ဟု ကျွန်တော်ထင်သည်။ ထိုအတွေးက ကျွန်တော့်ကို လေးနာရီအထိ အောင့်အီးသည်းခံနိုင်အောင် အားအင်အသစ်တွေ ပေးသည်။ သူတို့ ရေဒီယို အဆက်အသွယ်မရခဲ့သည်ထားဦး၊ ကျွန်တော်တို့ သင်္ဘောပေါ်မှ ပြုတ်ကျသွားခဲ့သည်ကိုပင် သတိမမူမိ သည်ပဲထားဦး သင်္ဘောဆိုက်၍ သင်္ဘော



www.burmeseclassic.com

www.burmeseclassic.com



သား အားလုံး ကုန်းပတ်ပေါ် တန်းစီကြလျှင် မည်သူ မည်ဝါ ပျောက်နေသည်ဆိုတာကို သိသွားကြမည်ပင်။ သူတို့ ဆိုက်ရောက်မည့်အချိန်က အနည်းဆုံး သုံးနာရီ ထိုးခန့် ဖြစ်မည်။ လူပျောက်နေပြီဆိုတာကို သိသွားပါက တမုဟုတ်ချင်း အုန်းအုန်းကျွက်ကျွက် ဖြစ်သွားကြလိမ့် မည်။

လေယာဉ်ထွက်လာချိန် မည်မျှပင် နောက်ကျစေကာမူ နာရီဝက်အတွင်း မှန်တိုင်းမိခဲ့သည့် နေရာသို့ ရောက်လာသင့်သည်။ ထို့ကြောင့် လေးနာရီ၊ အနည်းဆုံး လေးနာရီဆယ့်ငါးမိနစ်အတွင်း လေယာဉ်များ ကျွန်တော့်အပေါ် ကောင်းကင်မှာ လှည့်ပတ်ပျံဝဲနေသင့် သည်။ လေအတိုက်ရပ်သွား၍ တိတ်ဆိတ်မှုကြီးက ကျွန်တော့် တစ်ကိုယ်လုံး ဖုံးအုပ်သွားသည်အထိ မိုးကုပ် စက်ဝိုင်း တစ်ခွင်သို့ ကျွန်တော် ရှာဖွေနေမိသည်။

ဒီတော့မှသာ ကျွန်တော်ကြားနေရသည့် *လှူးဝစ်ရင်ဂျီဖိုစ်၏* အသံလည်း ရပ်သွားလေတော့သည်။

### အာဂည

ကနဦးက ပင်လယ်ထဲမှာ သုံးနာရီလုံးလုံး တစ်ယောက် တည်း နေရဖို့ မဖြစ်နိုင်ဘူးဟု ကျွန်တော် ထင်ခဲ့[illegible]ည်။ ငါးနာရီထိုးသည်အထိ နေခဲ့ရသောအခါ ကယ်[illegible]လာဖို့ နောက်ထပ် ထပ်စောင့်ရ တော့မလို ဖြစ်နေသည်။ နေက ဝင်စပြုနေပြီ။ အနောက်ဖက်မှာ နေမင်းကြီး





သည် ကြီးမားလာပြီး ရဲရဲနီနေ၏။ ဒီတော့ မိမိကိုယ်မိမိ နေသားကျအောင် လုပ်ရတော့သည်။ အခုတော့ လေယာဉ်တွေ ဘယ်အရပ်က ပေါ်လာ မလဲဆိုတာကို ကျွန်တော်သိရပြီ။ နေဝင်တာက ကျွန်တော့် လက်ဝဲ ဘက်မှာ။ ကျွန်တော့် ရေ့တူရူဆီသို့ မလှုပ်ရဲဘဲ၊ မျက် တောင်တစ်ချက် မခတ်ရဲဘဲ၊ ကျွန်တော် ကြည့်နေရာ လားရာဘက်နှင့် တစ်ချက်ကလေးမှ အတိမ်းအစောင်း မခံရဲဘဲ ခံနိုင်ရည်အားလုံးစုကာ ကြည့်နေမိသည်။ ထို အရပ်မှာ ကာတာဂျီနာရှိနေသည်။ ခြောက်နာရီထိုးသော အခါ ကျွန်တော့် မျက်လုံးတွေ ကျိန်းစပ်လာသည်။ သို့ပေ မဲ့ ကျွန်တော် ဆက်ကြည့်နေဆဲ။ အမှောင်ထု ကြီးစိုးစပြု လာပြီဖြစ်သော်လည်း မဆုတ်မနစ်သော သည်းခံမှုဖြင့် ကျွန်တော် ဆက်ကြည့်နေမိသည်။ လေယာဉ်များကို မမြင်ရနိုင်တော့သော်လည်း အင်ဂျင်စက်သံ မကြားရမီ လင်းနေမည့် မီးစိမ်းမီးနီကိုကား မြင်နိုင်ပါသည်။ လေယာဉ်ထဲက လူတွေက ကျွန်တော့်ကို မမြင်နိုင်ဘူး ဆိုတာကိုမေ့ပြီး အမှောင်ထဲက မီးရောင်ကိုသာ ကြည့် ချင်နေမိသည်။ မကြာခင်မှာ ကောင်းကင်ကြီး နီလာ သည်။ ကျွန်တော် မိုးကုပ်စက်ဝိုင်းကို ဆက်ကြည့်နေဆဲ။ ကြည့်နေစဉ်မှာပဲ ကောင်းကင်ကြီးက ခရမ်းရင့်ရောင် ပြောင်းသွားသည်။

အသက်ကယ်ဖောင်၏ အခြားတစ်ဖက်ရှိ ဝိုင်းအရက်ရောင် ကောင်းကင်ပေါ်မှာကား ပထမဦးဆုံး



www.burmeseclassic.com

www.burmeseclassic.com



ကြယ် သည် အဝါရောင်စိန်တစ်ပွင့်ပမာ တည်တည် ငြိမ်ငြိမ် ထင်ထင်ရှားရှား ပေါ်လာသည်။ ထိုကြယ်မှာ အချက်ပြတစ်ခုလိုပင်။ ခဏချင်းမှာပဲ မှောင်အတိကျ သွားသည်။ ညရောက်ပြီ။ သိပ်သည်းထူထဲလှသော အမှောင်ထုအတွင်းသို့ ကျရောက်သွားခဲ့ရာ ကိုယ့်လက် ဖဝါးကိုပင် မမြင်နိုင်တော့။ ကျွန်တော် ပထမဆုံးခံစား ရတာက ဒီကြောက်မက်ဖွယ်အဖြစ်ကို ကျော်လွှန်နိုင်မှာ မဟုတ်တော့ဘူးဆိုသည့် ခံစားမှုပင်ဖြစ်သည်။ အသက် ကယ်ဖောင်၏ ဘေးဆီသို့ လှိုင်းတွေ တဖျတ်ဖျတ်ပုတ် နေ၍ ဖောင်ရွေ့နေသည်ဟု သိလိုက်ရသည်။ သို့သော် ခရီးတွင်မှာတော့ မဟုတ်။

အမှောင်ထုထဲတွင် နစ်မြုပ်နေတော့မှသာ နေ့လယ်က ကျွန်တော်အထီးမကျန်ခဲ့ပါလားဆိုတာကို သဘောပေါက်လာရသည်။ ထူးဆန်းသော သတ္တဝါများ ပြည့်နေသည့် မမြင်မစမ်း ပင်လယ်ပြင်ပေါ်မှာ တိတ်တ ဆိတ်ရွေ့နေသော အသက်ကယ်ဖောင်ပေါ်မှာ ဘာကိုမှ လည်း မမြင်ရ။ ကိုယ့်အောက်ကိုသာ စမ်းလို့ရသည့် အမှောင်ထုကြီးထဲမှာ နေရသည်က ပို၍ပင် အထီးကျန် ဆန်လွန်းလှသည်။ အထီးကျန်မှု အနည်းငယ် သက်သာ သွားစေရန် လက်ပတ်နာရီဒိုင်ခွက်ကိုသာ ကြည့်နေမိ သည်။ ခုနစ်နာရီထိုးရန် ဆယ်မိနစ် လိုသေးသည်။ အတော်ကြာပြီးနောက် နာရီကို ပြန်ကြည့်လိုက်သည်။ ခုနစ်နာရီထိုးရန် ငါးမိနစ်။ ကုန်ဆုံးသွားသော ငါးမိနစ်





သည် ကျွန်တော့်အဖို့ နှစ်နာရီ သုံးနာရီလောက် ကြာ သွားသည်ဟုပင် ထင်မိသည်။ မိနစ်တံ ဆယ့်နှစ်နေရာ သို့ ရောက်ပြီး ခုနစ်နာရီတိတိထိုးသောအခါ ကောင်းကင် ယံမှာ ကြယ်တွေအစုလိုက် ဖြစ်နေလေပြီ။ သို့ရာတွင် ကျွန်တော့်အဖို့မှာမူ အချိန်များစွာ ကုန်လွန်သွားပြီဟုပင် ထင်မှတ်မိသည်။ အရုဏ်ကျင်းတော့မည်ဟုပင် ထင် မှတ်မိသည်။ စိတ်ပျက်လက်ပျက်နှင့် လေယာဉ်ပျံတွေ အကြောင်းသာ စဉ်းစားနေမိသည်။

ကျွန်တော် အအေးဒဏ်ကို စခံစားနေရပြီ။ အသက်ကယ်ဖောင်ထဲတွင် မိနစ်ပိုင်းမျှပင် ခြောက် ခြောက်သွေ့သွေ့ နေ၍မရ။ အသက်ကယ်ဖောင် သဏ္ဍာန်က ရေပုံးပုံစံရှိပြီး ဇောက်တစ်မီတာခန့် နက် သောကြောင့် ဖောင်၏ ဘောင်ပေါ်တွင်ထိုင်မည် ဆို လျှင်လည်း ကိုယ်တစ်ပိုင်းက ရေစိုနေမှာပင်။ ရှစ်နာရီ ထိုးသောအခါ ဖောင်အတွင်းမှရေသည် တိုက်ခတ်နေ သောလေလောက် မအေးတော့ပေ။ ဖောင်အောက်ခြေ တွင် ကြိုးများက ပိုက်ကွန်သဖွယ် ခင်းထား၍ ရေသတ္တ ဝါများ အနားမသီနိုင်သောကြောင့် ဖောင်အောက်ခြေ သည် ပင်လယ်သတ္တဝါများ၏ရန်မှ စိတ်ချရသည်ဆိုတာ ကို ကျွန်တော်သိ၏။ သို့ရာတွင် ကျောင်းမှာ ဆရာက သင်တန်းသား အယောက်လေးဆယ်ကို နေ့လယ် နှစ်နာရီအချိန်တွင် အသက်သယ်ဖောင် အရုပ်လေးနှင့် ရှင်းပြစဉ်ကတော့ အဟုတ်ကြီး ဟုတ်နေသည်။ ဒါက



www.burmeseclassic.com

www.burmeseclassic.com



သင်ခန်းစာကိုး။ ညရှစ်နာရီအချိန်တွင် ပင်လယ်ထဲမှာ တစ်ယောက်တည်း မျှော်လင့်ချက်မဲ့စွာ နေရသောအခါ ဆရာ့စကားတွေသည် ဘာမှ အဓိပ္ပာယ်မရှိတော့ပေ။ ကျွန်တော့် ခန္ဓာကိုယ်တစ်ပိုင်းသည် လူတွေနှင့် မအပ်စပ်သည့် နေရာဖြစ်သော်လည်း ထိုနေရာသည် ပင်လယ်သတ္တဝါတွေနှင့် အပ်စပ်သည်။ ရေခဲတမျှ အေးစက်သောလေက ကျွန်တော့်ရှပ်အင်္ကျီကို တရှမ်းရှမ်း ရိုက်ခတ်နေသော်လည်း ကျွန်တော် တုတ်တုတ်မျှမလှုပ်ရဲ။ ဆရာ့ အဆိုအရဆိုလျှင် ကျွန်တော် ထိုင်နေသောနေရာသည် လုံခြုံမှုအနည်းဆုံး နေရာဖြစ်သည်။ ကျွန်တော့်အနေနှင့် အားလုံးကို ခြုံငုံကြည့်သောအခါ ထိုနေရာသည် ပင်လယ် သတ္တဝါများနှင့် ဝေးသည်ဟု ခံစားမိသော နေရာ ဖြစ်သည်။ ထိုမမြင်ရသော အမည်မသိသတ္တဝါများ ဖောင် အနီးမှ ဖြတ်သွားသည့်အသံကို ကျွန်တော်ကြား နေရ သည်။

မဆုံးနိုင်လောက်အောင် ကျယ်ပြောလှသော ကြယ်များထဲတွင် ပျောက်နေသော အာဆာမီနာကြယ်ကို ရှာရသည်မှာ တော်တော်ခက်ခဲသည်။ ဒီလောက်များလှသည့် ကြယ်တွေကို တစ်ခါမှ မတွေ့ခဲ့ဖူးပါ။ ကောင်းကင်တစ်ခွင်လုံး နေရာအလွတ် မရှိလောက်အောင်ပင် ကြယ်တွေက များပြားလှသည်။ တစ်ကြိမ်မှာတော့ အာဆာမီနာကြယ်ကို ကျွန်တော်တွေ့လိုက်ရသည်။ တခြား ဘယ်နေရာကိုမှ မကြည့်ရဲတော့။ အာဆာမီနာကို





ကြည့်နေရင်း ဘာ့ကြောင့် အထီးကျန်ဝေဒနာ လျော့လာသလဲဆိုတာ ကျွန်တော်မသိ။

ကာတာဂျီနာမှာ ကျောက်ချစဉ်က ကုန်းပေါ် သွားခွင့်ရပြီဆိုလျှင် ကျွန်တော်တို့တစ်တွေသည် မန်ဂါတံတားပေါ်တွင် စုမိကြပြီး *ဒန်နီရယ်ဆန်တို့*၏ အသံကို တုဆိုသော *ရေမွန်ဟာရီယာ*၏ သီချင်းသံကို နားထောင်ကြသည်။ တစ်ယောက်က သူ့အတွက် ဂစ်တာတီးပေးရသည်။ ကျောက်တုံးတံတား၏ နံရံပေါ်မှာထိုင်နေခဲ့စဉ်က အာဆာမီနာကို ပိုပါတောင်၏ တစ်ဖက်ခြမ်းဆီမှာ အမြဲတွေ့နေကျဖြစ်သည်။ ယခုည တွင် ကျွန်တော်သည် အသက်ကယ်ဖောင် ဘောင်ပေါ်မှာ ထိုင်နေရင်း မန်ဂါ တံတားပေါ်သို့ ပြန်ရောက်သွားသလို ခံစားလိုက်ရသည်။ *ရေမွန်ဟာရီယာ*က ဂစ်တာတီးပြီး သီချင်းဆိုနေသည်။ အာဆာမီနာသည် ကမ္ဘာမြေပြင်နှင့် မိုင်နှစ်ရာ မဝေးသည့်ပမာ ပိုပါတောင်၏တစ်ဖက်မှာ ရှိနေလေသည်။ ကျွန်တော် ပင်လယ်ထဲမှ အာဆာမီနာကို ကြည့်နေသလို ကာတာဂျီနာမှ တစ်စုံတစ်ယောက်က ကြည့်နေမည်ဟု စိတ်ကူးယဉ်မိသောအခါ အထီးကျန်နေမှုတွေ လျော့နည်း သွားရသည်။

ကျွန်တော်၏ ပထမဦးဆုံး ပင်လယ်ညသည် ဘာဆိုဘာမှ မဖြစ်ခဲ့သောကြောင့် ညတာရှည်လွန်းလှသည်ဟု ထင်ရသည်။ ဘာမှလည်းမဖြစ်၊ မမြင်ရသည့် သတ္တဝါတွေကိုလည်းကြောက်ရ၊ မီးစုန်းပါသည့်နာရီဒိုင်



www.burmeseclassic.com

www.burmeseclassic.com



ခွက်ကိုလည်း မိနစ်မလပ် ကြည့်ရသည်မို့ အသက်ကယ် ဖောင်ပေါ်မှညကို ဖော်ပြရန်မှာ မဖြစ်နိုင်ပေ။ ဖေဖော်ဝါရီလ နှစ်ဆယ့်ရှစ်ရက်နေ့ည (ကျွန်တော်၏ ပင်လယ်ထဲမှ ပထမည) တွင် နာရီကိုသာ မိနစ်မလပ် ကြည့်နေရသည်။ ထိုသို့ ကြည့်နေရသည်မှာ အနိုပ်စက် ခံ နေရသလိုပင်။ စိတ်ပျက်လက်ပျက်နှင့် နာရီကို မကြည့်တော့ဘူးဟု ကျိန်တွယ်ကာ နာရီကိုအိပ်ကပ်ထဲ ထည့်လိုက်သည်။ သို့မှသာ အချိန်ကို အားမကိုးမိမှာ။ နာရီ မကြည့်ရသည့် ဒဏ်ကို ကိုးနာရီထိုးဖို့ မိနစ်နှစ်ဆယ်လိုသည်အထိသာ ခံနိုင်ပါသည်။ ကျွန်တော် ယခု အချိန် အထိ ရေမဆာ၊ ဗိုက်မဆာသေး။ လေယာဉ်များ ရောက်လာမည့် မနက်ဖြန်မနက်အထိ ဒီအတိုင်း တောင့်ခံထားနိုင်တာကတော့ သေချာသည်။ သို့ရာတွင် နာရီက ကျွန်တော့်ကို ရူးသွပ်သွားအောင် လုပ်ပေတော့မည်ဟု ကျွန်တော် စဉ်းစားမိသည်။ ကျွန်တော့်မှာ စိုးရိမ်ကြောင့်ကြမှု၏ အကျဉ်းသား ဖြစ်နေရရှာသည်။ နာရီကို အိပ်ကပ်ထဲမှာပဲ သိမ်းထားဖို့ လက်ကောက်ဝတ်မှ ချွတ်ပစ်မိသော်လည်း ပင်လယ်ထဲလွှင့်ပစ်တာက ပိုကောင်းမည် ဆိုသော စိတ်က ဝင်လာသည်။ ကျွန်တော် နာရီကို ကိုင်ထားလျက် ချီတုံချတုံ ဖြစ်နေမိသည်။ ပြီးမှ ထို့ လန့်တုန်လှုပ် သွားရသည်။ နာရီသာ မရှိတော့လျှင် ကျွန်တော် ပိုပြီးအထီးကျန်မှာပဲ ဆိုတာကို တွေးလိုက်မိသည်။ နာရီကို လက်ကောက်ဝတ်မှာပဲ ပြန်တပ်လိုက်ပြီး





နေ့လယ်ခင်းက မိုး ကုပ်စက်ဝိုင်းမှာ မျက်စေ့တွေ ကျိန်းစပ်လောက်အောင် လေယာဉ်ပျံတွေကို ရှာခဲ့သလို နာရီကိုလည်း မျက်စေ့ ကျိန်းစပ်လာသည်အထိ မိနစ်မလပ် ကြည့်နေမိတော့သည်။

သန်းခေါင်ကျော်သွားသောအခါ ကျွန်တော် ငိုချင်လာသည်။ တစ်ရေးတစ်မေးမှ မအိပ်ရသေးသော်လည်း အိပ်ချင်စိတ်မရှိ။ နေ့လယ်က လေယာဉ်ပျံများကို စောင့်စားနေခဲ့သလို မျှော်လင့်ချက်မျိုးနှင့် ညထဲမှာ သင်္ဘောများ၏ မီးရောင်ကို လိုက်ရှာနေမိသည်။ အေးငြိမ်းသော၊ ကျယ်ပြောသော၊ ငြိမ်သက်သော ပင်လယ်ကြီးအတွင်း နာရီပေါင်းများစွာ စစ်စစ်ပေါက်ပေါက် လိုက်ကြည့်သော်လည်း ကြယ်များမှလွဲ၍ မီးရောင် တစ်စက်တလေကိုမှ မတွေ့ရပေ။

နံနက်စောစောပိုင်းများတွင် အအေးဓာတ်က ပိုပြီး စိမ့်လာသည်။ ကျွန်တော့် အရေပြားအောက်တွင် အောင်းနေသော နေ့လယ်ခင်းက အပူဒဏ်များနှင့်အတူ ခန္ဓာကိုယ်ကြီး တစ်ခုလုံး ကိုယ်ရောင်ကိုယ်ဝါများ တောက်ပနေသလားဟုပင် ထင်မှတ်မိသည်။ အအေးဓာတ်နှင့် တွေ့သောအခါ ထိုအပူက ပို၍ပင် ဆိုးဝါးလာလေသည်။

သန်းခေါင်အချိန်မှစပြီး ကျွန်တော်၏ ညဘက်ဒူးခေါင်း နာလာသည်။ ရေတွေအရိုးထဲအထိ စိမ့်ဝင်လာသည့်ပမာ ခံစားရသည်။ သို့ရာတွင် ထိုခံစား



www.burmeseclassic.com

www.burmeseclassic.com



မှုများ ဝေးသွားလေသည်။ စဉ်းစားနေမိသည်က သင်္ဘောမီး အလင်းရောင်ကိုသာ။ ခန္ဓာကိုယ်အကြောင်း သိပ်မပါ။ မဆုံးနိုင်သော အထီးကျန်မှု၏ အလယ်မှာ၊ ပင်လယ်၏ မှောင်မည်း နေသည့် တီးတိုးသံ အလယ်မှာ သင်္ဘောတစ်စင်း၏ မီးရောင်ကို တွေ့ရုံမျှနှင့်ပင် ဘယ်လောက်ဝေးဝေး အော်ဟစ်မိမှာပဲဟု ကျွန်တော် ထင်သည်။

## နေ့ခင်းအလင်းရောင်

အရုဏ်ဦးအလင်းက ကုန်းပေါ်မှာကဲ့သို့ ဖြည်းဖြည်းချင်း ပေါ်လာတာမဟုတ်ပေ။ ကောင်းကင်အရောင်က ဖျော့လာသည်။ ကြယ်တွေ ပျောက်သွားသည်။ ကျွန်တော် ဆက်ကြည့်နေဆဲ။ နာရီကို အရင်ကြည့်ပြီးမှ မိုးကုပ်စက်ဝိုင်းဆီသို့ ကြည့်လိုက်သည်။ ပင်လယ်၏ ကြန်အင်လက္ခဏာများ ပေါ်စပြုလာပြီ။ ဆယ့်နှစ်နာရီ ဆိုသောအချိန် ကုန်လွန်ခဲ့ပြီ ဖြစ်သော်လည်း ဟုတ်မှ ဟုတ်ပါ့မလားဟုပင် ပြောရလောက်သည်။ ညသည် နေ့ အချိန်လောက် မရှည်လျားနိုင်။ ပင်လယ်ထဲက အသက်ကယ်ဖောင်ပေါ်မှာပဲ ထိုင်ပြီး နာရီတကြည့်ကြည့် [illegible]ပ် နေလျှင်တော့ ညသည် တိုင်းတာ၍ မရနိုင်[illegible]က် အောင် ရှည်လျားလွန်းလှသည်ဟု ထင်ရပေမည်။ မကြာခင်မှာ အရုဏ်ကျင်းလာသည်။ ဪ. . . ဒါ နောက်တစ်နေ့ ပါလားဟု သိလိုက်ရသောအခါ မောပန်းနွမ်း





နယ်သွားရ ပြန်သည်။

ဒီလို ပင်ပန်းနွမ်းနယ်မှုမျိုး ပထမညကလည်း ဖြစ်ခဲ့ဖူးသည်။ အရုဏ်ကျင်းသောအခါ ဘာမှထူးထူး ခြားခြား မဖြစ်တော့။ ကျွန်တော်ရေအကြောင်းလည်း မတွေး၊ အစာအကြောင်းလည်း မစဉ်းစား။ ပင်လယ်လေ နွေးထွေးလာပြီး ရေမျက်နှာပြင်ပေါ်တွင် ရွှေရောင် ပြေပြေလေး သမ်းလာသည်အထိ ကျွန်တော် ဘာဆို ဘာမှ မစဉ်းစား။ တစ်ညလုံး တစ်ရေးမှ မမှေးခဲ့ရသော်လည်း အရုဏ်ကျင်းလာသောအခါ အိပ်ရာမှနိုးစ ပုံစံမျိုး ဖြစ်နေသည်။ ဖောင်ထဲမှာ ကျွန်တော် ကိုယ်ကို ဆန့်လိုက်သောအခါ အရိုးတွေ တဆစ်ဆစ်ကိုက်ပြီး အသားတွေ စပ်ဖျဉ်းဖျဉ်း ဖြစ်လာသည်။ သို့ရာတွင် နေ့သည် တောက်ပပြီး နွေးနေလေသည်။ လေ၏ တီးတိုးတိုက်ခတ်သံက ဆက်လက် စောင့်ဆိုင်းနိုင်ရန် ခွန်အားသစ်တွေ ပေးနေလေသည်။ ထို့နောက် အသက်ကယ်ဖောင်ထဲမှာ နေရသည်မှာ တည်ငြိမ်အေးဆေးမှု ရှိလာသည်ဟု ကျွန်တော် ခံစားရသည်။ ကျွန်တော့်ဘဝ၏ အနှစ်နှစ်ဆယ်အတွင်းမှာ ပထမဦးဆုံး အကြိမ်အဖြစ် အလုံးစုံ ပျော်ရွှင်မှုကို ခံစားလိုက်ရလေ၏။

ဖောင်က ရှေ့သို့သာတိုးနေသည်။ တစ်ညလုံး ဘယ်ရွေ့ဘယ်မျှ ခရီးနှင်ခဲ့ပြီးပြီလဲ ဆိုတာကိုကျွန်တော် မတွက်တတ်တော့။ သို့ရာတွင် မိုးကုပ်စက်ဝိုင်း သည် တစ်စင်တီမီတာမျှပင် မရွှေ့သကဲ့သို့ မပြောင်းလဲဘဲ ရှိ



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ခုနစ်နာရီတွင် ဖျက်သဘော် အကြောင်းကို ကျွန်တော် စဉ်းစားမိသည်။ ဒီအချိန်ဆို မနက်စာစားချိန်ပေါ့။ ကျွန်တော့်အဖော်တွေ စားပွဲမှာ ဝိုင်းဖွဲ့ပြီး ပန်းသီးများ စားနေကြပုံကို စိတ်ကူးဖြင့် မြင်ယောင်ကြည့်မိသည်။ ပန်းသီးစားပြီးလျှင် သူတို့ ကြက်ဥတွေ သောက်ကြပေတော့မည်။ ပြီးလျှင် အသားဟင်း။ ပြီးလျှင် ပေါင်မုန့်၊ ကော်ဖီ။ ကျွန်တော့်ပါးစပ်မှာ သွားရည်တွေ ပြည့်လာသည်။ ဝမ်းထဲမှာ မဆိုစလောက်လေး တွန့်သွားသလို ခံစားရသည်။ အစားအသောက်အကြောင်း စိတ်ထဲမှ ဖျောက်ပစ်ရန် ဖောင်အောက်ခြေကိုဆင်းပြီး လည်ပင်းသာ ပေါ်သည်အထိ ရေစိမ်ပစ်လိုက်သည်။ နေလောင်နေသော ကျွန်တော့်နောက်ကျောပေါ်မှ ရေသည် အအေးဓာတ်တွေပေးပြီး အားအင်ပါ ပြည့်ဖြိုးလာစေသည်။ ထိုပုံစံအတိုင်း အကြာကြီး ရေစိမ်နေပြီး ကျွန်တော့် အိပ်စင်မှာ ပြန်အိပ်နေရမည့်အစား ဘာကြောင့်များ *ရေမွှန်ဟာရီယာ*နှင့်အတူ ပဲ့ပိုင်းဆီသို့ လိုက်သွားမိခဲ့ပါလိမ့်ဟု ကိုယ့်ကိုယ်ကို ပြန်မေးနေမိသည်။ ဖြစ်ခဲ့သမျှတို့ကို တဖြည်းဖြည်းချင်း ပြန်ဆက်စပ်မိတော့မှ ငါအတော်မိုက်ခဲ့ပါလားဟု သိလိုက်ရသည်။ တကယ်ဆိုလျှင် ကျွန်တော် ဒုက္ခသည်တစ်ယောက် ဖြစ်လာစရာအကြောင်း လုံးဝမရှိ။ ထိုစဉ်က ကျွန်တော့် တာဝန်ချိန် မဟုတ်၍ ကုန်းပတ်ပေါ်မှာ ကျွန်တော်ရှိနေစရာမလိုပေ။ ဖြစ်သမျှအကြောင်းတို့သည် ကံအကြောင်း





မလှ၍ပဲဟူ၍သာ ကောက်ချက်ချမိတော့သည်။ ကျွန်တော့် စိုးရိမ်စိတ်တွေ တစ်ဖန်ပေါ်လာပြန်သည်။ သို့ရာတွင် နာရီကို ကြည့်၍ စိတ်ကို တည်ငြိမ်အောင် လုပ်ရသည်။ နေ့တာသည် လျှင်မြန်စွာ ရွေ့လျားနေ၏။ အချိန်ကား ဆယ့်တစ်နာရီခွဲ။

## မိုးကုပ်စက်ဝိုင်းပေါ်က
## အနက်ရောင်အစက်တစ်ခု

မွန်းတည့်ချိန် နီးကပ်လာခြင်းက ကျွန်တော့်ကို ကာတာဂျီနာအကြောင်း ပြန်တွေးမိစေသည်။ ကျွန်တော် ပျောက်နေတာ သူတို့ သတိမထားမိဘူးဆိုတာ မဖြစ်နိုင်ဟု ကျွန်တော်စဉ်းစားမိသည်။ ကျွန်တော် အသက်ကယ်ဖောင်ပေါ် တက်မိတာကို နောင်တရနေမိသည်။ ကျွန်တော့်အဖော်တွေအားလုံး အကယ်ခံရပြီး အသက်ကယ်ဖောင်က လေဆောင်ရာကို လွင့်သွား၍သာ ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့ခြင်းဖြစ်မည်ဟု တွေးတောနေမိသည်။ အသက်ကယ်ဖောင်ပေါ် ရောက်သွားတာကိုက ကံဆိုးမိုးမှောင်ကျတာပဲဟုပင် မှတ်ယူမိတော့သည်။

မိုးကုပ်စက်ဝိုင်းပေါ်က အစက်ကလေး တစ်စက် မြင်လိုက်မိသည်ဟု ကျွန်တော်စဉ်းစားမိသောအခါ ထိုထင်မှတ်မှုတို့ တိုးလို့တန်းလန်းဖြစ်သွားပြန်သည်။ ကျွန်တော်ရှိရာဘက်လာနေသော အနက်စက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို မလွတ်တမ်း စိုက်ကြည့်နေမိသည်။ အချိန်က ဆယ့်တစ်နာရီ ငါးဆယ်မိနစ်။ ကျွန်တော်က အလွန် အာရုံစူးစိုက်ပြီး ကြည့်နေမိ၍ ကောင်းကင်သည် ခဏအတွင်းမှာ တဖျတ်ဖျတ်လက်နေသော အစက်များ ပြည့်နက်သွားသည်။ သို့ရာတွင် အနက်ရောင်အစက် ကလေးကား ဖောင်ဆီသို့ ဦးတည်လျက် ရှေ့သို့ ပိုမို ရွေ့လျားလာသည်။ နှစ်မိနစ်ကြာသောအခါ ထိုအစက်ကို ကျွန်တော်အသေအချာ ကြည့်ပြီး ဘာလဲဆိုတာ ပုံဖော်၍ပင်ရလာသည်။ လင်းနေသော အပြာရောင် အစက်သည် ကောင်းကင်မှ ရှေ့သို့တိုးလာသော အခါ မျက်စိပင်ကျိန်းစေလောက်သည့် သဏ္ဌာန်အလင်းစက် တွေ ဖျတ်ခနဲ၊ ဖျတ်ခနဲ ဖြာသွားသည်။အခြား လင်းလက်နေသော အစက်တွေထဲမှ ထိုအရာကို တဖြည်း ဖြည်း ချင်းခွဲခြား၍ ရသွားသည်။ လည်ပင်းညောင်းလာပြီး မျက်စေ့က ကောင်းကင်အလင်းကို မခံနိုင်အောင် ဖြစ်လာသည်။ သို့ရာတွင် ဇွတ်ပေပြီးဆက်ကြည့်သည်။ ထိုအစက်က သွားတာမြန်ပြီး အရောင်လက်သည်။ လားရာက ဖောင်ဆီသို့ တည့်တည့်။ ထိုအချိန်မှာ ပျော်ရွှင်မှုကို ကျွန်တော် မခံစားမိ။ စိတ်တွေ အလွန်အကျွံ လှုပ်လှုပ်ရှားရှား မဖြစ်။ လေယာဉ် နီးကပ်လာစဉ်မှာ ကျွန်တော်ဖောင်ထဲတွင် ရပ်လျက် ထူးထူးခြားခြား တည်ငြိမ်မှုတွေ ရနေသည်။ *အကြည်ဓာတ်ကို အပြည့် အဝရနေသည်။* ရှပ်အင်္ကျီကို ဖြည်းညင်းစွာ ချွတ်လိုက်သည်။ ဘယ်အချိန်မှာ ဘယ်လို





အချက်ပြရမလဲဆိုတာ ကို ကျွန်တော် သိနေသလို ခံစားရသည်။ လေယာဉ်ပျံ အနီးနား ရောက်အလာကို စောင့်ရန် ရှပ်အင်္ကျီကိုကိုင်လျက် တစ်မိနစ်၊ နှစ်မိနစ်ရပ်နေမိသည်။ လေယာဉ် ဦးတည်ရာက ဖောင်ဆီသို့ တည့်တည့်ကြီး။ ကျွန်တော့် လက်ကို မြှောက်ပြီး အင်္ကျီကို ဝှေ့ယမ်းပြလိုက်ချိန်တွင် ဆူညံသော လှိုင်းပုတ်သံတွေ ကြားမှပင် လေယာဉ်အင်ဂျင်စက် တုန်ခါသံပိုပြီး ကျယ်လာတာကို ကြားလိုက် ရသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၅
## အသက်ကယ်ဖောင်ပေါ်
## အဖော်တစ်ယောက်ရောက်လာခြင်း

အတန်ကြာသည်အထိ ကျွန်တော့်ရုပ်အင်္ကျီကို ဒေါသတကြီး ဝေ့ယမ်းပြနေမိသည်။ သို့ရာတွင် ကျွန်တော့်အမှားကို ဒက်ခနဲ သိလိုက်ရသည်။ လေယာဉ်သည် ဖောင်ဆီသို့ လာနေတာမဟုတ်။ ကျွန်တော်ကြည့်နေရင်း အနက်စက်ကလေး ကြီးလာသည်ကို ကြည့်ပြီး နိမ့်နိမ့်လေး ပျံဝဲလာတာဖြစ်ရမည်ဟု ထင်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဟိုးအမြင့်ကြီးမှ ပျံသန်းသွား ခြင်းဖြစ်သည်။ ကျွန်တော့်ကို မြင်ဖို့ဆိုတာကလည်း မြင့်လွန်းနေသည်။ ထို့နောက် လေယာဉ်သည် ခပ်ကျဲကျဲဝိုက်ကွေ့ကာ မူလထွက်ပေါ်လာရာ ကောင်းကင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။ ဖောင်ထဲမှာရပ်၍ ပူပြင်း





လှသော နေ၏ ပူလောင်မှုဒဏ်ကိုခံကာ ဘာကိုမှ မစဉ်းစားတော့ဘဲ အနက်ရောင်အစက်လေး မိုးကုပ်စက်ဝိုင်းဆီသို့ လုံးဝ တိုးဝင်ပျောက်ကွယ်သွားသည်အထိ ကျွန်တော် ကြည့်နေမိသည်။ ထို့နောက် ကျွန်တော် ထိုင်ချလိုက်သည်။ ကျွန်တော် စိတ်ပျက်အားလျော့သွားသည်။ မျှော်လင့်ချက်ကို လက်မလျှော့သေးသော်လည်း နေပူသည့်ဒဏ်မှ ကြိုတင်ကာကွယ်ဖို့ ဆုံးဖြတ်ချက်ချလိုက်မိသည်။ ဒီလို ပထမဆုံးနေ့မျိုးမှာ ကျွန်တော့်အဆုတ်ကို နေရောင်ဖြင့် ကြာကြာမခံထားသင့်ပါ။

နှစ်ဆယ့်လေးနာရီတိတိ အသက်ကယ်ဖောင်ပေါ်မှာ အချိန်ကုန်သွားခဲ့လေပြီ။ ဖောင်အတွင်းပိုင်းဘေးနေရာမှာ ပက်လက်လှန်လှဲချလိုက်ပြီး ရုပ်အင်္ကျီအစိုဖြင့် ကျွန်တော့်မျက်နှာကို လွှမ်းလိုက်သည်။ ဖောင်ပေါ်မှာ မေ့ခနဲဖြစ်သွားလျှင် ကျွန်တော့်အား စောင့်စားနေမည့် အန္တရာယ်ကို သိနှင့်နေသောကြောင့် အိပ်ဖို့မစဉ်းစားရဲ။ လေယာဉ်ပျံအကြောင်းကို စဉ်းစားနေမိသည်။ သူတို့ ကျွန်တော့်ကို ရှာနေသလား ဆိုတာကတော့ မသေချာ။ လေယာဉ်ပျံကို ဘာလေယာဉ်မှန်း ကျွန်တော် ခွဲခြားမသိလိုက်။ ဖောင်ပေါ်မှာ လှဲနေရင်း ရေငတ်ခြင်း၏နှိပ်စက်မှု ဒဏ်ကို ကျွန်တော်ခံနေရသည်။ အစမှာ သွားရည်တွေ ထူပျစ်ပျစ်ဖြစ်နေပြီး လည်ချောင်းထဲမှာ ခြောက်ကပ်သွားသည်။ အခြေအနေအရ ပင်လယ်ရေ သောက်ရမလိုဖြစ်နေသည်။ သို့သော် ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်လျှင် အနာတရဖြစ်သွားနိုင်သည်။ နောက်မှသာ တစ်ခုခုသောက်တော့မည်။ မကြာခင်မှာ ရေဆာတာကို မေ့သွားလေတော့သည်။

ကျွန်တော့် ခေါင်းပေါ်တည့်တည့်တွင် လှိုင်းပုတ်သံထက် ပိုမိုကျယ်လောင်သော တခြားလေယာဉ်တစ်စင်း၏ အသံကို ကျွန်တော် ကြားလိုက်ရသည်။

စိတ်လှုပ်ရှားပြီး ကျွန်တော် ထထိုင်လိုက်သည်။ ယခင်လေယာဉ်တစ်စင်း ပေါ်လာရာအရပ်ဆီမှ လေယာဉ်တစ်စင်း ပေါ်လာသည်။ သို့ရာတွင် ဒီတစ်စင်းကတော့ ဖောင်ဆီသို့ တည့်တည့်ကြီး ပျံသန်းလာခြင်းဖြစ်သည်။ ကျွန်တော့် ခေါင်းအပေါ် ဖြတ်သန်းသွားသောအခါ ရှပ်အင်္ကျီကို တစ်ဖန် ဝှေ့ယမ်းပြရပြန်သည်။ သို့ရာတွင် လေယာဉ်က အမြင့်ကြီးမှာ ပျံသန်းနေခြင်း ဖြစ်သည်။ လေယာဉ်သည် တဖြည်းဖြည်းဝေးသွားပြီး ပျောက်ကွယ်သွားလေတော့သည်။ ထို့နောက် တစ်ကျော့ပြန်ပေါ်လာသည်။ ဘေးတိုက်ပျံနေပုံကို ကောင်းကင်ပေါ်မှာ ထင်းခနဲ တွေ့နေရသော [redacted]ယာဉ်သည် မူလလာခဲ့ရာ အရပ်ဆီသို့ ပျံသန်းသွား[redacted]၏။ အခု သူတို့ ကျွန်တော့်ကို ရှာနေကြပြီဟု ကျွန်တော် စဉ်းစားမိသည်။ ကျွန်တော် ဖောင်ပေါ်မှာ ရှပ်အင်္ကျီကို ကိုင်ရင်း နောက်ထပ်လေယာဉ်များ ပေါ်အလာကို စောင့်မျှော်နေမိသည်။

လေယာဉ်များနှင့်ပတ်သက်၍ သေချာတာ





တစ်ခုကတော့ ရှိသည်။ သူတို့ပေါ်လာသည့် နေရာနှင့် ပျောက်သွားသည့် နေရာမှာ တစ်နေရာတည်း။ ထို့ကြောင့် ထိုအရပ်မှာ ကုန်းရှိရမည်။ အခုဘာလုပ်ရမလဲဆိုတာကို ကျွန်တော်သိသွားပြီ။ သို့သော် မည်သို့နည်း။ ဖောင်သည် ညက အတန်ကြာ ခရီးနှင်နေခဲ့သော်ငြားလည်း ကမ်းခြေနှင့် အတော်ဝေးနေဦး မည်။ ယခုကမ်းဘယ်အရပ်မှာ ရှိသလဲဆိုတာ ကျွန်တော်သိသွားပြီ။ သို့သော်လည်း နေက အသားကို ကြက်အရေပြား ဖြစ်အောင် လုပ်လိုက်၊ ဆာလွန်း၍ ဗိုက်ကအောင့်လိုက်နှင့် ဘယ်ရွေ့ဘယ်မျှအထိ လှော်ရမလဲဆိုတာကိုတော့ မသိနိုင်ပေ။ အားလုံးထက် ပိုဆိုးသည်မှာ ရေဆာလာခြင်း ဖြစ်သည်။ ရေငတ်သည့်ဒဏ်က တဖြည်းဖြည်းပိုဆိုးလာပြီး အသက်ရှူပင် ကျပ်လာသည်။

ဆယ့်နှစ်နာရီ သုံးဆယ့်ငါးမိနစ်လားတော့ မသိ။ အချိန်ကို ကျွန်တော် တိတိကျကျ မမှတ်မိတော့။ အောက်ခြေမှာ ဖောတွေပါသော အနက်ရောင် လေယာဉ်ကြီးသည် ကျွန်တော့်ခေါင်းပေါ်တည့်တည့်မှာ တဟီးဟီးမြည်နေသည်။ ကျွန်တော့်ရင် ဆောင့်ခနဲ ခုန်သွားသည်။ ထိုလေယာဉ်ကြီးကို ကျွန်တော် ကွဲကွဲပြားပြား မြင်နေရသည်။ နေ့သည် ကြည်လင် နေသောကြောင့် အနက်ရောင်မှန်ပြောင်းတစ်စုံဖြင့် လေယာဉ်ခန်းမှ ကြည့်နေသည့် လူကိုပင် ကျွန်တော်မြင်နေရသည်။ လေယာဉ်က ကျွန်တော်နှင့် နီးနီးလေးမှာ နိမ့်နိမ့်



www.burmeseclassic.com

www.burmeseclassic.com



လေး ပျံနေသောကြောင့် ကျွန်တော့်မျက်နှာကို လေယာဉ်အင်ဂျင်မှ ရိုက်ခတ် လာသောလေက ဟပ်မိသည်ဟုပင် ထင်မိသည်။ လေယာဉ်အတောင်ပံပေါ်က စာတွေကို မြင်နေရသည်။ လေယာဉ်က တူးမြောင်းဖုံ ကမ်းရိုးတန်း လှည့်ကင်းမှုဖြစ်သည်။

လေယာဉ်သည် ကာရစ်ဘီယန်ပင်လယ် အတွင်းပိုင်းသို့ တဝီဝီမြည်လျက် ကွေ့လာသောအခါ မှန်ပြောင်းဖြင့် ကြည့်နေသူသည် ရုပ်အင်္ကျီ ဝှေ့ယမ်းပြနေသည့် ကျွန်တော့်ကို မြင်ရမှာပဲဟု ကံသေကံမ သိနေသည်။ "သူတို့ ငါ့ကို တွေ့သွားပြီ"ဟု ရုပ်အင်္ကျီကို ဝှေ့ယမ်းနေရင်း ကျွန်တော် အော်ဟစ်ပစ်လိုက်သည်။ စိတ်လှုပ်ရှားလွန်း၍ ရူးချင်သလိုလိုဖြစ်ကာ ဖောင်ထဲမှာ ခုန်ပေါက်နေမိသည်။

## သူတို့ ကျွန်တော့်ကိုမြင်သွားပြီ

ငါးမိနစ်လျှော့လျှော့ အတွင်းမှာပင် လေယာဉ်သည် ပြန်ပတ်လာပြီး ကျွန်တော့် မျက်နှာချင်းဆိုင် နေရာတွင် မူလကပုံစံအတိုင်း ပျံဝဲနေသည်။ လေယာဉ်ဝဲဘက်သို့ စောင်းကွေ့လိုက်သောအခါ မှန်ပြောင်းဖြင့်ကြည့်နေသည့် လေယာဉ်ဦးပိုင်းကလူကို ပြတ်ပြတ်သားသား မြင်လိုက်ရသည်။ ကျွန်တော် ရုပ်အင်္ကျီကို ဝှေ့ယမ်းပြလိုက်သည်။ သို့ရာတွင် ယခု တစ်ကြိမ်၌ စိတ်ပျက်လက်ပျက် ဝှေ့ယမ်းပြနေခြင်း မဟုတ်တော့။ အကူအညီတောင်း





သည့် ပုံစံမျိုးဖြင့် တည်တည်ငြိမ်ငြိမ် ဝှေ့ရမ်းပြနေခြင်းဖြစ်သည်။ သို့ရာတွင် ကျွန်တော့်ကို လာကယ်ကြသူတွေကို လိုက်လိုက်လှဲလှဲ ကျေးဇူးတင်သည့် ပုံစံမျိုးဖြင့် ပြနေခြင်းဖြစ်သည်။

လေယာဉ်သည် ပို၍နီးလာသော်လည်း လေကြောင်းပျောက်နေသလို ဖြစ်နေသည်။ ရေပေါ်ထိလုနီးပါး ခဏမျှ ဖြောင့်ဖြောင့်ကြီး ပျံသန်းနေသည်။ လေယာဉ် ရေပေါ်ဆင်းတော့မည်ဟု ကျွန်တော်ထင်သည်။ လေယာဉ်ရေပေါ်ထိမည့်နေရာသို့ သွားရန် အသင့်ပြင်လိုက်သည်။ သို့ရာတွင် ခဏကြာသောအခါ အပေါ်ထောင်တက်သွားပြီး ပြန်လှည့်လာကာ တတိယအကြိမ်မြောက် ကျွန်တော့်ခေါင်းပေါ်မှ ပျံဝဲသွားပြန်သည်။ ထို့ကြောင့် ရုပ်အင်္ကျီကို အသည်းအသန် ဝှေ့ရမ်းပြမနေတော့။ လေယာဉ် ကျွန်တော့်အပေါ် တည့်တည့် ရောက်လာသောအခါ ကျွန်တော်က ဖျတ်ခနဲ အချက်လှမ်းပြလိုက်ပြီး နောက်တစ်ကြိမ် နိမ့်နိမ့်လေး ပျံသန်းလာမှာကို စောင့်စားနေမိသည်။ သို့ရာတွင် ဆန့်ကျင်ဘက်တွေ ဖြစ်လာသည်။ လေယာဉ်သည် အရှိန်ဖြင့် အမြင့်ကို ထောင်တက်သွားပြီး ပြန်လှည့်ကာ မူလလာရာ နေရာဆီသို့ ပျံသန်းသွားသည်။ ယခုအချိန်အထိ ကျွန်တော့်မှာ စိတ်ပူစရာ အကြောင်းမရှိသေးပါ။ သူတို့ ကျွန်တော့်ကို မြင်သွားတာ သေချာသည်။ ကျွန်တော့်အပေါ်မှာ နိမ့်နိမ့်လေး ပျံဝဲသွားတာမို့ မမြင်ဘူးဆိုသည်မှာ မဖြစ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သေချာစိတ်၊ မပူပင်စိတ်၊ အပျော်စိတ်တို့ဖြင့် ကျွန်တော် ထိုင်စောင့်နေလိုက်သည်။

တစ်နာရီ ကုန်လွန်သွားသည်။ အလွန်အရေးပါသော ဆုံးဖြတ်ချက်တစ်ခု ချရမည့်အချိန် ရောက်လာပြီ။ လေယာဉ်များ ပေါ်လာသည့် အရပ်မှာ ကာတာဂျီနာပဲဆိုတာ သံသယဖြစ်ဖွယ်ရာမရှိ။ အနက်ရောင် လေယာဉ်ကြီး ကွယ်ပျောက် သွားသည့်နေရာက ပနားမားတူးမြောင်းပေါ်မှာ ဖြစ်သည်။ လေအားကြောင့် ကျွန်တော့် လမ်းကြောင်း အနည်းငယ်စွေစောင်း သွားသည်ထားဦး တည့်တည့်ကြီး လော့ခတ်သွားမည်ဆိုလျှင် တုလုကမ်းခြေစခန်းသို့ ရောက်နိုင်မည်ဟု ကျွန်တော် တွက်ချက်နေမိသည်။ ထိုလမ်းသည် အနည်းနှင့်အများဆိုသလို လမ်းနှစ်ခုကြားထဲမှ အလယ်အလတ်လမ်း ဖြစ်နိုင်သည်ဟု ဆိုရမည်။

တစ်နာရီအတွင်း ကယ်တင်ခြင်း ခံရမည်ဟု ကျွန်တော် တွေးနေမိခဲ့သည်။ သို့သော် ကြည်လင်ပြီး အလုံးစုံတည် ငြိမ်နေသည့် ပင်လယ်ပြာထဲမှာ ဘာဆိုဘာမှ ဖြစ်မလာပဲ တစ်နာရီဆိုသော အချိန်ကသာ ကုန်လွန်သွားခဲ့လေသည်။ နောက်ထပ် နှစ်နာရီ ကုန်ဆုံးသွားပြန်ပြီ။ ထို့နောက်. . တစ်နာရီပြီး တစ်နာရီ. .။ ဘောင်ပေါ်မှနေ၍ ကျွန်တော် တစ်စက္ကန့်မျှ မရွေ့မိ။ ကျွန်တော်စိုးရိမ်လာသည်။ မိုးကုပ်စက်ဝိုင်းကိုသာ မျက်တောင်မခတ်ဘဲ စူးစူးစိုက်စိုက် ကြည့်နေမိသည်။





ငါးနာရီတွင် နေက ဝင်စပြုနေပြီ။ မျှော်လင့်ချက်ကို လက်မလျှော့သော်လည်း နေရတာ ကသိကအောက် ဖြစ်လာသည်။ အနက်ရောင် လေယာဉ်ကြီးပေါ်မှ သူတို့ ကျွန်တော့်ကို မြင်သည်မှာ သေချာသည်။ သို့ရာတွင် ကျွန်တော့်ကို လာမကယ်ဘဲ အဘယ့်ကြောင့် အချိန်တွေ အများကြီး ကုန်လွန်သွားရတာလဲဆိုတာကို နားမလည်နိုင်အောင် ဖြစ်မိသည်။ ကျွန်တော့် လည်ချောင်းမှာ လုံးဝခြောက်ကပ်နေပြီ။ အသက်ရှူဖို့တောင် တော်တော်ခဲယဉ်းလာသည်။ ဘာကြောင့်မှန်းတော့ မသိ။ ကျွန်တော် မိုးကုပ်စက်ဝိုင်းကို စိတ်ပျက် အားငယ်စွာကြည့်ပြီး ခုန်လိုက်ရာ ဖောင်အလယ်ခေါင်သို့ ပြုတ်ကျသွားသည်။ ငါးမန်းသည် သားကောင်ကို လိုက်ရှာနေသည့်ပမာ ဖောင်၏ဘေးမှ ဖြည်းညင်းစွာ လျှောထွက်သွားသည်။

## ငါးနာရီမှာ ငါးမန်းတွေ ရောက်လာပြီ

ကျွန်တော် ဖောင်ပေါ်မှာ နာရီသုံးဆယ်လုံးလုံး ရှိနေခဲ့သည့် အချိန်တွင် ပထမဦးဆုံး မြင်ရသောသတ္တဝါမှာ ထိုငါးမန်းပင် ဖြစ်သည်။ ငါးမန်းဆိုသော သတ္တဝါမှာ လောဘကြီးတတ်သော သတ္တဝါဟု သိထား၍ သူ့ဆူးတောင်ကို မြင်ရသောအခါ ထိတ်လန့်စရာတွေ အတွေး ထဲမှာပေါ်လာသည်။ သို့ရာတွင် အမှန်မှာတော့ ဆူးတောင်ကို မြင်ရရုံမှလွဲပြီး အန္တရာယ်ပေးမည့် ပုံတော့



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရ။ ထိုဆူးတောင်သည် တိရိစ္ဆာန်တစ်ကောင်၏ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုနှင့် လားလားမျှ မတူပေ။ ငါးမန်းလို အန္တရာယ်ပေးတတ်သော သတ္တဝါမျိုးနှင့်ဆိုလျှင် ပို၍တောင် မအပ်စပ်သေးသည်။ ငါးမန်းဆူးတောင်သည် အစိမ်းရောင်ရှိပြီး သစ်ခေါက်ပမာ ကြမ်းတမ်း၏။ ဖောင်၏ဘေးမှ ထိုဆူးတောင် ဖြတ်သွားတာကိုကြည့်နေရင်း ဆူးတောင်သည် ခါးသလိုလို၊ အသီးအရွက်တို့ အပေါ်ယံလွှာအနံ့လိုလို အနံ့မျိုးလည်း ရှိမည်ဟု ကျွန်တော် စဉ်းစားမိသည်။ အချိန်က ငါးနာရီကျော်ပြီ။ ပင်လယ်သည် ညနေခင်း အလင်းရောင်ထဲတွင် တိတ်ဆိတ်နေသည်။ ငါးမန်းတွေ အများကြီး ဖောင်နားသို့ ကပ်လာသောအခါ ကျွန်တော့်မှာ အညင်းပန်းခံရသလိုပင် အမှောင်ထုကြီးစိုးသည်အထိ စိတ်ရှုပ်ရှုပ်ဖြင့်နေရသည်။ ထို့နောက်  အလင်းရောင် မရှိတော့သော်လည်း ငါးမန်းများသည် တည်ငြိမ်သော ရေမျက်နှာပြင်ကို ဆူးတောင်၏ အသွားများဖြင့် ထိုးခွဲရင်း အမှောင်ထဲမှာ ဝဲလှည့်နေမည်ဟု ကျွန်တော် သိနေသည်။

ထိုအကြောင်းတွေကြောင့် ငါးနာရီထိုးပြီးသောအခါ ကျွန်တော် ဘောင်ပေါ်မှာမထိုင်တော့။ နောက်ထပ် ရက်အတန်ကြာလျှင် ငါးမန်းများသည် အချိန်အလွန်တိကျသော သတ္တဝါတွေဖြစ်ကြောင်း ကျွန်တော် သိရတော့မည်ဖြစ်သည်။ သူတို့သည် နောက်နေ့များတွင်လည်း ငါးနာရီထိုးပြီး ခဏနေလျှင် ရောက်လာမည်။





ညရောက်လျှင် ပျောက်ကွယ်သွားပေလိမ့် မည်။

ညနေ ဆည်းဆာအချိန်မှာ ကြည်လင်သော ပင်လယ်ရေသည် ကြည့်ချင်စဖွယ် ရင်သပ်ရှုမောမဆုံး ဖြစ်နေလေသည်။ ကြီးမားလှသော အဝါရောင်နှင့် အစိမ်းရောင်ငါးများ၊ အပြာနှင့် အနီစင်းငါးများ၊ ကြီးကြီးငယ်ငယ် ရှယ်ရှယ်သေးသေးတို့သည် ဖောင်အနားမှာ အုပ်စုဖွဲ့နေကြသည်။ တစ်ခါတစ်ရံဆိုလျှင် ထိုနေရာမှာ သတ္တုရောင်တစ်ရောင် လက်သွားတတ်ပြီး သွေးစွန်းသောရေစက်များ ဖောင်ထဲသို့ ကျလာတတ်သည်။ ငါးမန်းအကိုက်ခံရသော ငါးအသေအပိုင်းအစများ ရေပေါ်မှာ မျောနေတတ်သည်။ထို့နောက် ထိုအပိုင်းအစတွေ ကြားထဲမှာ မရေတွက်နိုင်သော ငါးပေါက်စတွေ ပေါ်လာသည်။ ထိုကဲ့သို့သော အချိန်များတွင် ငါးမန်းစားသွားသည့် အကြွင်းအကျန်၏ အသေးဆုံးအစလေး အတွက် ကျွန်တော့်ဝိညာဉ်ကိုပါ ရောင်းစားမိပေလိမ့်မည်။

ပင်လယ်ထဲမှ ကျွန်တော်၏ ဒုတိယညကတော့ ဆာလောင်မှု၊ ရေငတ်မှုနှင့် စိတ်ပျက်အားငယ်မှုတို့သာဖြစ်လေသည်။ ကယ်တင်ခြင်း ခံရလိမ့်မည် ဆိုသော မျှော်လင့်ချက်ကို ဖက်တွယ်လျက် စွန့်ပစ်ထားခြင်း ခံနေရသည်ဟု ကျွန်တော် ခံစားမိသည်။ ထိုညမှာပဲ ကျွန်တော့်ကိုယ်ကျွန်တော် ကယ်တင်နိုင်မည့်အရာ ကျွန်တော်၏စိတ်နှင့် ကျန်ရှိနေသေးသည့် ခံနိုင်ရည်



www.burmeseclassic.com

www.burmeseclassic.com



သာဖြစ်သည်ဟု သန္နိဋ္ဌာန် ချလိုက်မိသည်။

တစ်စုံတစ်ခုသော အရာက ကျွန်တော့်ကို အံ့အားသင့်စေသည်။ အားနည်းသလို ခံစားရသည်။ သို့သော် ပင်ပင်ပန်းပန်း မရှိလှသေး။ နာရီလေးဆယ်လုံးလုံး အစာမစား ရေမသောက်။ နှစ်ရက်နှင့် နှစ်ည (မှန်တိုင်းမမိခင် တစ်ညလုံး ကျွန်တော် နိုးကြားနေခဲ့သည်) လုံးလုံးတစ်မေးမှ မအိပ်ဘဲ ကျွန်တော် တောင့်ခံနိုင်ခဲ့သည်။ ထို့အပြင် လှော်ဖို့ပါ တတ်နိုင်သေးသည်ဟု ခံစားနေရသည်။

အာဆာမီနာကို ကျွန်တော်ရှာမိပြန်သည်။ ကျွန်တော် အာဆာမီနာကို မလွတ်တမ်းကြည့်ပြီး ဖောင်ကို စလှော်လေတော့သည်။ လေပြည်ညင်းက တသော့သော့တိုက်ခတ်နေသည်။ သို့ရာတွင် ထိုလေက ကျွန်တော်သွားရမည့် အာဆာမီနာကြယ် ရှိရာလမ်းကြောင်းတည့်တည့်ဘက်ဆီသို့ တိုက်ခတ်နေခြင်း မဟုတ်ပေ။ ကျွန်တော် လှော်တက်နှစ်ခုစလုံးကို ဖောင်၏ ဘောင်တစ်ဖက်တစ်ချက်ဆီမှာ သေသေချာချာ တပ်ဆင်ပြီးမှ ဆယ်နာရီထိုးသည်အထိ လှော်ခတ်ရန် စိတ်ပိုင်းဖြတ်ထားသည်။အစပိုင်းမှာ ဒေါသတကြီး လှော်နေမိသည်။ နောက်မှ အာဆာမီနာကို မလွတ်တမ်း ကြည့်ရင်း အိန္ဒြေရရ လှော်သည်။ ကျွန်တော့် တွက်ကိန်းအရဆိုလျှင် ထိုကြယ်သည် ပိုပါတောင်ထိပ်ပေါ်မှာ တောက်ပနေတာဖြစ်နိုင်သည်။





ရေသံကို နားထောင်ကြည့်ရာ ကျွန်တော် ရှေ့ကို သွားနေပြီဟု သိလိုက်ရသည်။ လှော်ရတာ မောလာသောအခါ လှော်တက်နှစ်ခုကို ကြက်ခြေခတ်ပြီး ခေါင်းငိုက်စိုက်ချကာ အနားယူသည်။ ထို့နောက် ယခင်ကထက် ပို၍ မျှော်လင့်ချက် ကြီးစွာ လှော်တက်များကို ပိုပြီးတင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။ သန်းခေါင်ယံတိုင်သည်အထိ ကျွန်တော် လှော်ခတ်နေဆဲ။

## အဖော်တစ်ယောက်

မနက်နှစ်နာရီမှာ ကျွန်တော်ခြေကုန်လက်ပန်း ကျနေပြီ။ လှော်တက်နှစ်ခုကို ကြက်ခြေခတ်ပြီး အိပ်ဖို့ ကျွန်တော် ကြိုးစားမိသည်။ ရေဆာသည်မှာ အလွန်အကျွံဖြစ်သော်လည်း ဗိုက်ဆာတာကိုတော့ ထိန်းထားနိုင်သည်။ ကျွန်တော် အရမ်းမောနေသောကြောင့် လှော်တက်ပေါ် ခေါင်းမှီကာ သေဖို့အသင့်ပြင်လိုက်သည်။ *ဂျေမီးမန် ဟာရေး*တစ်ယောက် ဖျက်သင်္ဘော၏ ကုန်းပတ်ပေါ်မှာထိုင်၍ ဆိပ်ကမ်းရှိရာသို့ လက်ညှိုးထိုးပြနေပုံကို ကျွန်တော်မြင်ရသည်။ *ဂျေမီးမန် ဟာရေး*သည် ဘိုဂိုတာမှဖြစ်ပြီး လေတပ်ရှိ မိတ်ဟောင်းဆွေဟောင်းတွေထဲမှ တစ်ယောက်ဖြစ်သည်။ အသက်ကယ်ဖောင်ဆီရောက်ဖို့ ကြိုးစားကူးခတ်နေသည့် အဖော်တွေအကြောင်း ကျွန်တော် မကြာခဏ တွေးမိသည်။ သူတို့ တခြားအသက်ကယ်ဖောင်ပေါ် ရောက်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သလား၊ သူတို့ကို ဖျက်သဘော်က ကယ်မှ ကယ်သွားရဲ့လား၊ ဒါမှမဟုတ် လေယာဉ်ပျံတွေက သူတို့ကို ကယ်သွားလေသလားဟု ကျွန်တော် အမျိုးမျိုး စဉ်းစားနေမိသည်။ သို့ရာတွင် *ဂျေမီးမန်ဟာရေး* အကြောင်း ကျွန်တော် နည်းနည်းလေးမှ ထည့်မစဉ်းစားမိ။ သို့သော်ငြားလည်း ကျွန်တော့်မျက်လုံးမှိတ်လျှင် မိတ်ချင်း သူ့ပုံပေါ်လာသည်။ ပြုံးလို့ ဆိပ်ကမ်းဆီသို့ အရင်ဆုံး လက်ညှိုးထိုးပြသည်။ ထို့နောက် ကျွန်တော့်ရှေ့က သဘော်၏အမိုက်တွေ ကြားထဲမှာထိုင်နေသည်။ သစ်သီးပန်းကန်တစ်ချပ်နှင့် ကြက်ဥမွှေကြော်တွေကို သူ့လက်ထဲမှာ ကိုင်ထားသည်။

အစကတော့ ထိုအဖြစ်သည် အိပ်မက် တစ်ခုပင်။ ကျွန်တော့် မျက်လုံးအစုံကို မိတ်ပြီး တစ်ခဏမျှ အိမ်မည်ကြံတိုင်း *ဂျေမီးမန်ဟာရေး* ပုံပေါ်လာသည်။ ထိုအချိန် ထိုနေရာမှာပဲ ဖြစ်သည်။ နောက်ဆုံး ကျွန်တော် သူ့ကို စကားပြောဖို့ ကြိုးစားလိုက်သည်။ အစက ကျွန်တော် သူ့ကို ဘာမေးခဲ့သလဲဆိုတာ ကျွန်တော်မမှတ်မိတော့ပါ။ သူက ဘာပြန်ဖြေခဲ့သလဲဆိုတာကိုပါ မမှတ်မိတော့။ သို့ရာတွင် ကျွန်တော်တို့ ကုန်းပတ်ပေါ်မှာ စကားပြောနေစဉ် ပြုန်းခနဲ သေစေနိုင်လောက်သည့် လှိုင်းလုံးကြီး ကျရောက်ခဲ့ခြင်းဖြစ်သည်။ ထိုလှိုင်းပုတ်မိချိန်က ဆယ့်တစ်နာရီ ငါးဆယ့်ငါးမိနစ်။ ကျွန်တော် ဆတ်ခနဲနိုးလာ သည်။ ကျွန်တော့် တစ်ကိုယ်





လုံး ရှိသမျှ အားကုန်သုံး၍ လှော်တက်ကို ဆုပ်ကိုင်ထားမိသည်။ သို့မှသာ ကျွန်တော် ပင်လယ်ထဲ ကျမသွားမှာ မဟုတ်လား။

အရုဏ်မကျင်းခင်လေးမှာ ကောင်းကင်တစ်ခွင်လုံး မှောင်မိုက်သွားသည်။ ကျွန်တော် အရမ်းမောလာပြီး အိပ်ချင်လာသည်။ အမှောင်ထုက လွှမ်းခြုံထားသောကြောင့် ဖောင်၏ တစ်ဖက်စွန်းကို ကြည့်ဖို့ စိတ်ကူးကို လက်လျှော့လိုက်သည်။ သို့ရာတွင် ထိုဝါးတားတားနေရာသို့ ထိုးဖောက်ကြည့်နိုင်ရန် အားစိုက်ရင်း ကြည့်မြဲကြည့်နေမိသည်။ ထိုစဉ်မှာပဲ *ဂျေမီးမန်ဟာရေး*သည် ယူနီဖောင်းအပြည့်နှင့် ဖောင်၏ဘောင်ပေါ်မှာ ထိုင်နေတာကို ကျွန်တော် တွေ့လိုက်ရသည်။ အပြာရောင် ဘောင်းဘီ၊ အင်္ကျီနှင့်။ ဦးထုပ်ကို ညာဘက်နားရွက်ဆီသို့ မဆိုစလောက်လေးစောင်း၍ ဆောင်းထားသည်။ မှောင်မည်းနေ သော်လည်း သူ့ဦးထုပ်ပေါ်က စာလုံးတွေကို ကျွန်တော်မြင်နေရသည်။ "အေ၊ အာ၊ စီ ကယ်လ်ဒက်စ်"

"ဟယ်လို" ဟု မကြောက်မလန့်ဘဲ ကျွန်တော် သူ့ကို မေးလိုက်သည်။

ထိုနေရာမှာ *ဂျေမီးမန်ဟာရေး* ရှိနေသည်ဆိုတာကို သံသယဖြစ်စရာ မရှိတော့။ သူ ထိုနေရာမှာ အမြဲရှိနေခဲ့တာကို သံသယဖြစ်စရာ မရှိတော့။

ယခုအဖြစ်သည် အိပ်မက်တစ်ခုဖြစ်နေလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှပြဿနာ မရှိပါ။ သို့ရာတွင် ကျွန်တော် လုံးဝ နိုးနိုးကြားကြား ရှိနေသည်။ လုံးဝ ကြည်ကြည်လင်လင် ရှိနေသည်ဆိုတာကို ကျွန်တော်သိသည်။ လေတိုက်သံ တရှဲရှဲနှင့် ပင်လယ်၏အသံများကို ကျွန်တော်ကြားနေရသည်။ ကျွန်တော်ရေဆာလာသည်။ ဗိုက်ဆာသည်။ *ဂျေမီးမန်ဟာရေး*သည် ဖောင်ပေါ်မှာ ကျွန်တော်နှင့် အတူ ရှိနေတာကို မြူတစ်မှုန်မျှပင် သံသယမဖြစ်မိ။

"သင်္ဘောပေါ်မှာတုန်းက ဘာလို့ ရေအဝ မသောက်ခဲ့တာလဲဗျ " ဟု သူက မေးပါသည်။

"ကျွန်တော်တို့က ကာတာဂျီနာမှာ သင်္ဘော ဆိုက်မှာမို့လို့ဗျာ။ ပြီးတော့ ကျွန်တော်က ပဲ့ပိုင်းက ကုန်းပတ်ပေါ်မှာ *ရေမွန်ဟာရီယာ*နဲ့အတူ အနားယူနေတာ "

ဒါသရဲခြောက်တာ၊ ကိုယ်ရောင်ပြတာ မဟုတ်။ ကျွန်တော်မကြောက်ပါ။

"ဘာလို့ ဗိုက်မဖြည့်ခဲ့တာလဲဗျ" သူက မေးပြန်သည်။

"သူတို့က ကျွန်တော့်ကို စားစရာ မပေးချင်လို့ပေါ့ဗျာ။ ကျွန်တော်က ပန်းသီးတွေနဲ့ ရေခဲမုန့် ပေးပါလို့ တောင်းပါသေးတယ်။ စားစရာတွေကို သူတို့ ဘယ်မှာ ဝှက်ထားသလဲဆိုတာ ကျွန်တော်မှ မသိတာ" ဟု ဖြေခဲ့ပုံကို ကျွန်တော် ပြတ်ပြတ်သားသား သတိရလာသည်။





*ဂျေမီးမန်ဟာရေး*က ပြန်မဖြေပါ။ သူခဏမျှ နှုတ်ဆိတ်သွားသည်။ သူက ကာတာဂျီနာသို့ သွားရမည့်လမ်းကို နောက်လှည့်ပြီးပြသည်။ သူညွှန်ပြရာဆီသို့ ကြည့်လိုက်သောအခါ ကမ်းပေါ်က မီးရောင်များနှင့် ဆိပ်ကမ်းမှာ ဇော်ယာများ လှုပ်နေသည်ကို မြင်ရသည်။ "ကျွန်တော်တို့ ရောက်တော့မယ်" ကျွန်တော်က ဆိပ်ကမ်းမီးရောင်များကို မလွတ်တမ်းကြည့်ကာ သာမန် ခရီးတစ်ခုသွားပြီး ပြန်ရောက်လာသလို စိတ်လှုပ်ရှားမှု မပါ၊ ပျော်ရွှင်မှုမပါဘဲနှင့် ပြောလိုက်သည်။ နည်းနည်း ထပ်လျော့လို့ ရနိုင်ဦးမလားဟု ကျွန်တော် *ဂျေမီးမန် ဟာရေး*ကို ပြောလိုက်သည်။ သို့ရာတွင် မှုလနေရာတွင် သူမရှိတော့ပေ။ ဖောင်ပေါ်မှာ ကျွန်တော် တစ်ယောက်တည်း။ ဆိပ်ကမ်းမီးရောင်တွေကနေ အလင်းတန်းတွေ ဖြစ်သွားသည်။ ပင်လယ်ထဲမှာ တတိယမြောက် အထီးကျန်နေ့၏ ပထမဦးဆုံးရောင်ခြည်ဦးပင် ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၆
## ကယ်တင်ရှင်သင်္ဘောနှင့်လူ့ရိုင်းကျွန်း

အစက ကုန်လွန်သွားသည့် ရက်များကို နေ့စွဲများဖြင့် မှတ်သားခဲ့သည်။ ပထမနေ့ ဖေဖော်ဝါရီလ ၂၈ ရက်နေ့သည် ဒုက္ခကြုံသည့်နေ့။ ဒုတိယနေ့က လေယာဉ်ပျံများလာသည့်နေ့။ တတိယနေ့က အခက်ခဲဆုံးနေ့ဖြစ်သည်။ ထူးထူးခြားခြားဟူ၍ ဘာမှမဖြစ်။ အသက်ကယ်ဖောင်သည် လေနှင်ရာအတိုင်း သွားနေသည်။ လှော်ခတ်ဖို့ အင်အားမရှိတော့။ တိမ်တွေ အုံ့ဆိုင်းနေ၍ အအေးဒဏ်ခံရကာ နေကို မမြင်ရသောကြောင့် တောင့်ခံနိုင်သည့် စိတ်တွေပင် ပျောက်ပျက်သွားရသည်။ ထိုမနက်မှာ လေယာဉ်တွေ ဘယ်အရပ်ဆီမှ ပေါ်လာမလဲဆိုတာ ကျွန်တော် မခန့်မှန်းတတ်တော့။ အသက်ကယ်ဖောင်မှာ ဦးပိုင်းမရှိ။ ပဲ့ပိုင်းမရှိ။ လေးထောင့်





စပ်စပ်ဖြစ်သည်။ တစ်ခါတစ်ရံ ဘေးတိုက်ရွေ့သည်။ တစ်ခါတစ်ရံမှာ ဘယ်ကိုဦးတည်မှန်းမသိ ကွေ့ပတ်နေသည်။ ပင်လယ်မှာ အရပ်လေးမျက်နှာ ဘယ်ကိုပဲကြည့်ကြည့် အတူတူပင်ဖြစ်သည်။ ကိုးကား မှတ်သားထားစရာ တစ်ခုမှ မရှိသောအခါ ရှေ့တိုးနေသလား။ နောက်ဆုတ်နေသလားဆိုတာ မသိနိုင်ပေ။ ထို့ကြောင့် သည်လမ်းကြောင်း ပြောင်းသွားသလား၊ တစ်ပတ်လည်သွားသလားဆိုတာကို ကျွန်တော် မသိတော့။ တတိယနေ့ လွန်မြောက်သွားသောအခါ အချိန်နှင့် ပတ်သက်၍လည်း အလားတူဖြစ်ရပ်မျိုးဖြစ်ခဲ့ရသည်။

မွန်းတည့်ချိန်မှာ အလုပ်နှစ်ခုလုပ်ရန် ကျွန်တော် ဆုံးဖြတ်လိုက်သည်။ တစ်ခုက ဖောင်၏ အစွန်းတစ်ဖက်မှာ လှော်တက်တစ်ခုကို အသေချထားမည်။ ထိုလားရာဘက်အတိုင်း အမြဲရွေ့နေသလားဆိုတာကို သိနိုင်ရန်ဖြစ်သည်။ ဒုတိယ တစ်ခုက ကုန်လွန်သွားသည့်နေ့များကို ဖောင်၏ဘောင်ပေါ်တွင် မှတ်သားထားရန် ကျွန်တော့်သော့တွဲကို အသုံးချခြင်းဖြစ်သည်။ ပထမဆုံး နံပါတ်တစ်ခုခြစ်လိုက်သည်။ ၂၈။ နောက်တစ်ခု ထပ်ခြစ်လိုက်သည်။ ၂၉။ နောက်တစ်ခုခြစ်လိုက်သည်။ ၃၀။ ပြီးမှ ကျွန်တော် မှားသွားပြီဆိုတာ သိလိုက်သည်။ ဒီနေ့ကို ကျွန်တော် သုံးဆယ်ရက်နေ့ဟု ထင်နေသော်လည်း အမှန်မှာမူ မတ်လနှစ်ရက်နေ့ဖြစ်သည်။ ကျွန်တော့်အမှားကို စတုတ္ထနေ့မှ [illegible]ဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်မိခြင်းဖြစ်သည်။ ကျွန်တော် စဉ်းစားနေခဲ့သည်က တစ်လမှာ ရက်သုံးဆယ် ရှိတာလား သုံးဆယ့်တစ်ရက် ရှိတာလားဟုဖြစ်သည်။ နောက်တော့မှ ဖေဖော်ဝါရီလ ပါလား ဆိုတာကို သတိရလိုက်သည်။ ယခုအချိန်မှာ တော့ ထိုအမှားမှာ အသေးအဖွဲလေးပင် ဖြစ်သော်လည်း ကျွန်တော်၏ အချိန်သတ်မှတ် ချက်ကိုတော့ ရောထွေး စေလေသည်။ စတုတ္ထနေ့ရောက်သောအခါ ဖောင်ပေါ် မှာ ရက်ဘယ်လောက် ကုန်သွားခဲ့လဲဆိုတာ ပြက္ခဒိန်အရ မသေချာတော့။ သုံးရက်လား၊ လေးရက်လား . . . မသိတော့။ ကျွန်တော့် အမှတ်အသားအရ ဖေဖော်ဝါရီပဲ ဖြစ်ဖြစ်၊ မတ်လပဲဖြစ်ဖြစ် သုံးရက်ရှိပြီ။ ဖောင်က ရွေ့တိုးနေသလား၊ နောက်ဆုတ်နေသလား ဆိုတာကို သေသေချာချာမသိသလို ထိုရက်တွေ သေချာလား မသေချာဘူးလား ဆိုတာကိုလည်း ကျွန်တော်မသိ။ နောက်ထပ် ရောထွေးစေမည့် အရာများ ဖြစ်လာမည့် ဘေးမှ ရှောင်ရန်အတွက် တချို့သောအရာများကို ခေါင်း ထဲမှ ထုတ်ပစ်လိုက်သည်။ ကျွန်တော် ကယ်တင်ခြင်း ခံရမည် ဆိုသော မျှော်လင့်ချက်သည် လုံးလုံးလျားလျား ပျောက်ကွယ်သွားခဲ့လေပြီ။

ခုအချိန်အထိ ကျွန်တော် ဘာမှ မစားရသေး၊ မသောက်ရသေး။ အတွေးများကို စုစည်းရသည်မှာ အားစိုက်ရသောကြောင့် နောက်ထပ် မတွေးချင်တော့ပါ။ ကျွန်တော့်အရေပြားမှာ နေလောင်သည့် ဒဏ်ကြောင့်





အလွန်တရာ နာကျင်လှသည့် ဝေဒနာကို ခံစားနေရကာ အရည်ကြည်ဖုလေးများပင် ပေါက်နေသည်။ လေတပ် အခြေခံသင်တန်း တက်ခဲ့ရစဉ်က ဆရာသည် ဂရုစိုက်ရ မည့် အရာအားလုံး ဂရုစိုက်ရန်၊ အဆုတ်ကို နေရောင်နှင့် တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ကျဉ်ရန် အကြံပေးဖူး သည်။ ကျွန်တော် စိုးရိမ်သည့် အထဲမှာ ထိုတစ်ခု လည်းပါသည်။ ရေစိုနေဆဲဖြစ်သော ရုပ်အင်္ကျီကိုချွတ်ပြီး ခါးမှာ ပတ်ချည်လိုက်သည်။ သုံးရက်လုံးလုံး ရေတစ်စက် မှ မသောက်ခဲ့ရ၍ ကျွန်တော့်ခန္ဓာကိုယ်မှ ချွေးထွက် နိုင်မည် မဟုတ်တော့ပါ။ လည်ချောင်း၊ ရင်ဘတ်နှင့် လက်ပြင်အောက်များမှာ စူးစူးရှရှ နာကျင်လာသည်။ ထို့ကြောင့် စတုတ္ထမြောက်နေ့တွင် ပင်လယ်ရေ အနည်း ငယ်ကို သောက်လိုက်သည်။ ပင်လယ်ရေသည် ရေငတ် မပြေစေသော်လည်း ပြန်လည်လန်းဆန်းမှုတွေ ပေး သည်။ ပင်လယ်ရေကို ဒုတိယအကြိမ်သောက်လျှင် အနည်းငယ်သာ သောက်သင့်သည်ကို သိထားသော ကြောင့် ထပ်မသောက်သေးပဲ အချိန် အကြာကြီး ဆွဲထားနေမိသည်။ တစ်ခါနှင့်တစ်ခါ နာရီပေါင်းများစွာ ခြားပြီးမှ သောက်ရမှာမဟုတ်လား။

အံ့ဩဖွယ်ရာကောင်းလောက်အောင် တိကျ နေသည်က နေ့စဉ်နေ့တိုင်း ငါးနာရီထိုးပြီဆိုလျှင် ငါးမန်း များ ရောက်လာခြင်းဖြစ်သည်။ ပြီးလျှင် အသက်ကယ် ဖောင်တစ်ဝိုက်မှာ သူတို့ ညစာစားကြသည်။ ရှေ့ပေါ် သို့



www.burmeseclassic.com

www.burmeseclassic.com



ငါးကြီးကြီး တစ်ကောင်ဝုန်းခနဲပေါ်လာပြီး ခဏနေလျှင် တော့ အပိုင်းပိုင်းအတစ်တစ်ဖြစ်လျက် ရေပေါ်မှာ ပြန်ပေါ်လာလေသည်။ ဖောင်ကို ဖျက်ဆီးဖို့ မကြိုးစား၍သာ တော်ပေသေးသည်။ သို့ရာတွင် ဖောင်၏အဖြူရောင်ကတော့ သူတို့ကို ဆွဲဆောင်မှုရှိလေသည်။ ငါးမန်းများသည် အဖြူရောင်အရာဝတ္ထုများကို ပိုမဲပြီး တိုက်ခိုက်တတ်သည်ကို လူတိုင်းသိပြီးသားပင်ဖြစ်သည်။ ငါးမန်းများ၏ မျက်စိသည် အဝေးမှုန်ဖြစ်သောကြောင့် အဖြူရောင်နှင့် တောက်တောက်လက်လက် အရောင်များကိုသာ မြင်နိုင်စွမ်းရှိကြလေသည်။ ထို့နောက် သင်တန်းဆရာ၏ တခြားသတိပေးချက်များကို ကျွန်တော် သတိရလာသည်။ "ငါးမန်းတွေ မလာအောင် တောက်တောက်ပပ ပစ္စည်းမှန်သမျှ ဝှက်ထားရမယ်" တဲ့။

ကျွန်တော့်မှာ တောက်တောက်ပပ ပစ္စည်းဟူ၍ ဘာမှမရှိ။ ကျွန်တော့်နာရီက မှန်မှအစ အနက်ရောင်ဖြစ်သည်။ သို့ရာတွင် ကျွန်တော့်မှာ လွှင့်ပစ်ဖို့ရာ အဖြူရောင်ပစ္စည်းများရှိနေလျှင် ပိုပြီး ကောင်းပေမည်။ ရှိပါက ထိုပစ္စည်းကို ဖောင်နှင့် ခပ်ဝေးဝေးသို့ လွှင့်ပစ်လိုက်လျှင် ငါးမန်းများက ရေထဲမှခုန်၍ ဆွဲယူကြပေလိမ့်မည်။ စတုတ္ထမြောက်နေ့မှစ၍ အရေးကြုံလျှင် ကိုယ့်ကိုယ်ကို ကာကွယ်ဖို့ အဆင်သင့်ဖြစ်နေစေရန် ငါးနာရီထိုးပြီးလျှင် လှော်တက်ကို တင်းတင်းဆုပ်ကိုင်ထားရသည်။





## မြင်ကွင်းထဲမှသင်္ဘောတစ်စင်း

ညရောက်လျှင် လှော်တက်တစ်ချောင်းကို ဖောင်ထဲမှာ ကန့်လန့်ဖြတ်ထားပြီး အိပ်ဖို့ကြိုးစားရသည်။ ကျွန်တော် အိပ်ပျော်နေချိန်မှာ ဖြစ်နေတာလား၊ နိုးနေချိန်မှာ ဖြစ်နေတာလားဟူ၍ အသေအချာတော့ မသိ။ ညတိုင်း ကျွန်တော်*ဂျေမီးမန်ဟာ*ရေးကို တွေ့သည်။ ကျွန်တော်တို့နှစ်ယောက် ခဏတာမျှ ဟိုအကြောင်း ဒီအကြောင်း စုံအောင်ပြောပြီးလျှင် သူပျောက်ကွယ်သွားသည်။ သူအလည်လာတာကို ကျွန်တော့်အနေနှင့် အကျွမ်းတဝင်ဖြစ်နေလေပြီ။

နေထွက်လာသောအခါ ညကအဖြစ်အပျက်မှာ ထင်ယောင်ထင်မှားဖြစ်ခဲ့တာတွေပဲဟု ကျွန်တော်စဉ်းစားနေမိသော်လည်း ညရောက်သောအခါ *ဂျေမီးမန်ဟာရေး* ဖောင်ပေါ်မှာ ကျွန်တော်နှင့်အတူရှိနေသည်ကို စိုးစဉ်းမျှ သံသယမဝင်မိပေ။ ပဉ္စမနေ့၏ အရုဏ်ဦးတွင် သူလည်းအိပ်ဖို့ ကြိုးစားသေးသည်။ သူသည် တခြားလှော်တက်တစ်ချောင်းပေါ်မှာ ခေါင်းအုံး၍ တိတ်တိတ်လေး အနားယူသည်။ မကြာခင်မှာ ပင်လယ်တစ်ဝိုက်ကို သူလျှောက်ကြည့်ပြီး "ကြည့်စမ်း" ဟု ပြောသည်။

ကျွန်တော်ထကြည့်လိုက်သည်။ ကျွန်တော့်ဖောင်မှ ကီလိုမီတာ သုံးဆယ်ခန့်အကွာတွင် လေလမ်းကြောင်းအတိုင်း မိတ်လိုက်ပေါ်လိုက်ဖြင့် ရွေ့လျားနေ



www.burmeseclassic.com

www.burmeseclassic.com



သော အလင်းစက်ကို ကျွန်တော် မြင်လိုက်ရသည်။ ထိုအလင်းမှာ မှားနိုင်ဖွယ်ရာမရှိသော သင်္ဘောတစ်စင်း၏ မီးပင်ဖြစ်လေသည်။

လှော်ဖို့ ခွန်အားများ အသုံးချခဲ့သည့်အချိန်မှာ နာရီပေါင်းများစွာ ကုန်လွန်ခဲ့ပြီးလေပြီ။ သို့ရာတွင် အလင်းရောင်ကို မြင်သောအခါ ရှိသမျှအားသုံးပြီး လှော်တက်တွေကို တင်းတင်းဆုပ်ကာ သင်္ဘောရှိရာသို့ လှော်သွားဖို့ အားထုတ်ရတော့သည်။ ထိုမီးရောင်ရှေ့သို့ ဖြည်းဖြည်းချင်းတိုးလာသည်ကို ကျွန်တော် စောင့်ကြည့်နေမိသည်။ ခဏကြာသောအခါ မီးရောင်သာမက အရိပ်သဏ္ဌာန်တစ်ခုပါတွဲလျက် အရုဏ်ဦးအလင်းရောင်ထဲမှာ ရွေ့လျားနေတာကို တွေ့လိုက်ရသည်။

လေက ကြွံကြွံခံထားလေသည်။ လေးရက်လုံးလုံး မအိပ်မစားဘဲ ပုံမှန်မဟုတ်သော ခွန်အားဖြင့် အားသွန်ခွန်စိုက် လှော်ခတ်နေသော်ငြားလည်း လေဆန်ကိုအန်တုပြီး တစ်မီတာခန့် ခရီးပေါက်ဖို့ စွမ်းဆောင်နိုင်မည်ဟု ကျွန်တော်မထင်။

အလင်းရောင်တွေက ပို၍ ဝေးသွားသည်။ ကျွန်တော်လည်း ချွေးပြန်စပြုလာပြီ။ ကျွန်တော် သေမတတ်မောနေပြီ။ မိနစ်နှစ်ဆယ်ကြာပြီးနောက် မီးရောင်တွေ လုံးဝပျောက်ကွယ်သွားသည်။ ကြယ်တွေ မှေးမှိန်စပြုလာပြီး ကောင်းကင်မှာ မီးခိုးရင့်ရောင် သန်းလာသည်။ ပင်လယ်ကြီးအလယ်တွင် စိတ်ပျက်လက်ပျက်





နှင့် လှော်တက်များကို လွှတ်ချပစ်၍ မတ်တတ်ရပ်ပြီး အရုဏ်ဦး၏ အေးစက်စက်လေ အတိုက်ခံကာ မိနစ်အနည်းငယ်မျှ အရူးတစ်ယောက်လို အော်ဟစ်နေမိသည်။

နေကို နောက်တစ်ဖန် မြင်ရသောအခါ ကျွန်တော် လှော်တက်ပေါ်မှာ အနားယူနေလိုက်သည်။ ကျွန်တော့်အားတွေ လုံးဝကုန်ခမ်းသွားပြီ။ အခု အကယ်ခံရဖို့ လမ်းမမြင်တော့။ သေမယ့်အချိန်ကို စောင့်စားနေရန်သာ ရှိတော့သည်။ သို့ရာတွင် နောက်မှ တစ်စုံတစ်ရာ အန္တရာယ်ရှိတာကို ကျွန်တော် တွေးမိလိုက်သည်။ ထိုအတွေးက လက်မလျှော့ဖို့ ကျွန်တော့်ဆန္ဒကို ခွန်အားတွေပေးသည်။

ပဥ္စမမြောက်နေ့၏ နံနက်ခင်းတွင် ဖောင်၏ဦးတည်ရာလမ်းကြောင်းကို ပြောင်းပစ်ရန် စိတ်ဒုံးဒုံးချလိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် တတ်နိုင်သလောက်လှုပ်ရမည်။ လေသင့်ရာလမ်းကြောင်းအတိုင်း ဆက်သွားနေလျှင် လူရှိင်းများနေသည့် ကျွန်းတစ်ကျွန်းသို့ ရောက်သွားနိုင်သည်ဟူသော စိတ်ဖြစ်လာ၍ ထိုသို့ ဆုံးဖြတ်ရခြင်းဖြစ်သည်။ မိဘိုင်းမှာနေစဉ်က မဂ္ဂဇင်းတစ်စောင်ထဲတွင် လူသားစား လူရိုင်းများ အစားခံရသည့် သင်္ဘောပျက်သင်္ဘောသားတစ်ယောက် အကြောင်း ကျွန်တော် ဖတ်လိုက်ရသည်။ ထိုသဘော်သား နာမည်ကိုတော့ ကျွန်တော် မေ့နေပြီ။ သို့ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် လွန်ခဲ့သည့် နှစ်နှစ်က ဘိုဂိုတာမှာ ဖတ်ခဲ့ရသည့် 'အစွန့်ပစ်ခံ သင်္ဘောသား' ဆိုသည့် စာအုပ်တစ်အုပ်အကြောင်းကို ပိုပြီးစဉ်းစားမိသည်။ ထိုဇာတ်လမ်းမှာ စစ်အတွင်းက သင်္ဘောသား တစ်ယောက်၏ အကြောင်းဖြစ်သည်။ သူတို့ သင်္ဘော မိုင်းထိသွားသောအခါ ထိုသင်္ဘောသားသည် အနီးအပါးရှိ ကျွန်းတစ်ကျွန်းဆီသို့ ရောက်အောင် ကူးသွားသည်။ သူ ထိုကျွန်းမှာပဲ သစ်သီးများကို စားပြီး ၂၄ နာရီ နေသည်။ နောက် လူသားစား လူရိုင်းတွေက သူ့ကို တွေ့သွားပြီး ဖမ်းကာ ပွက်ပွက်ဆူနေသော ရေနွေးပူထဲ ပစ်ထည့်၍ အရှင်လတ်လတ် ချက်ပြုတ်ပစ်လိုက်ကြသည်။ ထိုကျွန်းအကြောင်းတွေးမိခြင်းက ကျွန်တော့် စိတ်တွေကို လေးလံစေသည်။ လူသားစား လူရိုင်းများ နေထိုင်သည့် ဒေသအကြောင်းသည် ကမ်းရိုးတန်း အကြောင်း စဉ်းစားသည့်အခါတိုင်း ပါလာသည်။ ပင်လယ်ထဲမှာ ငါးရက် အထီးကျန်နေခဲ့စဉ်မှာပဲ ကျွန်တော်၏ ကြောက်ရွံ့မှုသည် ပထမဦးဆုံးအကြိမ်အဖြစ် အသွင်ပြောင်းခြင်း ခံလိုက်ရသည်။ ယခု ကုန်းပေါ်မှာ နေရသလိုပင် ပင်လယ်ပြင်ကိုလည်း အကြောက်အလန့်မရှိတော့ပါ။

မွန်းတည့်သောအခါ ဖောင်ဘောင်ပေါ်မှာ နားပြီး နေပူဒဏ်၊ ဗိုက်ဆာသည့်ဒဏ်၊ ရေငတ်သည့်ဒဏ်တို့ကို ခံနေရသည်။ ကျွန်တော် ဘာအကြောင်းကိုမှ မတွေးတော့။ အချိန်လည်းမသိ၊ လမ်းကြောင်းလည်း





မသိတော့။ ကျွန်တော့်ခွန်အားကို စမ်းသပ်ကြည့်ရန် မတ်တတ်ရပ်ဖို့ ကြိုးစားကြည့်သည်။ ကျွန်တော့် ခန္ဓာကိုယ် မလှုပ်နိုင်တော့ပါလားဟု ခံစားရသည်။

အချိန်ကျပြီဟု ကျွန်တော် တွေးမိသည်။ ဆရာတစ်ယောက်က ကျွန်တော်တို့ကို ပြောဖူးသည်။ မိမိကိုယ်မိမိ အသက်ကယ်ဖောင်မှာ ကြိုးဖြင့် ချည်ထားချိန်သည် အလွန်တရာ ကြောက်မက်ဖွယ်ရာ အကောင်းဆုံးအချိန် ဖြစ်သည်တဲ့။ ဥပမာဆိုရလျှင် ဗိုက်ဆာတာလည်းမသိ၊ ရေငတ်တာလည်းမသိ၊ အပူဖုမျာ း ပေါက်နေသည့် အသားအရေပေါ် အညှာအတာ ကင်းမဲ့သော နေမင်း၏ အပူဒဏ်ကျရောက် နေသည်ကိုလည်း မသိဘဲဖြစ်နေသည့် အခါမျိုးတွေ ရှိတတ်သည်။ ထိုသို့ဖြစ်နေတာကို စဉ်းလည်းမစဉ်းစားမိ၊ မိမိဘာတွေ ခံစားနေရသလဲ ဆိုတာကိုပင် မသိတော့သည့် အာရုံခံစားမှုမျိုးလည်း ဖြစ်တတ်သည်။ သို့ရာတွင် မိမိမှာရှိသည့် မျှော်လင့်ချက်ကလည်း မကုန်ဆုံးသေး။ ထိုအခါမျိုးတွင် မျှော်လင့်နေဆဲဟူသည့် သဘောဖြင့် ဖောင်အောက်ခံပိုက်မှ ကြိုးများကိုဖြေကာ မိမိကိုယ်မိမိ ဖောင်မှာ ပြန်ချည်ထားတတ် ကြသည်။ စစ်အတွင်းကဆိုလျှင် ပုံပျက်ပန်းပျက်ဖြစ်ပြီး ငှက်တွေထိုးဆိတ် အစားခံထားရသည့် အလောင်းများကို ဖောင်မှာချည်ထားလျက် တွေ့ကြရသည်။

ကျွန်တော့်ကိုယ်ကျွန်တော် ကြိုးမချည်ခင်၊



www.burmeseclassic.com

www.burmeseclassic.com



ညအချိန် ရောက်သည်အထိ စောင့်စားနေနိုင်သည့် ခွန်အားလောက်ကတော့ ရှိနေပါသေးသည်။ ဖောင်အောက်ခြေရှိ ရေထဲတွင် လူးလိမ့်ကာ ခြေထောက်နှစ်ဖက်ကို ဆန့်တန်းထားပြီး ခေါင်းပဲဖော်ကာ နာရီအတန်ကြာ နေခဲ့သည်။ ကျွန်တော့်ဒူးကအနာကို နေရောင်ထိသောအခါ ဒဏ်ရာက နာလာသည်။ အနာမှာ နိုးနိုးကြားကြား ရှိနေသကဲ့သို့ပင်။ နာကျင်မှုကလည်း ဆက်ပြီးအသက်ရှင်ချင်နေသည့် ဆန္ဒသစ်တစ်ခုကို ပေးနေသကဲ့သို့ပင်။ အေးမြသော ရေထဲတွင်စိမ်ရင်း ခွန်အားတွေ တဖြည်းဖြည်းပြည့်လာသည်။ ခွရှင်တစ်ခုက ကျွန်တော့် ဝမ်းဗိုက်ကို လိမ်ညှစ်နေသလိုခံစားရပြီး ရှည်လျား နက်ရှိုင်းလှသော ဝမ်းရတ်သံကြောင့် ကျွန်တော့် အူသိမ်အူမတွေ လှုပ်သွားသည်။ တုန်သွားသည်။ ကျွန်တော် တောင့်ခံဖို့ ကြိုးစားသော်လည်း မစွမ်းတော့ပေ။

ပင်ပန်းခက်ခဲခြင်းကြီးစွာ ကျွန်တော် ထိုင်လိုက်သည်။ ခါးပတ်ကိုဖြေ၍ ဘောင်းဘီကို လျှော့ချလိုက်သည်။ ရက်စက်ပေစွ။ ငါးရက်တာအတွင်းမှာ မိမိကိုယ်မိမိ သက်သာရာပေးလိုက်သည်။ ငါးကလည်း ပထမဦးဆုံးအကြိမ်အဖြစ် ကြိုးပိုက်တွေကို ကိုက်ဖြဖို့ ကြိုးစားရင်း ဖောင်၏နံဘေးကို ထိုးစစ်ဆင်လေသည်။ သို့သော် အချည်းအနှီးပင်။





## ပင်လယ်စင်ရော် ခုနစ်ကောင်

လက်လက် လက်လက်နှင့် ငါးကိုမြင်ရသည်က ဗိုက်ကို ပို၍ ဆာလောင်လာစေသည်။ ပထမဆုံးအကြိမ် စိတ်ပျက်လက်ပျက် ဖြစ်သွားမိပါသည်။ သို့ရာတွင် အနည်းဆုံးတော့ ကျွန်တော့်မှာ ငါးစာတချို့ ရှိနေပါသည်။ ပင်ပန်းနွမ်းနယ်မှုတွေ ပျောက်သွားသည်။ လှော်တက်ကို ဆုပ်ကိုင်လိုက်ပြီး ဖောင်ဘေးမှာ ခုန်ပေါက်နေသော သွေးရူးသွေးတန်းဖြစ်နေသည့် ငါး၏ခေါင်းကို မိမိရရ ရိုက်နှက်ရန် ရှိသမျှ အားကုန်သုံးဖို့ ပြင်ဆင်ထားလိုက်သည်။ လှော်တက်ဖြင့် ဘယ်နှကြိမ်ဘယ်နှခါ လွဲရိုက်နေမိသလဲဆိုတာကို ကျွန်တော် မသိတော့ပါ။ ရိုက်ချက်တိုင်း ပစ်မှတ်ကို ထိမိသည်ဆိုတာကိုတော့ သိသည်။ သို့ရာတွင် အမိဖမ်းဖို့ စောင့်နေသော ကျွန်တော့်မှာ သာအချည်းအနှီး ဖြစ်ရသည်။ ငါးများသည် တစ်ကောင်နှင့်တစ်ကောင် ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် ကိုက်ဖြတ် စားတော်တည်နေကြလေသည်။ ထိုအထဲတွင် ငါးမန်းသည် ကသောင်းကနင်းဖြစ်နေသော ရေထဲမှ သွေးသံရဲရဲဖြစ်နေသော ငါးကို သူ့ဝေစုအဖြစ် စားသောက် နေလေသည်။

ငါးမန်းကို မြင်လိုက်သောအခါ ကျွန်တော့် ရည်မှန်းချက်တွေလွှဲကုန်သည်။ သတ္တိတွေပါ ပျောက်ကုန်ပြီး ဖောင်၏ဘေးနေရာတွင် လှဲချလိုက်သည်။ သို့ရာတွင် ခဏနေသောအခါ ကျွန်တော့်ရင်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရခြင်းတွေ ပြည့်လျှံသွားသည်။ ဖောင်အထက်မှာပင်လယ်စင်ရော် ခုနကောင်။

ပင်လယ်ပြင်မှာ ငတ်မွတ်နေသော အထီးကျန်သင်္ဘောသား တစ်ယောက်အဖို့ စင်ရော်များသည် မျှော်လင့်ချက်၏ သတင်းကောင်း တစ်ခုပင်ဖြစ်သည်။ သာမန်အားဖြင့် ပင်လယ်စင်ရော်တို့သည် ကမ်းမှခွာလာသော သင်္ဘောများကို အဖော်ပြုပြီးလိုက်ပါလာတတ်သည်။ သို့သော် နှစ်ရက်ခန့်အထိသာ အဖော်ပြုပြီး လိုက်လာတတ်ခြင်းဖြစ်သည်။ စင်ရော်ခုနစ်ကောင်မှာ အနီးအနားတွင် ကုန်းရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ကျွန်တော့်မှာသာ ခွန်အားရှိပါက လှော်ခတ်လိုက်မည်။ သို့ရာတွင် အလွန်တရာ အားနည်းနေသည်။ ခြေအစုံပေါ်တွင် ခဏမျှ ရပ်သည်ဆိုရုံလေးသာ ရပ်နိုင်သည်။ ကုန်းမြေနှင့် နှစ်ရက်ခရီးခန့်သာ ဝေးတော့သည်ဟု သိလိုက်ရပြီးနောက် ပင်လယ်ရေကို လက်ခုပ်ဖြင့်ခပ်၍ အနည်းငယ် ပိုသောက်ကာ နေရောင်ကို မျက်နှာပြုပြီး ဖောင်ပေါ်မှာ လှဲချလိုက်ရာ ကျွန်တော့် အဆုတ်ကိုလည်း နေလောင်ခြင်းမှ ကင်းသွားသည်။ ပင်လယ်၏ တစ်နေရာတည်းဆီသို့ ဖြည်းညင်းစွာ ပျံသန်းသွားနေသော စင်ရော်များကို ဆက်ကြည့်ချင်နေသောကြောင့် ကျွန်တော့်မျက်နှာကို ရှပ်အင်္ကျီနှင့် မကာတော့ပါ။ အချိန်ကား ပဌမမြောက်နေ့၏ နေ့လယ်ခင်း တစ်နာရီ။





ဘယ်အချိန်ရောက်မည်ဆိုတာကို ကျွန်တော် မသိပါ။ ဖောင်ထဲမှာပဲ လှဲနေမိသည်။ ငါးနာရီဝန်းကျင် ရောက်လာသောအခါ ငါးမန်းတွေ မလာခင် ဖောင်အလယ်မှာ ဝပ်နေဖို့ ပြင်ဆင်ရသည်။ ထို့နောက် လက်ဖဝါးအရွယ်ရှိ စင်ရောင်တစ်ကောင်သည် ဖောင်ပေါ်မှာ လှည့်ပတ်ပျံသန်းကာ ကျွန်တော့် မျက်နှာချင်းဆိုင်နေရာမှာ လာနားသည်ကို တွေ့လိုက်ရသည်။

ကျွန်တော့်ပါးစပ်ထဲမှာ အေးမြသော သွားရည်များ ပြည့်လာသည်။ ထိုစင်ရော်ကို ဖမ်းဖို့ ကျွန်တော့်မှာ ဘာမှမရှိ။ ကျွန်တော့် လက်အစုံနှင့် ဆာလောင်မှုဖြင့် ချွန်ထက်နေသော ဉာဏ်နီဉာဏ်နက်မှ လွဲ၍ ကျွန်တော့်မှာ ဘာလက်နက်မှ မရှိပါ။ တခြား စင်ရော်တွေက ပျောက်ကုန်ပြီ။ ညိုမောင်းမောင်း အရောင်လက်လက်အမွေးတို့ဖြင့် ဖောင်၏ဘောင်ပေါ်မှာ ခုန်ဆွခုန်ဆွ လုပ်နေသည့်စင်ရော်လေး တစ်ကောင်သာ ကျန်တော့သည်။

ကျွန်တော် တုတ်တုတ်မျှမလှုပ်ပဲ ငြိမ်နေလိုက်သည်။ ငါးနာရီမှာ အချိန်မှန်ရောက်လာသည့် ငါးမန်းဆူးတောင်က ကျွန်တော့်ပခုံးကို ထိလိုက်သလိုမျိုး ခံစားနေရသည်။ သို့ရာတွင် အန္တရာယ်ကို ရင်ဆိုင်ဖို့ ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်ပါသည်။ ကျွန်တော် စင်ရော်ကို မကြည့်ရဲ။ ကျွန်တော့်ခေါင်း လှုပ်လိုက်လျှင် သူ့ကို ခြောက်သလိုမျိုး ဖြစ်သွားမှာစိုး၍ ဖြစ်သည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ခန္ဓာကိုယ်နှင့် နီးနီးလေး ပျံဝဲလာတာကို ကြည့်နေမိသည်။ လေအရှိန်ယူပြီး ကောင်းကင်ထဲ ကွယ်ပျောက်သွားသည်ကို ကျွန်တော် မြင်နေရသည်။ သို့ရာတွင် ကျွန်တော့် မျှော်လင့်ချက်တွေ မဆုံးရှုံးပါ။ ကျွန်တော် ဆာလောင်နေပြီ။ ကျွန်တော်သာ ငြိမ်ငြိမ်လေး ဆက်နေလျှင် စင်ရော် ကျွန်တော့် လက်တစ်ကမ်းသို့ ရောက်လာမှာကို ကျွန်တော်သိနေသည်။

နာရီဝက်ကျော်ကျော် စောင့်ဆိုင်းနေခဲ့ရသည်ဟု ကျွန်တော်ထင်သည်။ ငှက်သည် လာလိုက်ပြန်သွားလိုက် အကြိမ်ပေါင်းများစွာလုပ်နေသည်။ တစ်ကြိမ်မှာတော့ ငါးမန်းသည် ငါးတစ်ကောင်ကို အပိုင်းပိုင်းအတစ်တစ်ဖြစ်အောင် လုပ်သကဲ့သို့ ငါးဆူးဆောင်တစ်ခု ကျွန်တော့် ဦးခေါင်းကို ပွတ်တိုက်သွားသလို ခံစားလိုက်ရသည်။ သို့သော် ကြောက်စိတ်ထက် ဆာလောင်သည့်စိတ်က ပိုကဲနေသည်။ စင်ရော်သည် ဖောင်၏အစွန်းမှာ ခုန်ဆွခုန်ဆွလုပ်နေသည်။ ပင်လယ်ထဲက ပဥ္စမနေ့၏ ဆည်းဆာအချိန် ရောက်လာလေပြီ။ငါးရက်လုံးလုံး အစာမစားရသေး။ စိတ်တွေလှုပ်ရှားပြီး နှလုံးတွေ ခုန်နေသော်လည်း စင်ရော်အနီးကပ် ရောက်လာအောင် စောင့်မျှော်နေစဉ် အချိန်အတွင်းမှာတော့ လူသေတစ်ယောက်ပမာ လုံးဝငြိမ်သက်စွာ နေရသည်။

လက်နှစ်ဖက်ကို ပေါင်နှစ်ဖက်ပေါ်တင်၍ ကျွန်တော် လှဲနေခြင်းဖြစ်သည်။ နာရီဝက်လောက်





မျက်တောင်မခတ်ရဲမှာတော့ သေချာသည်။ ကောင်းကင်ကတောက်ပပြီး မျက်လုံးကို ကျိန်းစပ်စေသော်လည်း ယခုလို အရေးကြီးသည့်အချိန်မှာ မျက်လုံးကို မမှိတ်ပါ။ စင်ရော်က ကျွန်တော့်ရှူးဖိနပ်တွေကို ဆိတ်နေသည်။

တောင့်တောင့်ကြီးနေရသည့် နာရီဝက်ကုန်လွန်သွားပြီးသောအခါ စင်ရော် ကျွန်တော့်ပေါင်ပေါ် ရောက်နေပြီဆိုတာကို သိလိုက်ရသည်။ သူသည် ကျွန်တော့် ဘောင်းဘီကို အသာအယာဆိတ်နေ၏။ သူ ကျွန်တော့် ဒူးခေါင်းကို တောက်ခနဲ ခပ်ပြင်းပြင်း ဆိတ်လိုက်သောအခါ ဒူးမှဒဏ်ရာ၏ နာကျင်မှုကြောင့် လေထဲကို ဝုန်းခနဲ ထခုန်ပစ်လိုက်ချင်သော်လည်း တုတ်တုတ်မျှ မလှုပ်ရဲဘဲ ဆက်ငြိမ်နေလိုက်ရသည်။ သို့ရာတွင် ကျွန်တော် သည်းခံနေရပါသည်။ ထို့နောက် သူသည် ကျွန်တော့် ညာဘက်ပေါင်ပေါ်ရှိ ကျွန်တော့် လက်နှင့် ငါးစင်တီမီတာ ခြောက်စင်တီမီတာအကွာတွင် လျှောက်သွားနေသည်။ ကျွန်တော် အသက်ရှူရပ်လိုက်သည်။ ကြံရာမရစွာ စိတ်ကို တင်းထားပြီး ကျွန်တော့် လက်ကို ငှက်ဆီသို့ မသိမသာတိုးလိုက်သည်။

◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း - ၇

## ငတ်မွတ်နေသူတစ်ယောက်၏ စိတ်ပျက်ဖွယ်ရာအဖြစ်

သင်သည် စင်ရော်တစ်ကောင်ကို ဖမ်းဖို့ မျှော်လင့်ချက်ဖြင့် ကျေးလက်ကွင်းထဲတွင် လှဲအိပ်စောင့်နေပါက တစ်သက်လုံးသာ လှဲလျှင် လှဲနေရမည် စင်ရော်ကိုကား မမိနိုင်။ သို့ရာတွင် ပင်လယ်ကမ်းခြေမှ မိုင်တစ်ရာဝေးကွာသော နေရာတွင်မူကား ကွာခြားသွားလေပြီ။စင်ရော်များသည် ကုန်းပေါ်တွင် မိမိကိုယ်မိမိ ထိန်းသိမ်းနိုင်သည့် တိုးတက်၍ အဆင့်မြင့်သော သဘာဝအသိရှိကြသည်။ သို့သော် ပင်လယ်ထဲမှာတော့ ကြွစောင်းစောင်းနိုင်လှသည်။

ကျွန်တော် လှဲနေသည်မှာ ငြိမ်သက်လွန်းလှ၍ သူသည် ကျွန်တော့်ကို လူသေဟုထင်ရော့လားမသိ၊ ပေါင်ပေါ်မှာ လာနားသည်။ ကျွန်တော်က သူ့ကို ကြည့်





နေဆဲ။ သူ ကျွန်တော့် ဘောင်းဘီကို ဆိတ်သော်လည်း နာကျင်မှုမဖြစ်။ ကျွန်တော့်လက်ကိုသာ မသိမသာ တိုးတိုးနေမိသည်။ ရုတ်တရက် သူသည် အန္တရာယ်ရှိသည်ဆိုတာကို သိသွားသည့်အချိန်၌ ပျံဖို့ကြိုးစားရာ ကျွန်တော်က သူ့အတောင်ကို ဖမ်းဆွဲမိပြီး ဖောင်အလယ်သို့ ခုန်လိုက်ကာ စားဖို့ ပြင်ဆင်လိုက်သည်။

သူ ကျွန်တော့် ပေါင်ပေါ်မှာ နားနေစဉ် ပထမဆုံး စဉ်းစားမိတာက သူ့ကို ဖမ်းမိလို့ကတော့ အမွေးတောင် မနှုတ်တော့ဘဲ အရှင်လတ်လတ် စားပစ်လိုက်မည်ဟူ၍ပင်။ ကျွန်တော် အရမ်းဆာနေပြီ။ ငှက်၏သွေးကို တွေးရုံနှင့်ပင် ရေငတ်လာသည်။ သူ့ကို ကျွန်တော့်လက်ထဲ ကိုင်မိသောအခါ သူ၏ နွေးထွေးသော ခန္ဓာကိုယ် သွေးခုန်နှုန်းကို စမ်းမိပြီး တောက်ပလုံးဝန်းသည့် သူ့မျက်လုံး မီးခိုးရောင်ကို ကြည့်မိရာ ချီတုံချတုံဖြစ်သွားမိသည်။

တစ်ခါက ကျွန်တော် ကုန်းပတ်ပေါ်တွင် ရိုင်ဖယ်တစ်လက်ဖြင့်ရပ်ကာ သင်္ဘောနောက် လိုက်လာသည့် စင်ရော်အုပ်ထဲမှ တစ်ကောင်ကို ပစ်ဖို့ပြင်ရာ အတွေ့အကြုံများနေပြီဖြစ်သော လက်နက်အရာရှိက ကျွန်တော့်ကိုပြောသည်။

"လူယုတ်မာ မဖြစ်ချင်စမ်းပါနဲ့ကွာ။ သင်္ဘောသားတစ်ယောက်အဖို့ စင်ရော်တွေဟာ ကုန်းကို [illegible] သလိုပဲကွ။ သင်္ဘောသား တစ်ယောက်အနေနဲ့ စင်ရော်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ကို သတ်ဖို့ဆိုတာ မလျော်ကန်တဲ့အလုပ်ပဲ"

ကျွန်တော် ဖမ်းမိထားသည့် စင်ရော်ကို သတ်ပြီး ဆွဲဖြပ်ဖို့ ဟန်ပြင်သောအခါ ထို အဖြစ်အပျက်လေးနှင့် လက်နက်အရာရှိ၏ စကားတို့ကို ပြန်သတိရလာသည်။ ကျွန်တော် ငါးရက်လုံးလုံး ဘာမှ မစားခဲ့ရသေးသော်လည်း ထိုစကားလုံးတွေကို ထပ်ခါတလဲလဲ ကြားနေသကဲ့သို့ နားထဲမှာ ပဲ့တင်ထပ်နေသည်။ သို့ရာတွင် ဆာလောင်မှုက အရာအားလုံးထက် ပို၍အားသာနေသည်။ ကျွန်တော် စင်ရော်ဦးခေါင်းကို တင်းတင်းကိုင်ပြီး ကြက်ကို လည်လိမ်သတ်သလို သတ်လိုက်သည်။

စင်ရော်သည် အလွန်တရာ နူးညံ့လွန်းလှသည်။ တစ်ချက်လိမ်ရုံမျှနှင့် လည်ပင်းရိုးတွေ ကျိုးသွားပြီဆိုတာကို သိလိုက်သည်။ ဒုတိယအကြိမ် လိမ်လိုက်သောအခါ အရှင်လတ်လတ်သွေးများသည် ကျွန်တော့်လက်ချောင်းများကြားထဲမှာ နွေးထွေးစွာ စီးကျလာလေသည်။ သူ့ကို သနားသွားသည်။ သူ့ပုံမှာ အသတ်ခံရသည့် သားကောင်တစ်ကောင်နှင့် တူလေသည်။ သူ့ဦးခေါင်းသည် ခန္ဓာကိုယ်မှ တွဲလောင်းကျနေကာ ကျွန်တော့်လက်ထဲမှာ တဒုတ်ဒုတ်နှင့် သွေးခုန်နေဆဲဖြစ်သည်။

ယိုဖိတ်လာသော သွေးနံ့က ငါးကို လှုပ်နှိုးလိုက်သလို ဖြစ်သွားသည်။ ငါးမန်း၏ဝမ်းပျဉ်း ဖြူဖြူ





ပြောင်ပြောင်ကြီးသည် ဖောင်ဘေးမှ အသာအယာ ဖြတ်သွား၏။ သွေးနံ့ရ၍ မွှန်ထူနေသော ငါးမန်းသည် သံမဏိပြားကိုပင် ဖောက်ထွင်းပြီး ကိုက်နိုင်လေသည်။ သူ့မေးရိုးများသည် ခန္ဓာကိုယ်၏ အောက်မှာရှိနေသောကြောင့် ကိုယ်ကိုအပေါ်လှန်၍ အစာစားရသည်။ သို့ရာတွင် ငါးမန်းသည် ဒေါသကြီးပြီး လောဘကြီးသောကြောင့် သူ့ကိုယ်ကို လှန်လိုက်ပြီဆိုလျှင် သူသွားရာလမ်းကြောင်းပေါ်ရှိ အရာအားလုံးကို ပွတ်တိုက်ဆွဲသွားသည်။ ငါးမန်းတွေထဲမှ တစ်ကောင်သည် ဖောင်ကို တိုက်ခိုက်ဖို့ ကြိုးစားနေသည်ဟု ကျွန်တော် ထင်သည်။ ကြောက်လန့်နေသော ကျွန်တော် သည် စင်ရော်ခေါင်းကို ငါးမန်းဆီသို့ လွှင့်ပစ်ပြီး စောင့်ကြည့်နေလိုက်သည်။ ဖောင်နှင့် နီးနီးကပ်ကပ်လေးတွင် ငါးမန်းများသည် ကြက်ဥထက်ပင် သေးငယ်သော စင်ရော်ခေါင်းလေး တစ်လုံးအတွက် အကြီးအကျယ် ရန်းရင်းဆန်ခတ် ဖြစ်နေကြလေသည်။

ငှက်သည် အလွန်တရာ ပေါ့ပါးလှပြီး အရိုးများမှာ အင်မတန် နူးညံ့သောကြောင့် လက်ချောင်းများသုံး၍ အလွယ်တကူပင် ချိုးဖဲ့နိုင်သည်။ အမွေးတွေကို ဆွဲနုတ်ဖို့ ကျွန်တော် ကြိုးစားကြည့်သေးသည်။ သို့ရာတွင် အမွေးများသည် နူးညံ့သော အရေပြားဖြူဖြူတွင် မြဲမြဲနေသောကြောင့် ဆွဲနုတ်လိုက်လျှင် သွေးစွန်းသော အမွေးများနှင့်အတူ အသားပါ ပါလာသည်။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းများတွင် စွန်းထင်းနေသော အနက်ရောင် အရည်များကား အော်ဂလီဆန်စရာပင်။

ငါးရက်လုံးလုံး ဘာမှမစားရသေးတော့ ဘာပဲ ဖြစ်ဖြစ် စားနိုင်မှာပဲလေဟု ပြောမည်ဆိုလျှင် အလွန် လွယ်ပါသည်။ သို့ရာတွင် မည်မျှပင် ဆာလောင်နေစေကာမူ နွေးထွေးသော သွေးများပေကျံနေသည့် အမွေးအတောင်များနှင့် ငါးစိမ်းအနံ့စူးစူး ညစ်တီးညစ်ပတ် အနံ့များကိုရသောအခါ အော်ဂလီဆန်မှုကတော့ ဖြစ်နေသေးသည်။

အစကတော့ အမွေးများကို သေသေချာချာ နုတ်ဖို့ ကြိုးစားကြည့်သေးသည်။ သို့ရာတွင် အရေပြား၏ နူးညံ့မှုကို ကျွန်တော် သည်းမခံနိုင်ပါ။ အမွေးများ ကျွတ်လာသောအခါ ငှက်သည် ကျွန်တော်၏ လက်ထဲတွင် ပျော့ပြဲလာသည်။ ငှက်ကို ဖောင်အလယ်မှာပဲ ရေဆေးသည်။ တစ်ချက်တည်းနှင့် နှစ်ခြမ်းခွဲလိုက်သည်။ ပန်းရောင်အတွင်းသားနှင့် အပြာရောင်သွေးကြောများကို မြင်ရသောအခါ ကျွန်တော့်ပိုက်ထဲမှာ ပြောင်းဆန်သွားသည်။ ပေါင်တစ်ချောင်းကို ပါးစပ်ထဲထည့်လိုက်သည်။ သို့ရာတွင် မျိုချ၍မရဘဲ ဖြစ်နေသည်။ တော်တော် ခွတီးခွကျနိုင်လှ၏။ သူ့အသားမှာ ဖားတစ်ကောင်ကို ဝါးနေရသလို ဖြစ်နေသည်။ အရသာမရှိမှုကို သည်းမခံနိုင်၍ ပြန်ထွေးထုတ်ပြီး စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အမွေးများ၊ အရိုးများနှင့်အတူ လက်ထဲမှာ အတန်ကြာ





ဒီအတိုင်းထားလိုက်သည်။

ပထမဆုံး ကျွန်တော့်ရင်ထဲမှာ ဖြစ်လာသည်က စားမရသည့် အရာတွေအားလုံး ငါးစာလုပ်ဖို့ဖြစ်သည်။ သို့ရာတွင် ငါးများစရာ တန်ဆာပလာဆို၍ ကျွန်တော့်မှာ တစ်ခုမှမရှိ။ အနည်းဆုံး ငါးစာတပ်ဖို့ ပင်အပ်တစ်ချောင်း၊ ကြိုးတစ်ချောင်း ရှိသင့်သည်။ သို့ရာတွင် သော့များ၊ နာရီ၊ လက်စွပ်နှင့် မိဘိုင်းဆိုင် လိပ်စာကတ်သုံးခုမှလွဲ၍ ဘာမှမရှိ။

ခါးပတ်ကို ထည့်စဉ်းစားမိသည်။ ခါးပတ်ခေါင်းနှင့် ငါးများချိတ်ထွင်လျှင် ထွင်လို့ရမည်ဟု ကျွန်တော်ထင်သည်။ သို့ရာတွင် ကျွန်တော့် ကြိုးစားမှုများ အရာမထင်ပါ။

မှောင်စပြုနေပြီ။ ဖောင်တစ်ဝိုက်တွင် ငါးများသည် သွေးနံ့ရ၍ ခုန်လွှားနေကြသည်။ လုံးဝ မှောင်သွားသောအခါ ကျန်ရှိနေသော စင်ရော်အသားစများကို လွှင့်ပစ်ပြီး အိပ်ရန် လှဲလိုက်သည်။ လော့တက်များကို အစီအစဉ်ကျအောင် ထားနေရင်းနှင့် ကျွန်တော် စားမရသော အရိုးများအတွက် တိတ်တဆိတ် တိုက်ပွဲဝင်နေမည့် ငါးများကို စိတ်ကူးယဉ်နေမိသည်။

ထိုညက မောပန်းနွမ်းနယ်မှုနှင့် မျှော်လင့်ချက်မဲ့နေမှုတို့ကြောင့် သေသွားနိုင်သံသည်ဟု ကျွန်တော်တွေးမိသည်။ စောစောပိုင်း အချိန်တွင် လေနီကြမ်းတစ်ချက် တိုက်ခတ်သေးသည်။ ဖောင်၏အောက်ခြေရှိ ရေထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းနှင့်ခြေထောက် ပေါ်သည်ဆိုရုံမျှ ပေါ်လျက် မောမောပန်းပန်းနှင့် လှဲနေစဉ်မှာ ဖောင်သည် မြောက်တက်သွားလိုက် လူးလိမ့်လိုက် ဖြစ်နေသည်။ ကျွန်တော့်ကိုယ်နှင့် ဖောင်ကြမ်းပြင်ပိုက်ကြိုးကို တွဲချည်ရာတွင် ကြိုတင်သိထားရမည့် အချက်များကိုပင် ကျွန်တော် မမှတ်မိတော့။

သန်းခေါင်ကျော်ပြီးသောအခါ အပြောင်းအလဲတစ်ခု ဖြစ်သွားသည်။ 'လ'ထွက်လာ၏။ ဒုက္ခရောက်သည့်နေ့မှ ယခုအချိန်အတွင်း ပထမဦးဆုံးအကြိမ် 'လ'ထွက်ခြင်းဖြစ်သည်။ ကြည်လင်သော အပြာရောင်ညကောင်းကင်၏အောက်တွင် ပင်လယ်ရေမျက်နှာပြင်သည် ရောင်စဉ်တွေဖြာနေသည့် ပုံစံမျိုး ဖြစ်နေပြန်တော့သည်။ ထိုညမှာတော့ *ဂျေမီးမန်ဟာရေး* ပေါ်မလာပါ။ ကျွန်တော် တစ်ကိုယ်တည်း။ မျှော်လင့်ချက်မဲ့။ ကံကြမ္မာကိုသာ အောင့်အီးသည်းခံနေရသည်။

သို့သော်ငြားလည်း ကျွန်တော့်အာရုံတွေ နိမ့်ပါးသွားသည့်အခါတိုင်း မျှော်လင့်ချက်များကို အသစ်ဖြစ်စေမည့် တစ်စုံတစ်ရာ ဖြစ်လာတတ်စမြဲ။ ထိုညက 'လ' အရိပ်သည် လှိုင်းတွေပေါ်မှာ ကျရောက်နေ၏။ ပင်လယ်ပြင်မှာ လှိုင်းကြက်ခွပ်လေးများ ထနေသည်။ လှိုင်းခေါင်းလေးတွေကို ကြည့်မိသည့် အခါတိုင်း သင်္ဘောတစ်စင်း၏မီး ကိုမြင်လိုက်ရသည်ဟု ကျွန်တော် ထင်နေမိသည်။ လွန်ခဲ့သည့် နှစ်ညက သင်္ဘောတစ်စင်း





ကျွန်တော့်ကို လာကယ်မည်ဟူသော မျှော်လင့်ချက်များ ပျက်ပြားသွားခဲ့ဖူးသည်။ 'လ'ရိပ်ထင်သော ညတစ်ညလုံး (ပင်လယ်ပြင်မှ ကျွန်တော်၏ဆဋ္ဌမည) မိုးကုပ်စက်ဝိုင်းတစ်ခွင်လုံး စိတ်ပျက်အားငယ်စွာ ရှာဖွေကြည့်ရှု နေမိတော့သည်။ ပထမညတုန်းကလို ရည်ရွယ်ချက်ကြီးစွာ၊ မျှော်လင့်ချက်ကြီးစွာ ရှာဖွေနေခဲ့ခြင်းဖြစ်သည်။ ယနေ့အခါတွင် ထိုကဲ့သို့သော အဖြစ်အပျက်မျိုး ကြုံတွေ့ရင်ဆိုင်နေရပါက မျှော်လင့်ချက်မဲ့မှုကြောင့် ကျွန်တော် သေသွားနိုင်သည်။ ကျွန်တော့်ဖောင်ရှိရာ ရေပိုင်နက်တွင် သင်္ဘောတွေ အသွားအလာမရှိဘူး ဆိုတာကို ယခု ကျွန်တော်သိနေပြီ ဖြစ်သောကြောင့်ပင်တည်း။

## ကျွန်တော်သည် သေလူတစ်ယောက်

နောက်တစ်နေ့ အရုဏ်ကျင်းသည်ကို ကျွန်တော် သတိမရတော့ပါ။ ဖောင်၏အောက်ခြေတွင် ခြေကုန်လက်ပန်းကျကာ လှဲလျက် မိမိကိုယ်မိမိ သေသလားရှင်သလားဟူ၍ပင်မသိတော့ဘဲ တစ်မနက်ခင်းလုံး ရှိနေခဲ့သည်ကိုသာ ခပ်ဝါးဝါး မှတ်မိတော့သည်။ ကျွန်တော့် မိသားစုအကြောင်း တွေးနေမိသည်။ သူတို့ လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်နေကြမည့်ပုံကို စိတ်ကူးဖြင့် မြင်ယောင်ကြည့်နေမိသည်။ နောက်တော့မှသာ ကျွန်တော်မရှိစဉ်ကာလအတွင်း သူတို့ ဘာတွေလုပ်နေသည် ဆိုတာကို မိသားစုက ပြောပြကြပါသည်။ သူတို့သည် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်နှင့် အိပ်မရ ပြုမရ ဖြစ်ခဲ့ရသည်ဟု ကျွန်တော့်ကို ပြောပြကြသောအခါ ကျွန်တော် မအံ့သြတော့ပါ။ ပင်လယ်ထဲမှ ဆဋ္ဌမမြောက် အထီးကျန်နံနက်ခင်းတွင် ထိုကဲ့သို့သော အဖြစ်အပျက်များ ဖြစ်ပွားနေသည်ဟု ခန့်မှန်းနေမိခဲ့သည်။ ကျွန်တော်ပျောက် နေကြောင်း ကျွန်တော့်မိသားစုကို အကြောင်းကြားခဲ့သည်ဟု နောင်တွင် ကျွန်တော်သိခဲ့ရသည်။ လေယာဉ်များ နောက်ထပ်မလာကြတော့၍ သူတို့ရှာဖွေတာကို လက်လျှော့ပြီး သေပြီဟု ကြေညာမှာ သေချာပါသည်။

ထိုသို့ဖြစ်နေမှတော့ တစ်ခုသာကျန်တော့သည်။ အချိန်နှင့်အမျှ မိမိကိုယ်မိမိ ဂရုစိုက်ဖို့ ကျွန်တော် ကြိုးစားသည်။ အသက်ရှင်ဖို့ နည်းလမ်းတွေကိုသာ ရှာဖွေနေမိသည်။ ကျွန်တော့်ကိုယ်ကျွန်တော် ကျားကန်ပေးနိုင်မည့် မျှော်လင့်ချက်ကို တာရှည်စေမည့် အကြောင်း တစ်ခုခု (အရေးမပါသော်လည်း အထောက်အကူရစေမည့်) တစ်စုံတစ်ရာကို မလွတ်တမ်း ကြံဆနေမိသည်။ သို့ရာတွင် ဆဋ္ဌမမြောက် နေ့မှာ ဘာဆိုဘာမှ မမျှော်လင့်မိတော့ပါ။ ဖောင်ထဲမှာ ကျွန်တော် သေလူတစ်ယောက် ဖြစ်နေပါပြီ။

နေ့လယ်ရောက်သောအခါ မကြာမီ ငါးနာရီထိုးမည့် အချိန်နှင့် ငါးမန်းတွေ ရောက်လာမည့် အကြောင်း မျှော်တွေးကာ ဖောင်နှင့် ကျွန်တော့်ကိုယ်ကို ကြိုးချည်ထားဖို့ ကြိုးစားရသည်။ လွန်ခဲ့သည့် နှစ်နှစ်က





ကာတာဂျီနာကမ်းခြေတွင် ငါးမန်းအကိုက်ခံရ၍ စုတ်ပြတ်နေသော အလောင်းတစ်လောင်းကို ကျွန်တော် တွေ့ခဲ့ဖူးသည်။ ထိုကဲ့သို့သော အဖြစ်ဆိုးနှင့် ကျွန်တော် မသေချင်ပါ။ လောဘတကြီး ကိုက်ဖြတ်တတ်သည့် သတ္တဝါတစ်အုပ်၏ ကိုက်ဖြတ်မှုကြောင့် အပိုင်းပိုင်း အတစ်တစ်ဖြစ်ရသည့် ဘဝမျိုး ကျွန်တော် မရောက်ချင်ပါ။

အချိန်က ငါးနာရီနီးပါးရှိပြီ။ ငါးမန်းတွေ ရောက်လာပြီး ဖောင်ကို ပတ်ချာလှည့်နေသည်။ ပိုက်ကြမ်းပြင်မှ ကြိုးတစ်ချောင်းကို ဖြတ်ရန် ကြိုးစားပမ်းစားလုပ်သည်။ ညနေခင်းက အေးမြပြီး ပင်လယ်က ငြိမ်သက်နေ၏။ အနည်းငယ် အားပြည့်လာသလို ခံစားလိုက်ရသည်။ ပြီးခဲ့သည့်နေ့က စင်ရော်တွေကို ပြန်မြင်ရသည်။ သူတို့ကို မြင်ရသည့်အခါ ကျွန်တော်၏ အသက်ရှင်လိုသောဇောသည် အသစ်တစ်ဖန် ပြန်ပေါ်လာ၏။

အခုလိုအချိန်မျိုးတွင် ကျွန်တော့်မှာ အစာစားပြီးသားဖြစ်နေရမည်။ ဆာလောင်မှုကသာ ကျွန်တော့်ကို ကိုက်ဝါးနေသည်။ သို့ရာတွင် ပျက်စီးနေပြီဖြစ်သော ကျွန်တော့်လည်ချောင်းထဲမှ နာကျင်မှုက ပိုဆိုးလာ၏။ အလေ့အကျင့်မရှိသော မေးရိုးတို့သည်လည်း ခိုင်လာသည်။ ကျွန်တော် တစ်ခုခုကိုသာ ဝါးနေချင်သည်။ ကျွန်တော့် ရှူးဖိနပ်မှ ရာဘာဖိနပ်ခံကို စုတ်ဖြဲဖို့ ကြိုးစားသော်လည်း အချည်းအနှီးပင်။ ထို့နောက် မိုင်းရှိဆိုင်မှ



www.burmeseclassic.com

www.burmeseclassic.com



လိပ်စာကဒ်ပြားတွေကို သတိရလိုက်သည်။

ထိုကတ်တွေ ကျွန်တော့်ဘောင်းဘီ အိတ်ကပ်တစ်လုံးထဲမှာ ရှိသည်။ စိုစွတ်မှုကြောင့် တစ်စစီပင်ဖြစ်တော့မည်။ ကတ်တွေကို တစ်စစီဖြဲပစ်ကာ ပါးစပ်ထဲထည့်ပြီး ဝါးပစ်သည်။ ဖြစ်ပုံကလည်း အံ့မခန်းပင်။ ကျွန်တော့်လည်ချောင်းအနာ နည်းနည်းသက်သာလာပြီး ပါးစပ်ထဲတွင် သွားရည်တွေပြည့်လာသည်။ ပီကေတစ်ခုလို သဘောထားပြီး ကျွန်တော် တမြုံ့မြုံ့ ဝါးနေလိုက်သည်။ စဝါးကာစတွင် မေးရိုးတွေ နာလာသည်။ သို့ရာတွင် မာရီနှင့်အတူ ဈေးဝယ်ထွက်ခဲ့စဉ်က ဘာရယ်ကြောင့်မှန်းမသိဘဲ သိမ်းထားမိခဲ့သည့် ကတ်တွေကို ဝါးစား၍ အားအင်တွေ ပြည့်လာသလို၊ ပိုပြီးနေထိုင်ကောင်းလာသလို ခံစားရသည်။ မေးရိုးများ၏ နာကျင်မှုသက်သာသွားရန် ကတ်တွေကို တစ်သက်လုံး ဝါးဆိုလျှင်လည်း ဝါးနေရမည်သာဖြစ်သည်။ ထိုကတ်တွေကို လွှင့်ပစ်မည်ထိုလျှင် အလွန်နမြောစရာ ကောင်းပေမည်။ သေးငယ်သောစက္ကူလုံးလေး ဝမ်းဗိုက်ထဲ လျှောကျသွားသည်ကို ကျွန်တော် သိလိုက်ရချိန်မှစ၍ မသေနိုင်တော့ဘူး၊ ငါးမန်းစာ မဖြစ် တော့ဘူးဟု ခံစားလိုက်ရသည်။





## ရှူးဖိနပ်က ဘာအရသာရှိသနည်း

ကတ်တွေကို ဝါးနေစဉ် ဖြစ်ပေါ်လာသော စိတ်သက်သာရာရမှုသည် ကျွန်တော့်စိတ်ကူးကို စားစရာရှာရန် စေ့ဆော်ပေးနေလေသည်။ ဓားသာ ပါလာခဲ့ပါက ရှူးဖိနပ်ခုံကို တစ်လွှာချင်းလှီးကာ ဝါးစားနေမိမှာ သေချာသည်။ အနီးဆုံး လက်လှမ်းမီတာဆို၍ ကျွန်တော့်မှာ ရှူးဖိနပ်သာရှိလေသည်။

ဖြူဖွေး၍ သန့်ရှင်းနေသော ကျွန်တော်၏ ဖိနပ်ခုံကို သော့တွဲမှ သော့များနှင့် ခွာကြည့်သည်။ ဖိနပ်ခုံကို တစ်စလေးတောင် ပဲ့အောင်ခွာ၍ မရ။ ဖိနပ်ခုံသည် ကိုယ်ထည်ကို မြဲမြဲစွာ ပူးကပ်နေလေသည်။

စိတ်ပျက်စွာနှင့် သွားများနာလာသည်အထိ ခါးပတ်ကိုသာ ကိုက်နေမိသည်။ ခါးပတ်ကိုက်ရသည်မှာလည်း တစ်လုတ်စာပင် မရနိုင်အောင် ဖြစ်နေသည်။ ဖိနပ်၊ ခါးပတ်နှင့် ရှပ်အင်္ကျီကို အပတ်တကုတ် ကိုက်ဖဲ့နေသည့် ကျွန်တော့်ပုံမှာ မကောင်းဆိုးဝါး တစ်ကောင်နှင့်ပင် တူနေသေးတော့သည်။

ဆည်းဆာအချိန်တွင် ချွေးများဖြင့် ရွှဲစိုနေသော အဝတ်အစားတွေကို ချွတ်ပစ်လိုက်သည်။ ကျွန်တော့်မှာ အောက်ခံဘောင်းဘီ သာကျန်တော့သည်။ ထိုသို့ ဖြစ်ရခြင်းမှာ ကတ်များကို ဝါးစားမိခြင်း၏ ရလဒ်လေလားတော့ ကျွန်တော်မသိပါ။ သို့ရာတွင် ကျွန်တော် ချက်ချင်းလိုလို အိပ်မောကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖောင်ထဲမှာ မသက်မသာ နေရသည်ကို ကျင့်သားရသွားတာကြောင့်လည်း ဖြစ်နိုင်သည်။ ကျွန်တော် နာရီပေါင်းများစွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။ လှိုင်းပုတ်သည့်အခါများတွင် ကျွန်တော် နိုးလာသည်။ လှိုင်း၏ အရှိန်ဖြင့် ရေထဲပြုတ်ကျသွားမှာ ကြောက်လန့်သည့်စိတ်ဖြင့် နိုးလာခြင်းဖြစ်သည်။ သို့ရာတွင် ပြီးတော့လည်း ချက်ချင်းအိပ်မောကျ သွားပြန်သည်။

အမှန်တကယ်လည်း ခုနစ်ရက်မြောက်နေ့မှ ကျွန်တော်နိုးလာပါသည်။ ကျွန်တော့်ဘဝ နိဂုံး မချုပ်သေးဘူးဆိုတာကို ဘာကြောင့် သေသေချာချာသိနေရသလဲ ဆိုတာကိုတော့ ကျွန်တော်လည်းမသိပါ။ ပင်လယ်ကငြိမ်သက်နေပြီး နေ့က တိမ်ထူထပ်နေသည်။ ရှစ်နာရီထိုးမှ နေထွက်လာသည်။ မနေ့ညက ကောင်းကောင်း အိပ်ရေးဝခဲ့သောကြောင့် ကျွန်တော် နေရထိုင်ရတာလည်း သက်သက်သာသာ ရှိလှပါသည်။ ခပ်နိမ့်နိမ့်ခဲသားရောင် ကောင်းကင်ကို နောက်ခံပြု၍ စင်ရော်ခုနကောင်သည် ဖောင်၏အထက်တွင် ပျံဝဲလျက် ရှိသည်။

လွန်ခဲ့သည့် နှစ်ရက်က သူတို့ရှိနေသောကြောင့် ကျွန်တော် ပျော်ရွှင်ခဲ့ဖူးသည်။ သို့ရာတွင် သူတို့ကို တတိယအကြိမ် မြင်ရသောအခါ ကြောက်ရွံ့မှုကို တဖန်ပြန်ခံစားရသည်။ သူတို့သည် လမ်းပျောက်နေ





သော စင်ရော်ခုနစ်ကောင်ဖြစ်ရမည်ဟု တွေးကာ ကျွန်တော် စိတ်ပျက်သွားမိသည်။ တစ်ခါတစ်ရံတွင် စင်ရော်များသည်လည်း ပင်လယ်မှာ လမ်းပျောက်တတ်သည်ဟု သင်္ဘောသားတိုင်း သိကြပါသည်။ သူတို့သည် ဦးတည်ချက်မသိတော့ဘဲ ကမ်းသို့သွားမည့် သင်္ဘောတွေ့သည်အထိ ပင်လယ်ထဲမှာ ရက်ပေါင်းများစွာ တလည်လည် ဖြစ်နေတတ်သည်။ ကျွန်တော် သုံးရက်လုံးလုံး မြင်နေရသော စင်ရော်ခုနစ်ကောင်မှာ ပင်လယ်ထဲမှာ လမ်းပျောက်နေသော ထိုခုနစ်ကောင်ပဲ ဖြစ်ပေလိမ့်မည်။ ဒီအတိုင်းဆိုလျှင် ကျွန်တော့်ဖောင်သည် ကုန်းနှင့်ဝေးရာသို့ မျောနေသည်ဟု ယူဆရမလို ဖြစ်နေလေသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၈

## ငါးတစ်ကောင်အတွက် ငါးမန်းများကိုတိုက်ခိုက်ရခြင်း

ကုန်းနှင့်မနီးဘဲ ခုနစ်ရက်လုံးလုံး ကုန်းနှင့်ဝေးရာသို့ မျောနေခဲ့သည်ဆိုသော အတွေးသည် ရှေ့ဆက်ရန်းကန်အားခဲမည် ကြံထားသည့် ကျွန်တော့် ဆုံးဖြတ်ချက်ကို တစ်စစီ ခြေမွသွားသည်။ သို့ရာတွင် သေခြင်းတရားနီးလာလျှင် မိမိကိုယ်မိမိ ကာကွယ်ချင်သည့် သဘာဝစိတ်က ပိုမိုအားကောင်းလာတတ်စမြဲဖြစ်သည်။ အကြောင်းကြောင်းတွေကြောင့် ထိုနေ့သည် လွန်ခဲ့သောနေ့များနှင့် တစ်မူထူးနေလေသည်။ ပင်လယ်က မှောင်မိုက်ပြီး တည်ငြိမ်နေသည်။ နေမင်းက နွေးထွေးနေပြီး ကျွန်တော့်ခန္ဓာကိုယ်ကို ထွေးပွေ့ထားသည်။ ညင်သာသော လေပြည်ညင်းက ဖောင်ကို ဦးဆောင်နေသည်။ နေလောင်ခံရတာကိုကပင် ပို၍ နေကောင်း





သလိုလို . . . ။

ငါးတွေလည်း ယခင်ငါးများနှင့် မတူတော့။ အစောကြီးကတည်းက ဖောင်ကို ခြံရံနေကာ ရေမျက်နှာပြင်အနားကပ်၍ ကူးခတ်နေကြသည်။ ကျွန်တော် သူတို့ကို ရှင်းရှင်းလင်း မြင်နေရသည်။ ငါးတွေက အပြာရောင်၊ အညိုမွဲရောင်၊ အနီရောင်တွေ။ ငါးတွေက အရောင်စုံ၊ သဏ္ဌာန်စုံ၊ အရွယ်အစား စုံလှ၏။ ထို့ကြောင့် ကျွန်တော့်ဖောင်မှာ ငါးကန်ထဲတွင် မျောနေသည့်ပမာ ဖြစ်နေသည်။

ခုနစ်ရက်လုံးလုံး အစာမစားဘဲ ပင်လယ်မှာ မျောနေခဲ့သောအခါ ထိုကဲ့သို့ နေရသည်ကို တရင်း တနီး ဖြစ်မဖြစ်တော့ ကျွန်တော် မသိပါ။ ယခင်နေ့က မျှော်လင့်ချက်မဲ့မှုသည် ကျင့်သားရနေပြီဖြစ်သော သည်းခံမှု၊ ခံစားချက်ကင်းမဲ့မှုတို့ဖြင့် အစားထိုးခံလိုက်ရသည်။ အရာအားလုံး တစ်မျိုးတစ်ဖုံ ဖြစ်နေသည်ဆိုတာကိုတော့ ကျွန်တော် သေသေချာချာသိသည်။ ပင်လယ်နှင့် ကောင်းကင်သည် ဆန့်ကျင် ဘက်တွေ မဟုတ်တော့။ ကျွန်တော့်ခရီးကို အဖော်လိုက်လာသော ငါးများသည် ကျွန်တော့် မိတ်ဆွေများပင် ဖြစ်နေပြီ။ ခုနစ်ရက်လုံးလုံး ပေါင်းသင်းလာသော မိတ်ဆွေရင်းချာတွေ ဖြစ်နေလေပြီ။

မနက်ခင်းပိုင်းမှာ ကျွန်တော့်ဖောင် လမ်းဆုံး တစ်ခုခုကို ရောက်လေမလားဟု ကျွန်တော် မစဉ်းစားပါ။



www.burmeseclassic.com

www.burmeseclassic.com



သဘော်ာမရှိသည့်နေရာ၊ စင်ရော်တွေ လမ်းပျောက်သည့်နေရာကို ရောက်နေသည်ဆိုတာ သေချာသည်။

သို့ရာတွင် ခုနစ်ရက်ကြာ မျောနေခဲ့ပြီးသောအခါ စိုးရိမ်ကြောင့်ကြတတ်သော ကျွန်တော့်ဘဝသည် ပင်လယ်နှင့် တရင်းတနှီးဖြစ် လာလိမ့်မည်ဟု စဉ်းစားနေမိသည်။ ကျွန်တော်၏ စိတ်ကူးကိုလည်း အသက်ဆက်ရှင်ဖို့ စေ့ဆော်ပေးစရာမလိုဟု တွေးမိသည်။ ထို့အပြင် လေပြင်းဒဏ်၊ လှိုင်းဒဏ်တို့ကို ခုနစ်ရက်လုံးလုံး သည်းညည်းခံခဲ့ရပြီးပြီ။ ဖောင်ပေါ်မှာ အကန့်အသတ်မရှိ ဆက်နေဖို့ ဘာကြောင့် မဖြစ်နိုင်ရမှာလဲ။ ငါးတို့သည် ရေမျက်နှာပြင်အနားမှာ ကပ်ပြီးကူးနေ၏။ ပင်လယ်က ကြည်လင်ငြိမ်သက်နေသည်။ ချစ်စရာငါးအလှ ပေါင်းစုံသည် ဖောင်တစ်ဝိုက်တွင် ကူးခတ်နေရာ လက်နှင့်လှမ်းဖမ်းလျှင်ပင် မိနိုင်မည်ဟု ထင်ရလောက်အောင် နီးနီးကပ်ကပ်ရှိနေ လေသည်။ စင်တီမီတာနှစ်ဆယ်ခန့် အကွာရှိ အပြာရောင်တောက်တောက်ငါးလုံးလုံး တစ်ကောင်ကို ယုံကြည်မှုအပြည့်နှင့် ကျွန်တော် လှမ်းဖမ်းဆွဲလိုက်သည်။ အဖြစ်က ကျောက်ခဲတစ်လုံးကို ရေထဲပစ်ချလိုက်သလိုပင်။ ငါးအားလုံးသည် ဝုန်းခနဲ ရေပေါ်ခုန်ကာ ထွက်ပြေး သွားကြလေသည်။ နောက်မှသာ တဖြည်းဖြည်း အပေါ်သို့ပြန်လာသည်။

ငါးကို လက်ဖြင့် ဖမ်းသည့်နေရာတွင် ဥာဏ်များမှဖြစ်မည်ဟု ကျွန်တော် စဉ်းစားမိလိုက်သည်။





ရေအောက်တွင်မူ လက်သည် အားသိပ်မရှိသလို သွက်လက်မှုလည်းမရှိပေ။ ငါးအုပ်ထဲမှ တစ်ကောင်ကိုရွေးပြီး ဖမ်းဖို့ကြိုးစားခဲ့သည်။ တကယ်လည်း ဖမ်းမိသည်။ သို့ရာတွင် ငါးသည် မယုံနိုင်သော လျင်မြန်သော သွက်လက်မှုနှင့်အတူ လက်ကြားထဲမှ လွတ်ထွက်သွားခဲ့သည်။ မိမိကိုယ်မိမိ သိပ်ဒုက္ခ မပေးဘဲ ငါးတစ်ကောင်ကို ဖမ်းမိနိုင်ရန်အတွက် စိတ်ရှည်ရှည်ဖြင့် စောင့်နေလိုက်သည်။ ရေထဲမှာပေါ်လာမည့် ငါးမန်းအကြောင်းကို ကျွန်တော် မစဉ်းစားမိ။ ကျွန်တော့်လက် တံတောင်ဆစ်ကျော်သည်အထိ ရေထဲတွင် နှစ်ထားလိုက်ပြီး စောင့်နေမိသည်။ ဒါမှသာ သူတို့ စိတ်ချပြီး ကျွန်တော့်လက်ကို လာကိုက်မှာ ဖြစ်သည်။ ဆယ်နာရီစွန်းစွန်းအချိန်အထိ ကျွန်တော် ငါးဖမ်းဖို့ကိစ္စနှင့် အလုပ်ရှုပ်နေသည်။ သို့ရာတွင် အရာမထင်ပါ။ ငါးများသည် ငါးစာကို နည်းနည်းချင်းကိုက်စားသကဲ့သို့ ကျွန်တော်လက်ကိုလည်း တို့ကနန်း ဆိတ်ကနန်း ကိုက်ကြသည်။ ထို့နောက် ခပ်နာနာ ကိုက်သည်။ တစ်ပေခွဲခန့်ရှိသော ငွေရောင်ငါးတစ်ကောင်က ချွန်ထက်နေသော သွားငယ်လေးများဖြင့် ကျွန်တော့်လက်မ အရေပြားကို ကိုက်ဆွဲဖြဲသွားသည်။ ဒီတော့မှသာ တခြားသောငါးများ တတိတိကိုက်သည်မှာ မနာခဲ့ပါလားဟု ကျွန်တော် သဘောပေါက်ခဲ့တော့သည်။ ကျွန်တော့် လက်ချောင်းတွေအားလုံး သွေးထွက်နေသည့် ဒဏ်ရာတွေ မွစာကြဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com


## ဖောင်ထဲငါးမန်းရောက်လာမည်လား

ကျွန်တော့်လက်ချောင်းများမှ သွေးတွေကြောင့်များလား ဟု မသိရသော်လည်း ခဏချင်းမှာပင် ငါးမန်းများသည် ဖောင်ပတ်ပတ် လည်တွင် ရုန်းရင်းဆန်ခတ် ဖြစ်သွားကြသည်။ ဒီလောက်များပြားလှသည့် ငါးမန်းများကို ကျွန်တော် မမြင်ခဲ့ဖူးပါ။ ငါးမန်းတွေ ဒီလောက်ကြီးငတ်ကြီးကျတာ တစ်ခါမှ မမြင်ခဲ့ဖူးဘူး။ သူတို့သည် လင်းပိုင်များပမာ ခုန်ပျံဝဲပြီး ငါးတွေနောက် လိုက်ဖမ်းစားသောက်ကြသည်။ ဖောင်၏အလယ်မှာ ထိုင်ကာ သဲကြီးမဲကြီး သတ်ဖြတ်နေကြသည့် ငါးမန်းတွေကို ကြည့်နေရင်း ကြောက်ဒူးတုန်လာသည်။

နောက်ထပ်ဖြစ်ပုံမှာ မြန်ဆန်လွန်းလှ၍ ကျွန်တော် ဘာမှန်းတောင် မသိလိုက်တော့။ ငါးမန်းသည် ရေပေါ်သို့ ခုန်ထွက်လာပြီး အမြီးကို ကြမ်းတမ်းစွာယမ်းလိုက်ရာ ကျွန်တော့်ဖောင် ယိုင်ထိုးယိုင်ထိုးဖြစ်သွားပြီး ရေမြှုပ်များ အောက်သို့ ရောက်သွားသည်။ ဖောင်၏ နံဘေးကို ရိုက်ခတ်လိုက်သည့် အရောင်တလက်လက်ဖြစ်နေသော လှိုင်းလုံးကြီး၏အလယ်တွင် သတ္တုရောင်လက်သွားသည်ကို မြင်လိုက်ရသည်။ ကျွန်တော်လည်း လှော်တက်ကို အလိုလို ကောက်ကိုင်မိပြီး အသေရိုက်ဖို့ ရွယ်လိုက်သည်။ ကျွန်တော် မြင်လိုက်ရသည်ကား ရှော်မငါးမန်းဆူးတောင်ကြီး။ ဒီတော့မှသာ အဖြစ်အပျက်ကို သဘောပေါက်လိုက်သည်။





ငါးမန်းအလိုက်ခံရ၍ ထွက်ပြေးလာသော အစိမ်းရောင်လက်လက် မီတာဝက်ခန့်ရှည်သော ငါးတစ်ကောင်သည် ဖောင်ထဲသို့ ခုန်ဆင်းကျလာသည်။ ကျွန်တော်လည်း အားကုန် သုံးပြီး လှော်တက်နှင့် ငါး၏ဦးခေါင်းကို အသေထုပစ်လိုက်သည်။

ဖောင်ထဲမှာ ငါးတစ်ကောင်ကို သတ်ရသည်မှာ လွယ်ကူသော အလုပ်တစ်ခုမဟုတ်။ တစ်ခါရိုက်လိုက်တိုင်း ဖောင်က လူးသွားသည်။ မှောက်လျှင်မှောက်သွားနိုင်သည်။ ထိုအချိန်သည် အန္တရာယ်ရှိလှ၏။ ခွန်အားအပြည့်နှင့် ဆုံးဖြတ်ချက် မြန်ဖို့လိုသည်။ ကျွန်တော်သာ တစ်ချက်ကလေး လွဲချော်သွားပါက ဖောင်ဇောက်ထိုးမှောက်ခုံ ဖြစ်သွားပြီး ကျွန်တော်သည်လည်း ငတ်ကြီးကျနေသည့် ငါးမန်းများရှိရာ ပင်လယ်ထဲသို့ ထိုးကျသွားနိုင်သည်။ ကျွန်တော်သာ သေသေချာချာ မချိန်ရွယ်ပါက ကျွန်တော်၏သားကောင် လွတ်ထွက်သွားမည်။ ကျွန်တော် သေခြင်းနှင့်ရှင်ခြင်း နှစ်ခုကြားမှာ ရပ်နေရပြီ။ ကျွန်တော် ငါးမန်းပါးစပ်ထဲရောက်ပြီး ဇာတ်သိမ်းလျှင် သိမ်းမည်။ သို့မဟုတ်ပါက ခုနစ်ရက်စာငတ်နေသည့် ဝမ်းဗိုက်ကို ဖြည့်တင်းဖို့ လေးပေါင်ခန့်လေးသော ငါးလတ်လတ်ဆတ်ဆတ် တစ်ကောင်ရမည်။

ဖောင်၏ဘောင်ပေါ်တွင် ဟန်ချက်ထိန်းပြီး ငါးကို ဒုတိယတစ်ချက်ရိုက်လိုက်သည်။ သေဖိုသား


www.burmeseclassic.com

www.burmeseclassic.com



လော့်တက်သည် ငါး၏ဦးခေါင်း ခွံကို ရိုက်မိသွားပြီဟု ကျွန်တော် သိလိုက်ရသည်။ ဖောင်မြောက်သွားသည်။ ငါးမန်းတွေက အောက်မှ တွန်းထိုးနေကြခြင်းဖြစ်သည်။ ဖောင်၏ ဘေးနားမှာ ကျွန်တော် ပြားနေအောင် ဝပ်ထားမိသည်။ ဖောင်ငြိမ်သွားသောအခါ ကျွန်တော် ရိုက်ထားသော ငါးမှာမသေသေး။

နာကျင်လွန်းလှသောကြောင့် ငါးသည် ယခင်က ခုန်သည်ထက်ပင် ပို၍မြင့်မြင့် ခုန်နေသေးသည်။ တတိယရိုက်ချက်သည် သေချာမှဖြစ်မည်။ မသေချာပါက ထိုငါးကို လုံးဝဆုံးရှုံးရတော့မည်။ ကျွန်တော် ငါးရှိရာသို့ တိုးသွားမိပြီး ဖောင်ကြမ်းပြင်ပေါ်မှာ ထိုင်ချလိုက်သည်။ ထိုသို့ ထိုင်မှ ငါးကို လက်ရဖမ်းဖို့ ပိုအခွင့်အရေးရမည်ဟု ကျွန်တော် စဉ်းစားမိ၍ဖြစ်သည်။

လိုအပ်ပါက ခြေထောက်ကိုသုံးကာ ဒူးနှစ်လုံးကြားညှပ်ပြီး ဖမ်းလျှင်ဖမ်းရမည်။ သို့မဟုတ် သွားနှင့်ကိုက်ပြီး ဖမ်းလျှင်ဖမ်းရမည်။ ကျွန်တော် ကြမ်းပြင်ပေါ်မှာ အသေအချာ နေရာယူလိုက်သည်။ ရိုက်ချက်မလွဲချော်စေဖို့ ကြိုးစားရင်း ဒီရိုက်ချက်ပေါ်မှာ ကျွန်တော့်ဘဝ မူတည်နေသည်ဆိုတာကို သိထားရင်း လော့်တက်ဖြင့် အားကုန်လွှဲရိုက်ပစ်လိုက်သည်။ ငါးသည် ငြိမ်သက်သွားပြီး သွေးမည်းများသည် ဖောင်ထဲရှိ ရေထဲတွင် စွန်းထင်းသွား၏။





ကျွန်တော် ထိုသွေးနံ့ကို ရသလို ငါးမန်းများသည်လည်း ရ၏။ လေးပေါင်ခန့် လေးသောငါးကြီးကို ခပ်တင်းတင်းကိုင်ထားပြီး ရုတ်တရက် ကျွန်တော် ထိန်းမနိုင်သိမ်းမရ တုန်လှုပ်ချောက်ချားလေသည်။ သွေးနံ့ရပြီး အရူးအမူးဖြစ်သွားကြသော ငါးမန်းများသည် ရှိရှိသမျှ အားကုန်သုံးပြီး ဖောင်အောက်ပိုင်းမှ တွန်းထိုးနေကြလေသည်။ ဖောင်မှာ ခါရမ်းနေ၏။ အချိန်မရွေး မှောက်သွားနိုင်သည်ကို ကျွန်တော်သိသည်။ ထိုသို့ မှောက်လျှင် ကျွန်တော်သည်လည်း ငါးမန်းများ၏ သံမဏိတမျှ ခိုင်ခန့်လှသော သွားများကြားထဲတွင် တစ်စစီ ဖြစ်သွားပေလိမ့်မည်။

သို့ရာတွင် ဆာလောင်မှု၏ ဖိစီးမှုက အရာအားလုံးထက်ပို၍ အားကြီးလေသည်။ ငါးကြီးကို ခြေထောက်နှစ်ချောင်းကြားထဲ ညှပ်ထားကာ ဒယီးဒယိုင်ဖြစ်နေသည့်အထဲ ငါးမန်းများ၏ ရုတ်တရက် တိုက်ခိုက်မှုကို ခံရသောကြောင့် ဖောင်ကို ဟန်ချက်ညီညီ ထိန်းရာတွင် အင်မတန် ခက်ခဲလာလေသည်။ ထိုသို့ ယိမ်းလိုက်ခါလိုက်ဖြစ်နေသည်မှာ မိနစ်အတော်ကြာလေသည်။ ဖောင်ငြိမ်သွားသည့် အခါတိုင်း ဖောင်ထဲမှ ရေများကို ပင်လယ်ထဲသို့ ပက်ထုတ်ပစ်သည်။ ပင်လယ်ရေသည် ဖြည်းဖြည်းချင်း ကြည်လင်လာပြီး ငါးမန်းတွေလည်း ငြိမ်ကျသွားသည်။ သို့ရာတွင် ကျွန်တော် သတိထားရဦးမည်။ ကြောက်ရွံ့ဖွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလောက်အောင် ကြီးမားလှသော ငါးမန်းဆူး တောင် (ကျွန်တော် မြင်ဖူးသည့်အထဲတွင် အကြီးဆုံးဖြစ် သည်) ကြီးသည် ရေမျက်နှာပြင်အထက် တစ်မီတာ ကျော်ကျော် ထိုးထွက်လာသည်။ ငါးမန်းကြီးက ငြိမ်းငြိမ်း ချမ်းချမ်း သွားနေခြင်းဖြစ်သည်။ သို့ရာတွင် သွေးညှီနံ့ သာရပါက ဖောင်ကို ဂွမ်းထိုးမှောက်ခုံ ဖြစ်အောင် လှုပ်ခါ ပစ်ပေလိမ့်မည်။ ကြီးစွာသောသတိဖြင့် ကျွန်တော် ငါးကို ဖျက်ရန် ကြိုးစားမိသည်။

မီတာဝက်ခန့်ရှည်သော ငါးကြီး၏ တစ်ကိုယ် လုံးကို မာကျောလှသည့် အကြေးခွံများက ဖုံးအုပ်ထား လေသည်။ ထိုအကြေးခွံကို ဆွဲခွာဖို့ ကြိုးစားမည်ဆိုလျှင် အကြေးခွံများသည် ငါး၏အသားမှာ သံချပ်ကာ အင်္ကျီပမာ ခိုင်ခိုင်မြဲမြဲ ကပ်နေသည်ကို တွေ့ရပေလိမ့် မည်။ ကျွန်တော့်မှာ ချွန်ချွန်ထက်ထက် လက်နက်ဆို၍ ဘာမှမရှိ။ သော့တွေသုံးပြီး ကြိုးစားခွာသော်လည်း အနည်းငယ်မျှပင်မရွေ့ပေ။ ဒီတော့မှပဲ စိမ်းမှောင်ပြီး အကြေးခွံထူလှသော ဒီလိုငါးမျိုး ကျွန်တော် တစ်ခါမှ မတွေ့ဖူးခဲ့ပါလားဆိုတာ သိရတော့သည်။ ငါးအရောင် စိမ်းလျှင် အဆိပ်သင့်တတ်သည်ဆိုတာကို ကျွန်တော် ငယ်စဉ်ကတည်းက သိခဲ့ဖူးသည်။ တစ်ဝတပြစားရမည့် လတ်လတ်ဆတ်ဆတ် ငါးကြီးကိုရ၍ ကျွန်တော့်ဗိုက်က နာနေလောက်အောင် ဆာလောင်နေသော်လည်း ထို ထူးဆန်းသော ငါးသတ္တဝါမှာ အဆိပ်ရှိမရှိ ဆုံးဖြတ်ချက်





ချဖို့ရာမှာ မယုံနိုင်လောက်အောင်ပင် ဒုက္ခရောက် နေရသည်။

**သနားစရာ့ကိုယ်ခန္ဓာ**

အစာရဖို့ မျှော်လင့်ချက်မရှိတော့သည့် အခါတွင် ဆာ လောင်မှုဒဏ်ကို ခံနိုင်လေသည်။ သို့ရာတွင် အစိမ်း ရောင်ပြောင်နေသော ငါးကြီးကို ကျွန်တော့်သော့တွဲဖြင့် ဆွဲဖဲ့ဖို့ ကြိုးစားနေသည့်အချိန်မှာတော့ ဆာလောင် မွတ်သိပ်မှုဒဏ်ကို ကျွန်တော် မခံနိုင်ပါ။

အတန်ကြာပြီးတော့မှ ဒီငါး၏အသားကို စားချင်နေမှတော့ ခပ်ကြမ်းကြမ်းနည်းတွေကို သုံးမှ သာဖြစ်မည်ဟု ကျွန်တော် သဘောပေါက်လာသည်။ ကျွန်တော် မတ်တတ်ရပ်လိုက်ပြီး အမြီးကို ခပ်မာမာ လေး ခြေထောက်ဖြင့် ဖိနင်းထားကာ ပါးဟက်တစ်ခု ကြား ထဲသို့ လှော်တက်လက်ကိုင်ဖြင့် ထိုးလိုက်သည်။ ထိုငါးမသေသေးဘူးဆိုတာ ကျွန်တော် မြင်နေရသည်ပဲ။ ကျွန်တော် ခေါင်းကို တစ်ချက် ထပ်ထုလိုက်သည်။ ပြီးမှ ပါးဟက်ပြားကို ဖုံးထားသည့် အကြေးခွံမာမာကြီးတွေကို ခွာထုတ်ပစ်ဖို့ ကြိုးစားရသည်။ ကျွန်တော့် လက်ချောင်း များတွင် စွန်းပေနေသည့် သွေးများမှာ ငါး၏ သွေးတွေ လား။ ကျွန်တော့်သွေးတွေလားဆိုတာကိုပင် ကျွန်တော် မသိတော့ပါ။ ကျွန်တော့် လက်တွေမှာလည်း ဒဏ်ရာ တွေ ဗရပွဖြစ်နေပြီး လက်ထိပ်တွေလည်း စုတ်ပြဲနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သွေးညှီနံ့က ငါးမန်းများ၏ ဆာလောင်မှုကို လှုပ်နှိုးလိုက်ပြန်ပြီ။ ဝေါ်ကြီးကျလွန်းသည့် ငါးမန်းတွေကိုလည်း ဒေါသဖြစ်၊ သွေးသံရဲရဲဖြစ်နေသည့် ငါးကြောင့်လည်း ရွံရှာစိတ်ဖြစ်မိကာ စင်ရော်ခေါင်းကို ပစ်ကျွေးစဉ်ကလို ထိုငါးကြီးကိုလည်း ပစ်ကျွေးလိုက်ရမလို ဖြစ်နေသည်။ ဖြစ်ပုံကတော့ မယုံနိုင်စရာပင်။ ဘယ်လိုမှ တစ်စစီဖွဲ့၍မရသော ငါးကောင်ကြီးကို မြင်ရသည်မှာ မချင့်မရဲလည်းဖြစ်ရ၊ ဘယ်လိုလုပ်လိုက်ရမှန်းကို မသိတော့ဘဲ ဖြစ်နေတော့သည်။

ငါးတစ်ကိုယ်လုံးကို စေ့စေ့စပ်စပ် သေသေချာချာစစ်ဆေးပြီး ပျော့ပျောင်းသည့်နေရာတွေကို လိုက်ရှာနေမိသည်။ နောက်ဆုံးမှ ပါးဟက်နှစ်ခုကြားမှာ ဟနေသော နေရာကိုတွေ့ပြီး လက်နှင့်နှိုက်ကာ ကလီစာတွေကို ဆွဲထုတ်လိုက်သည်။ ငါး၏အတွင်းသားတွေမှာ ပျော့ပျောင်းနူးညံ့ပြီး မာသည့်နေရာမရှိ။ ငါးမန်းတစ်ကောင်၏ အမြီးကိုခပ်ပြင်းပြင်းထုပါက ဗိုက်ထဲရှိ ကလီစာတွေအားလုံး ပါးစပ်မှ ပြန်ထွက်လာသည်ဟု ပြောကြသည်များလည်းရှိသည်။ ကာတာဂျီနာ မှာနေစဉ်က ပါးစပ်မှကလီစာများ မဆန့်မပြဲထွက်လျက် အမြီးမှနေ၍ ဇောက်ထိုးချိတ်ဆွဲထားသော ငါးမန်းတွေကို ကျွန်တော် မြင်ဖူးသည်။

ကံကောင်းချင်တော့ ယခုငါးမှ ကလီစာများသည် ငါးမန်းကလီစာတွေလိုပင် နူးညံ့သည်။ ကလီစာ





တွေကို လက်နှင့်ဆွဲ ထုတ်လိုက်ရာ သိပ်ပင်မကြာလိုက် အကုန်ပါလာသည်။ ငါးက အမဖြစ်သည်။ အူတွေထဲမှာ ငါးဥတန်းကြီးပါလာ၏။ အူတွေကိုဖောက်ထုတ် ပြီးတော့မှ ကျွန်တော်စကိုက်သည်။ အကြေးခွံတွေကိုလည်း ကျွန်တော် မခွာနိုင်သေး။ အသစ်ဖြစ်လာသောအားများဖြင့် မေးရိုးတွေ နာလာသည်အထိ အကြေးခွံတွေကို ဒုတိယအကြိမ် ကိုက်ဆွဲခွာလိုက်သည်။ သည်တော့မှ အကြေးခွံတွေ ပါးစပ်ဖြင့်အပြည့် ကျွတ်ပါလာသည်။ ထို့နောက် ကျွန်တော်သည် ငါးကြီး၏ အေးစက်ကြမ်းတမ်းသော အသားကို ကိုက်ဝါးပါတော့သည်။

ကျွန်တော့်မှာ အသားကို ရွံရွံရှာရှာဖြင့် ကိုက်ဝါးနေရသည်။ ငါးအစိမ်း၏ အညှီနံ့ကိုရွံရှာ စက်ဆုပ်ဖွယ်ရာအဖြစ် ကျွန်တော့်စိတ်ထဲမှာ အမြဲစွဲနေခဲ့သည်။ သို့ရာတွင် အနံ့အရသာမှာ ပို၍ပင် ရွံစရာကောင်းနေ၏။ ငါး၏အရသာသည် အုန်းသီးဆံ အရသာနှင့် ဆင်သော်လည်း အဆီများပြီး အသားနည်းသည်။ ငါးအရှင်လတ်လတ် တစ်ကောင်ကို စားသူအဖြစ် စိတ်ပင်မကူးခဲ့ဖူးပါ။ သို့ရာတွင် ခုနစ်ရက်အတွင်း ပထမဦးဆုံးအစာဖြစ်သည့် ငါး၏အသားကို ဝါးနေတော့မှသာ ထိုအဖြစ်ကို ကိုယ်တိုင်ကြုံနေရပါလားဟု စိတ်ပျက်လက်ပျက်နှင့် အသေအချာ သိလိုက်ရသည်။

ပထမဆုံး အသားတစ်စကို စားပြီးသောအခါ ချက်ချင်းနေထိုင်ကောင်းလာသည်။ ဒုတိယတစ်ကိုက်



www.burmeseclassic.com

www.burmeseclassic.com



ကိုက်ပြီး ထပ်ဝါးလိုက်သည်။ ကနဦးကတော့ ငါးမန်း တစ်ကောင်လုံး စားရမည်ဆိုလျှင်ပင် စားနိုင်မည်ဟု ကျွန်တော် ထင်နေခဲ့သည်။ သို့ရာတွင် ဒုတိယအကြိမ် ပါးစပ်ဖြင့်အပြည့် ဝါးစားပြီးသည့် အခါမှာတော့ ဗိုက်ပြည့် သွားသည်။ ခုနစ်ရက်လုံးလုံး ကြောက်စဖွယ်ငတ်မွတ်မှု မှာ တစ်ခဏချင်းပြေပျောက်သွားသည်။ ပထမနေ့ကလို ကျွန်တော် သန်သန်မာမာပြန်ဖြစ်လာပြီ။

ငါးအစိမ်းစားခြင်းသည် ရေငတ်တာကိုလည်း ပြေစေပါလားဟု ကျွန်တော်သိလိုက်ရသည်။ ယခင်က ထိုအကြောင်းကို ကျွန်တော် မသိခဲ့။ သို့ရာတွင် ငါးအစိမ်း သည် ဆာလောင်မှုကို ပြေငြိမ်းစေသည်သာမက ရေဆာမှုကိုလည်း ပြေငြိမ်းစေပါလားဟု ကျွန်တော် သဘောပေါက်လာသည်။ ကျွန်တော် ကျေနပ်မှုရပြီ။ အကောင်းမြင်လို့ရပြီ။ ကျွန်တော့်မှာ ရိက္ခာတွေ အကြာ ကြီးစားလို့ရသေးသည်။ မီတာဝက်ခန့်ရှည်သော ငါးမှ ကျွန်တော် နှစ်ကိုက်စာပဲ စားရသေးသည် မဟုတ်လား။

ထိုငါးကြီးကို လတ်လတ်ဆပ်ဆတ်ဖြစ်စေရန် ကျွန်တော့် ရှပ်အင်္ကျီနှင့်ထုပ်ပြီး ဖောင်အောက်ခြေမှာ ထားဖို့ ဆုံးဖြတ်ချက် ချလိုက်သည်။ သို့ရာတွင် ထိုသို့ မသိမ်းခင် ရေဆေးရဦးမည်။ ကျွန်တော်သည် သတိ လက်လွှတ်နှင့် ငါးကိုအမြီးမှကိုင်ကာ ဖောင်ဘေးရှိ ပင်လယ်ရေထဲ နှစ်လိုက်သည်။ သို့သော် ငါးအကြေးခွံ ကြားထဲမှ သွေးတွေ စိမ့်ထွက်နေသေးသည်။ သွေးတွေ





ပြောင်စင်သွားအောင် လုပ်ထားမှ ဖြစ်မည်။ ထို့ကြောင့် ငါးကို ရေထဲ နောက်တစ်ကြိမ်နှစ်လိုက်သည်။ ထိုစဉ်မှာပဲ ငါးမန်း၏ပါးစပ်ကြီး ဝုန်းခနဲပေါ်လာပြီး ထိုးစစ်ဆင်တာ ကို ခံလိုက်ရခြင်းဖြစ်သည်။ ကျွန်တော် ငါးအမြီးကို အားကုန်သုံးပြီး ဆွဲထားမိသည်။ ငါးမန်းကြီး၏ ရန်းကန် မှုက ကျွန်တော့် ကို ဟန်ချက်ပျက်အောင် လုပ်နေသည်။ ကျွန်တော် ဖောင်၏ဘောင်နှင့် ပစ်တိုက်မိသွားသည်။ သို့သော်လည်း ကျွန်တော်၏ရိက္ခာကို လက်လွှတ်မခံဘဲ လုရိုင်းတစ်ဦးပမာ အသည်းအသန်ဆွဲထားမိသည်။ ထိုအချိန် အနည်းငယ်အတွင်းမှာ ငါးမန်း နောက်တစ် ကြိမ်ကိုက်လိုက်လျှင် ကျွန်တော့် လက်တွေ လက်မောင်း ရင်းမှ ပြတ်ထွက်ပါသွားနိုင်သည်ဟူသော စိတ်ကူးမျိုး ကျွန်တော့်မှာ မရှိမိပေ။ ကျွန်တော် အားကုန်သုံး ဆွဲထား နေမိသော်လည်း ကျွန်တော့်လက်ထဲတွင် ဘာမှမရှိတော့ ပေ။ ကျွန်တော့် သားကောင်ကို ငါးမန်းအရယူသွား လေပြီ။ ကျွန်တော် ရေရေလည်လည် ဒေါကန်သွား သည်။ မချင့်မရဲဖြစ်မှုနှင့် အတူ ဒေါသူပုန်ထသွားမိပြီး ငါးမန်းဖောင်ဘေးနားမှ ဖြတ်သွားသောအခါ လှော်တက် တစ်ချောင်းကိုင်ပြီး သူ့ခေါင်းကို အသေထုပစ်လိုက် သည်။ ငါးမန်းလည်း ဝုန်းခနဲခုန်ကာ တစ်ပတ်လည်ပြီး ဒေါသတကြီးနှင့် ကျွန်တော့် လှော်တက်ကို တစ်ချက် တည်း ကိုက်လိုက်ကာ လှော်တက်တစ်ဝက်ကို မျို လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း - ၉

## ပင်လယ်အရောင်ပြောင်းစပြုပြီ

ကျွန်တော်လည်း ဒေါသတကြီးနှင့် လှော်တက်အကျိုးကို ကိုင်ကာ ရေတွေကို တဝုန်းဝုန်းထုနေမိတော့သည်။ ကျွန်တော့်မှာရှိသည့် တစ်ခုတည်းသော ရိက္ခာကို ဆွဲယူသွားသည့် ငါးမန်းအတွက် မိမိကိုယ်မိမိသာ လက်စားချေရပေတော့မည်။ အချိန်က ခုနစ်ရက် မြောက်နေ့၏ ညနေငါးနာရီပင် ထိုးလုပြီ။ ခဏနေလျှင် ငါးမန်းတွေ အုပ်စုဖွဲ့ပြီး ရောက်လာပေဦးတော့မည်။ ကျွန်တော် ငါးနှစ်ကိုက်စာ စားခဲ့ရ၍ အားအင်ပြည့်ဖြိုးနေသည်ဟု ခံစားမိသည်။ ငါးကို ဆုံးရှုံးရသည့်အတွက် ဒေါသတွေ ထွက်ကာ ရန်လိုသည့်စိတ်သာ ကျွန်တော့်မှာ ရှိနေသည်။ ဖောင်ထဲမှာ လှော်တက်နှစ်ချောင်း ကျန်နေသေး





သည်။ ငါးမန်းကိုက်သွားသော လှော်တက်အကျိုးအစား နောက်တစ်ချောင်း ပြောင်းရမည်ဟု ကျွန်တော် တွေးမိသည်။ သို့မှသာ မကောင်းဆိုးဝါး ငါးမန်းတွေကို ကြံ့ကြံ့ခံ တိုက်ပွဲဝင်နိုင်မည် ဖြစ်သည်။ သို့သော် မိမိကိုယ်မိမိ ကာကွယ်ရမည်ဟူသော သဘာဝစိတ်က ကျွန်တော့် ဒေါသထက် အားကောင်းနေလေသည်။ နောက်ထပ် လှော်တက် နှစ်ချောင်း ထပ်မံဆုံးရှုံးပါက လိုအပ်လာလျှင် ဘယ်လိုလုပ်မလဲ ဆိုသည်များကို ကျွန်တော် သဘော ပေါက်လာပါသည်။

ညရောက်လာသည်ကတော့ ယခင်ညများနှင့် ဘာမှမထူးခြားသော်လည်း ယခုညက ပိုပြီးမှောင်ကာ ပင်လယ်က လှိုင်းလေထန်သည်။ မိုးရွာမည့်ပုံ ရှိသည်။ ကျွန်တော်သောက်ဖို့ သောက်ရေတော့ ရတန်ကောင်းသည်ဟု စဉ်းစားကာ မိုးရေခံရန်အတွက် ရှူးဖိနပ်များနှင့် ရှပ်အကျႌကို ချွတ်ပစ်လိုက်သည်။ ယခုလို ညမျိုးက ခွေးတစ်ကောင်အတွက် မသင့်တော်သော ညဟု ကုန်းပေါ်က လူတွေ ခေါ်သလို ခေါ်နိုင်သော ညဖြစ်သည်။ ပင်လယ်ထဲမှာတော့ ယခုညသည် ငါးမန်းများအတွက် မသင့်တော်သော ညဟု ခေါ်သင့်ပေသည်။

ညကိုးနာရီ ထိုးပြီးသောအခါ အေးစက်သော လေတွေ စတိုက်လာသည်။ ထိုလေဒဏ်မခံရအောင် ဖောင်ထဲမှာ လှဲနေ သော်လည်း အရာမထင်ပါ။ အအေးဓာတ်မှုက အရိုးအထိ၊ ချဉ်ဆီအထိ ထိုးဖောက်ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးရေကျလာလျှင် ခံသောက်ဖို့ ချွတ်ထားသော ဖိနပ်များနှင့် ရုပ်အင်္ကျီကို ပြန်ဝတ်ရသည်။ မိုးရေခံဖို့ ကျွန်တော့်မှာ ဘာမှမရှိတော့။ လှိုင်းများသည် ကျွန်တော်တို့ ကစဉ့်ကလျားဖြစ်ခဲ့ရသည့် ဖေဖော်ဝါရီလ ၂၈ ရက်နေ့က လှိုင်းများထက်ပင် ပို၍ ကြီးသေးသည်။ လှိုင်းတွေထပြီး ညစ်ပတ်နေသည့် ပင်လယ်ပြင်ပေါ်တွင် ဖောင်ကလေးမှာ ဥခွံတစ်ခုနှင့်တူသည်။ ကျွန်တော်အိပ်၍ မရနိုင်။ လေသည် ရေထက်ပင် အေးနေသောကြောင့် ဖောင်ထဲရှိ ရေထဲမှာစိမ်ပြီး လည်ပင်းသာ ဖော်ထားသည်။ ကျွန်တော် တဆတ်ဆတ် တုန်ယင်နေဆဲ။ အအေးဒဏ်ကို နောက်ထပ်ခံနိုင် စွမ်းမရှိတော့၍ နွေးထွေးသွားစေရန် ကိုယ်လက်လေ့ကျင့်ခန်းလုပ်ဖို့ ကြိုးစားမိသော်လည်း ကျွန်တော့်မှာ အားအလွန်နည်းနေသည်။ အားကြီးလှသော လှိုင်းလုံးများကြောင့် ပင်လယ်ထဲ လွင့်စဉ်သွားမည်စိုး၍ ကျွန်တော့်မှာ ဖောင်ဘေးအစပ်တွင် ကုတ်ကတ်၍ ပြားပြားဝပ် နေရသည်။ ငါးမန်းကိုက်၍ ကျိုးသွားသော လှော်တက်အကျိုးကို ကျွန်တော် ခေါင်းမှီထားသည်။ ကျန်နှစ်ချောင်းကတော့ ဖောင်ဝမ်းထဲမှာ ရှိသည်။

သန်းခေါင်မတိုင်မီ အချိန်တွင် လေတွေပိုပြင်းလာပြီး ကောင်းကင်ကြီး အုံ့ဆိုင်းလာကာ ခဲသားရောင်ပြောင်းသွားသည်။ လေကစိုထိုင်းလာသော်လည်း မိုးက တစ်ပေါက်တောင်မကျ။ သန်းခေါင်ကျော်ပြီးသည့်အခါ





မှာ ရေမလှိုင်းလုံးကြီး (ဖျက်သင်္ဘော ကုန်းပတ်ကို တိုက်ချသွားသည့် လှိုင်းလောက်ကြီးသည်) သည် ငှက်ပျောသီးအခွံ နွာချလိုက်သည့်ပမာ ဖောင်ကိုမြောက်မသွားပြီး တစ်မဟုတ်ချင်းပင် မှောက်ချလိုက်သည်။

သင်္ဘောကုန်းပတ်ပေါ်မှ လွင့်စင်ကျသွားစဉ်ကလို ရေအောက်ထဲမှ ရေမျက်နှာပြင်ပေါ်သို့ ကူးခတ်နေမိတော့မှသာ ဘာတွေဖြစ် သွားသလဲဆိုတာ ကျွန်တော် သဘောပေါက်မိတော့သည်။ ကျွန်တော့်စိတ်တွေ အလွန်လှုပ်ရှားနေလျက် ကူခတ်ခဲ့ရာ ရေမျက်နှာပြင်ပေါ်ကို ရောက်သွားသည်။ လန့်လွန်း၍ သေသွားမလားဟုပင် ထင်မိသည်။ ကျွန်တော့်ဖောင်ကို မမြင်ရ။ ကျွန်တော့်ခေါင်းပေါ်ကို အနက်ရောင်လှိုင်းလုံးကြီးတွေကျလာသောအခါ *လူးဝစ်ရင်ဂျိုဗို*(သန်သန်မာမာနှင့် ရေကူးအလွန်တော်သူ) တစ်ယောက် နှစ်မီတာပင်ကွာတော့သည့် ဖောင်ဆီသို့ မရောက်နိုင်တော့သည်ကို ပြန်လည် သတိရမိလိုက်ပါတော့သည်။ ဘယ်သွားရမည်ဆိုတာ မသိတော့ဘဲ ဟိုကြည့်၊ ဒီကြည့် ကြည့်နေမိသည်။ သို့ရာတွင် နောက်တစ်မီတာအကွာတွင် လှိုင်းဒဏ်ကြောင့် စုတ်ပြတ်သွားသောဖောင် ပြန်ပေါ်လာသည်။ နှစ်ချက်ခန့်ကူးလိုက်ရာ ကျွန်တော် ဖောင်ဆီသို့ ရောက်သွားသည်။ နှစ်ချက်ကူးလိုက်သည်မှာ နှစ်စက္ကန့်ပင် ကြာမည်ဖြစ်သော်လည်း ကျွန်တော့်အဖို့မှာမူ အသချေ်လောက်ကြာသည်ဟု ထင်မိသည်။ တုန်လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားနေ၍ တစ်ချက်ခုန်လိုက်ရာ ဖောင်ထဲရှိရေထဲသို့ မောမောပန်းပန်းနှင့် ရောက်သွားသည်။ ရင်တဒုံးဒုံးခုန်ပြီး အသက်ပင်မရှူနိုင်။

## ကံကောင်းသောကြွယ်

ကံတရားနှင့် ကျွန်တော် အချင်းမများခဲ့ပါ။ ညနေငါးနာရီမှာသာ ဖောင်မှောက်ခဲ့ပါက ငါးမန်းတွေ ကျွန်တော့်ကို တစ်စစီ ဆွဲဖွဲ့ပစ်မှာ သေချာသည်။ သို့ရာတွင် သန်းခေါင်အချိန်မှာတော့ ငါးမန်းတွေငြိမ်နေသည်။

ဖောင်ထဲမှာ ပြန်ထိုင်ချမိသောအခါ ငါးမန်းကိုက်သွားသည့် လော့တက်အကျိုးကို ဆုပ်ကိုင်မိသည်။ အဖြစ်အပျက်အားလုံးမှာ မြန်ဆန်လွန်းလှ၍ ကျွန်တော့်လှုပ်ရှားမှုအားလုံးမှာ အလိုအလျှောက်သိစိတ်ဖြင့် လုပ်မိခြင်းများသာဖြစ်သည်။ နောက်မှ ကျွန်တော် ပြန်သတိရသည်မှာ ကျွန်တော် ရေထဲပြုတ်ကျစဉ်က လော့တက်အကျိုးသည် ကျွန်တော့်ခေါင်းပေါ် ပြုတ်ကျ၍ ရေထဲနစ်သွားသောအခါ ကျွန်တော် ဖမ်းဆွဲထားမိခြင်းဖြစ်သည်။ ကျန်နှစ်ချောင်းကတော့ ပျောက်သွားလေပြီ။ လှော်တက်အကျိုး တစ်ချောင်းသာ ဖောင်ထဲမှာ ရှိတော့၏။

ထိုလက်ကျန်လော့တက် အကျိုးကို မပျောက်မပျက်စေရန် ပိုက်ခင်းကြမ်းပြင်မှ လွတ်နေသော ကြိုးတစ်ချောင်းဖြင့် အသေအချာ ချည်ထားလိုက်သည်။ ပင်လယ်က ဒေါသူပုန်ထနေထဲ။ ယခုတစ်ကြိမ်မှာတော့





ကျွန်တော် ကံကောင်းခဲ့ပါသည်။ နောက်တစ်ခါ ဖောင်ထပ်မှောက်ပါက ကျွန်တော်ဖောင်ထံ ပြန်ရောက်နိုင်စွမ်းရှိမည် မဟုတ်တော့ပါ။ ထိုသို့ စဉ်းစားမိပြီး ကျွန်တော့်ခါးပတ်ကိုဖြုတ်ကာ ဖောင်အောက်ခြေရှိ ကြိုးပိုက်နှင့် ကျွန်တော့်ခန္ဓာကိုယ်ကို တွဲချည်ထားလိုက်သည်။

လှိုင်းများက ဖောင်ဘေးကို ပုတ်ခတ်နေသည်။ ဖောင်သည် လှိုင်းထန်သော ပင်လယ်ထဲတွင် ကခုန်နေသော်လည်း ကျွန်တော့် ကိုယ်ကို ပိုက်များနှင့် ချည်ထား၍ လုံခြုံမှုရှိနေပြီဖြစ်သည်။ လော့တက်ကျိုးကလည်း စိတ်ချရသည်။ ဖောင်နောက်ထပ် မှောက်မလား၊ မမှောက်တော့ဘူးလား ဆိုတာကို သေချာအောင် လိုက်ကြည့်နေစဉ်အတွင်း ကျွန်တော့်ရှပ်အင်္ကျီနှင့်ဖိနပ်ဆုံးရှုံးရတော့မည့်အရေးမှ တဲတဲလေး လွတ်ခဲ့ပါလားဆိုတာကို သဘောပေါက်လာရသည်။ ကျွန်တော်သာ ခိုက်ခိုက်တုန်အောင် ချမ်းမနေပါက ဖိနပ်နှင့်အင်္ကျီသည် ဖောင်အောက်ခြေတွင် ကျန်လော့တက် နှစ်ချောင်းနှင့်အတူ ရှိနေပြီး မှောက်သည့်အခါတွင် ပါသွားခဲ့ပေမည်။

လှိုင်းကြမ်းသော ပင်လယ်တွင် ဖောင်မှောက်သည်မှာ သာမန်ဖြစ်ရိုးဖြစ်စဉ် တစ်ခုဖြစ်သည်။ ဖောင်ကို ဖော့များဖြင့် ပြုလုပ် ထားပြီး ရေလုံဆေးအဖြူများဖြင့် သုတ်ထားသည်။ အောက်ခြေကတော့ တောင့်တင်းလှသည်ဟု မဆိုသာပေ။ အောက်ခြေသည် ဖောင်၏ ကိုယ်ထည်မှအောက်သို့ ရေပုံးသဖွယ်လုံးဝန်းနေသည့် ဖောင်



www.burmeseclassic.com

www.burmeseclassic.com



သည် ရေထဲတွင် မှောက်ခဲ့သည်ရှိသော် အောက်ခြေ
သည် ချက်ချင်း သူ့ပုံမှန် နေရာအတိုင်း ပြန်ရောက်
နေမည်သာဖြစ်သည်။ ကျွန်တော် ဖောင်နှင့်တွဲလျက်
ရှိနေသည့်ကာလ တစ်လျှောက်လုံး အကြိမ် တစ်ထောင်
မှောက်သည်ထားဦး ကျွန်တော်ဖောင်ကို ပျောက်မှာ
မပူရတော့ပါ။

ဤသည်ကား တစ်ချက်။ ကျွန်တော် ကြိုမြင်
မထားသည့် အခြားတစ်ချက်ရှိသေးသည်။ ပထမ
အကြိမ် မှောက်ပြီး ဆယ့်ငါးမိနစ် ခန့်အကြာတွင် ဖောင်
သည် ဒုတိယအကြိမ် ဂျွမ်းထိုးမှောက်ခုံဖြစ်သွားသည်။
အစတွင် ကျွန်တော်သည် လေပြင်းရိုက်ခတ်သည့်၊
စိုစွတ် အေးစက်သည့် လေထဲတွင် တွဲလောင်းကြီးဖြစ်
သွားသည်။ ပြီးမှသာ အမှန်ကို ကျွန်တော့်မျက်စိရှေ့မှာ
ပြူးခနဲတွေ့လိုက်ရသည်။ ဖောင် ဘာကြောင့်မှောက်
သည်ဆိုတာကို သဘောပေါက်သွားသည်။ ဖောင်ကို
ဟန်ချက်ညီညီထိန်းရန် ဆန့်ကျင်ဘက်သို့ သွားရန်
ကြိုးစားလိုက်သော်လည်း ကျွန်တော့်ကိုယ်က ထူထဲ
သော ခါးပတ်နှင့် ကြိုးများကို ချည်ထားခြင်း ခံနေရ
သည်။ အဖြစ်အပျက်ကို ကျွန်တော် ချက်ချင်း သဘော
ပေါက်လိုက်သည်။ ဖောင်သည် လုံးဝဇောက်ထိုး မှောက်
သွားလေပြီ။ ကျွန်တော်သည် ကြိုးပိုက်ကို မြဲမြဲမြံမြံ
ချည်ထား လျက် ဖောင်အောက်ကို ရောက်သွားသည်။
ကျွန်တော် ရေနစ်နေပြီ။ ကျွန်တော့်လက်တွေက ချည်





ထားသည်ကိုဖြေရန် ခါးပတ်ခေါင်းကို ကပျာကယာ
လိုက်ရှာနေမိသည်။

ထိတ်လန့်နေမိသော်လည်း စိတ်မရှုပ်ရန်
ကြိုးစားရင်း ခါးပတ်ခေါင်းကို ဘယ်လိုဖြေရမလဲဆိုတာ
ကို စဉ်းစားနေမိသည်။ အချိန်တွေ သိပ်မဖြုန်းခဲ့မိဘူး
ဆိုတာ ကျွန်တော်သိသည်။ မာမာချာချာရှိစဉ်က
ရေအောက်မှာ စက္ကန့်ရှစ်ဆယ်ကြာအောင် ကျွန်တော်
နေနိုင်သည်။ ကျွန်တော် ဖောင်အောက်ရောက်သွားပြီ
ဆိုတာ သိလျှင်သိချင်း အသက်အောင့်ထားခဲ့သည်။
အခုဆို ငါးစက္ကန့်ကုန်သွားပြီ။ တစ်စက္ကန့်လျော့လျော့
အတွင်းမှာ ကျွန်တော့်လက်ဖြင့် ခါးကို စမ်းလိုက်သည်။
ကျွန်တော့် ခါးပတ်ကို စမ်းမိသည်။ နောက်တစ်စက္ကန့်
အကြာမှာ ခါးပတ်ခေါင်းကိုတွေ့သည်။ ခါးပတ်မှာ ဖောင်
ကြမ်းခင်း ကြိုးများဖြင့် တွဲချည်ထား၍ ပြုတ်သွားစေရန်
အခြားလက်တစ်ဖက်ဖြင့် ဖောင်ကိုတွန်းထားရသည်။
လက်ကိုင်၍ ရမည့်နေရာ ရှာရတာနှင့်ပင် အချိန်တွေ
အလဟဿ ဖြစ်သွားသည်။ နေရာတွေ့ပြီးသည့်အခါ
ကျွန်တော့် ဘယ်လက်ဖြင့် တွန်းထုတ်ပစ်လိုက်ရသည်။
ခါးပတ်ခေါင်းကို ကိုင်ထားသည့် ညာလက်ကလည်း ခါး
ပတ်ကို အလျင်အမြန် ဖြေရသည်။ ခါးပတ်ခေါင်းကိုဖြေ
ရင်းနှင့် ဖောင်ဘေးကို မလွတ်တမ်းကိုင်ထား၍ အောက်
ခြေသို့ ငုံ့လိုက်ရာ တစ်စက္ကန့်အတွင်းမှာ ကြိုးပြေ
သွားသည်။ ကျွန်တော့်အဆုတ်က အသက်ရှူချင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတစ်ကြိမ် အားထုတ်သည့် အနေဖြင့် ဖောင်ဘေးကို လက်နှစ်ဖက် ဖြင့်ကိုင်ကာ အားကုန်သုံး၍ ဆွဲချလိုက်သည်။ ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံး သုံး၍ လှန်သည်ဖြစ်ရာ ဖောင်ကိုပြန်တည့်သည့် အလုပ်မှာ အောင်မြင်သွား၏။ သို့ရာတွင် ကျွန်တော်က ဖောင်အောက်မှာပဲ ရှိနေသေးသည်။

ကျွန်တော် ရေတွေကို မျိုချနေရသည်။ ရေငတ်မှုကြောင့် ကွဲအက်နေသော လည်ချောင်းမှာ ကြောက်စရာ ကောင်းလောက် အောင် စပ်ဖျဉ်းဖျဉ်းဖြစ်သွားသည်။ သို့ရာတွင် ထိုသို့ဖြစ်နေသည်ကို ကျွန်တော် သတိမမူနိုင်အားပါ။ အရေးအကြီးဆုံးက ဖောင်ကို လက်မလွှတ်ဖို့ပဲဖြစ်သည်။ ခေါင်းကို ရေပေါ် ပေါ် အောင် ကြိုးစားလိုက်သည်။ ကျွန်တော် အသက်ရှူလိုက်သည်။ အလွန်မောနေပြီ။ ဖောင်ဘေးဘောင်ကို ကျော်ဖို့ အင်အားရှိမည်ဟုပင် ကျွန်တော် မထင်တော့ပါ။ သို့ရာတွင် နာရီပေါင်းများစွာက ငါးမန်းများ ကျက်စားခဲ့သော ပင်လယ်ရေထဲမှာ နေရသောအခါ ထိတ်လန့်တုန်လှုပ်လာသည်။ ယခုတစ်ကြိမ် ကြိုးပမ်းမှုသည် ကျွန်တော့် ဘဝ၏ နောက်ဆုံးကြိုးပမ်းမှု ဖြစ်သည်မှာ လုံးဝသေချာသည်။ ရှိရှိသမျှ လက်ကျန်ခွန်အားများကို စုစည်းကာ ဖောင်၏ဘေးဘောင်ပေါ် ကျော်လိုက်သည်။ ကျွန်တော် ဖောင်ဝမ်းထဲသို့ မောမောပန်းပန်းဖြင့် ကျသွားသည်။





ကျွန်တော့် လည်ချောင်းတွေပူစပ်လျက်၊ စုတ်ပြတ်နေသော လက်ချောင်းတွေ တဆတ်ဆတ်တုန်လျက် ပက်လက်လှန်လှဲနေမိ သည်မှာ အချိန်မည်မျှကြာသွားသလဲဆိုတာကိုပင် ကျွန်တော် မသိတော့ပါ။ သို့ရာတွင် ကျွန်တော်သိသည်က ပူပန်နေရသော အချက်နှစ်ချက်ပင်။ ထိုနှစ်ချက်ကတော့ ကျွန်တော့် အဆုတ်တွေ ပုံမှန်ဖြစ်သွားရေးနှင့် ဖောင်နောက်ထပ် မှောက်မသွားရေးတို့ပင် ဖြစ်သည်။

## နံနက်ခင်းနေမင်း

ဒီလိုနှင့် ပင်လယ်ထဲက အငွေ့မပြောက်နေ၏ အရုဏ်လင်းလာသည်။ နံနက်ခင်းကား လေထန်နေလေသည်။ မိုးရွာခဲ့လျှင်လည်း ကျွန်တော့်မှာ သောက်ရေခံဖို့ အင်အားရှိမှာ မဟုတ်ပေ။ မိုးရေက ခွန်အားအသစ်တွေ ပေးလိမ့်မည်ဟု ကျွန်တော်ထင်ခဲ့သည်။ သို့ရာတွင် မကြာမီမိုးရွာမည်ဟု သတင်းကြေညာသလို လေထဲမှာ မိုးနံ့တွေပါနေသော်လည်း တစ်စက်တစ်ပေါက်တောင် ရွာကျမလာပေ။ ပင်လယ် ကလည်း မိုးလင်းသည်အထိ လှိုင်းထနေဆဲ။ ရှစ်နာရီထိုးသည်အထိ ငြိမ်သက်မှု မရှိသေး။ သို့ရာတွင် ခဏအကြာမှာ နေထွက်လာပြီး ကောင်းကင်တစ်ခွင်လုံး ပြာလွင်သွားသည်။

ကျွန်တော် ဖောင်အတွင်းဘေးမှာ လှဲနေသော ပင်လယ်ရေ အနည်းငယ်သောက်ပြီး အချိန်တွေ ဖြုန်း



www.burmeseclassic.com

www.burmeseclassic.com



တီးပစ်လိုက်သည်။ ပင်လယ်ရေက ခန္ဓာကိုယ်ကို ဒုက္ခမပေးဘူးဆိုတာ ယခုမှ ကျွန်တော် သိလာသည်။ နောက်ဘာဖြစ်မလဲ ဆိုတာကိုတော့ မသိ။ ကျွန်တော့် လည်ချောင်း မခံမရပ်နိုင်အောင် နာကျင်လာသည့် အခါမျိုးမှသာ ပင်လယ်ရေ အနည်းငယ် သောက်ခြင်းဖြစ်သည်။ ပင်လယ်ထဲတွင် ခုနစ်ရက်ကြာ နေပြီးနောက် ရေငတ်မှုသည် သူ့ဘာသာသူ ပြီးပြည့်စုံသွားလေသည်။ ရေငတ်မှုဒဏ်ကြောင့် လည်ချောင်းထဲမှာနာသည်။ ရင်ဘတ်အရိုးတွေ စူးစူးရှရှနာသည်။ အထူးသဖြင့် ညှပ်ရိုးအောက်ခြေက ပိုပြီးနာသည်။ အသက်ရှူကျပ်၍ နာနေတာလည်းဖြစ်နိုင်သည်။ ပင်လယ်ရေက နာကျင်မှုကို သက်သာစေသည်။

လေပြင်းများငြိမ်ကျသွားသောအခါ ပင်လယ်ရေသည် ဓာတ်ပုံတွေထဲကလို ပြာလွင်နေ၏။ လေဒဏ်ခံရ၍ လဲသွားသော သစ်ပင်များနှင့် အမြစ်ဆုံများသည် ကမ်းစပ်နားမှာ ငြိမ်သက်စွာ မျောပါနေကြသည်။ စင်ရော်တွေက ရေပေါ်မှာ ပျံ့ဝဲဖို့ တာထွက် လာကြ၏။

ထိုနေ့မနက်ခင်းက လေငြိမ်သွားသောအခါ ရေ၏အရောင်သည် သတ္တုအရောင်ပြောင်းသွားပြီး ဖောင်သည်လည်း တန်းတန်း မတ်မတ် မျောနေ၏။ နွေးထွေးသောလေက ကျွန်တော်၏ စိတ်နှင့်ခန္ဓာကို အားပေးနေလေသည်။

ကြီးမားသော အနက်ရောင် စင်ရော်အိုကြီး





တစ်ကောင်က ဖောင်အပေါ်မှာ ပျံ့ဝဲနေသည်။ ကမ်းနှင့်နီးနေပြီဆိုတာ ကျွန်တော် သံသယ မဖြစ်တော့။ လွန်ခဲ့သည့်နေ့များက ကျွန်တော် ဖမ်းမိခဲ့သော စင်ရော်မှာ ခပ်ငယ်ငယ်အကောင်ဖြစ်သည်။ ငယ်ရွယ်သော စင်ရော်တို့သည် အဝေးကြီးကို ပျံသန်းနိုင်စွမ်းရှိကြ၏။ ပင်လယ်၏ အတွင်းပိုင်း မိုင်များစွာဝေးသော နေရာမျိုးတွင် စင်ရော်ငယ်များကို တွေ့ရတတ်သည်။သို့ရာတွင် ကျွန်တော် ယခုမြင်နေရသော ကြီးကြီးမားမား စင်ရော်အိုကြီးသည် ကမ်းစပ်မှ မိုင်တစ်ရာခရီးသို့ မပျံနိုင်။

ခွန်အားတွေ အသစ်ဖြစ်လာသည်ဟု ကျွန်တော်ခံစားရသည်။ ပင်လယ်ထဲဒုက္ခရောက်စ ပထမနေ့ကလိုပင် မိုးကုပ်စက်ဝိုင်း တစ်လျှောက် ကျွန်တော်ရှာဖွေ နေမိပြန်သည်။ စင်ရော်များစွာသည် အရပ်ရှစ်မျက်နှာဆီမှ ပျံ့ဝဲလာကြ၏။

ကျွန်တော့်မှာ အဖော်တွေရှိလာ၍ ပျော်ရသည်။ ဗိုက်မဆာတော့။ ပင်လယ်ရေကိုသာ မကြာခဏ သောက်တတ်လာသည်။ ကျွန်တော့်ခေါင်းပေါ်တွင် အုပ်ဖွဲ့ပျံသန်းနေသော စင်ရော်အမြောက်အမြား၏ အလယ်တွင် ကျွန်တော် အထီးမကျန်တော့။ ကျွန်တော် မာရီကို သတိရလာသည်။ သူမရော ဘာတွေဖြစ်နေပြီလဲ။ ရုပ်ရှင်တွေထဲမှ စကားပြောတွေကို ကျွန်တော့်အတွက် ဘာသာပြန်ပေးတတ်သည့် သူမ၏ အသံလေးကို သတိရပြီး စဉ်းစားခန်းဝင်နေမိသည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သူမကို သတိရမိသည်မှာ ဘာအကြောင်းရယ်ကြောင့် မဟုတ်။ ကောင်းကင်မှာ စင်ရော်တွေအများကြီးကို မြင်နေရ၍လည်းမဟုတ်။ အမှန်မှာ ထိုနေ့တွင်မာရီသည် ကျွန်တော့်ဝိဉာဉ် ထာဝရအနားယူသွားခြင်းအတွက် ကျမ်းစာဖတ်တာကို ကြားနာရန် မိဘိုင်းရှိ ကက်သလစ်ဘုရားကျောင်းသို့ ရောက်ရှိနေခဲ့၏။ ကျွန်တော် ပျောက်သွားပြီးရှစ်ရက်နေ့တွင် ထိုကျမ်းစာဖတ်ပွဲ ကျင်းပသည်ဟု ကျွန်တော် ကာတာဂျီနာကို ပြန်ရောက်သည့်အခါ မာရီက ကျွန်တော့်ထံ ရေးသောစာထဲတွင် ထည့်ရေးခဲ့သည်။ ထိုပွဲမှာ ကျွန်တော့်ဝိဉာဉ် ကောင်းရာဘုံသို့ ရောက်ရန် လုပ်သည့်ပွဲဖြစ်သည်။ သို့ရာတွင် ယခု ကျွန်တော် တွေးနေသည်မှာ ကျွန်တော့်ခန္ဓာကိုယ်ပါ ကောင်းရာဘုံရောက်ရန် လုပ်သည့်ပွဲ ဖြစ်ခဲ့သည်ဟူ၍ပင်။ ထိုနေ့က ကျွန်တော် သူမအကြောင်း တွေးနေချိန်မှာ သူမကမိုဘိုင်းကကျမ်းစာနာပွဲသို့ ရောက်ရှိနေ၍ဖြစ်သည်။ ကုန်းမြေ အနီးတစ်ဝိုက်တွင် ရှိသည်ဟု သက်သေပြနေသည့် ပင်လယ်စင်ရော်များကိုကြည့်နေရင်း ကျွန်တော် ပျော်ခဲ့ရသည်။

ကျွန်တော် ဖောင်ပေါ်မှာထိုင်ပြီး မိုးကုပ်စက်ဝိုင်းကို ရှာဖွေနေတာနှင့်ပင် တစ်နေ့လုံးနီးပါး အချိန်ကုန်ခဲ့ရသည်။ နေ့က ကောင်းစွာ ကြည်လင်နေလေသည်။ မိုင်ငါးဆယ်ခန့်အကွာတွင် ကမ်းကို အသေအချာ လှမ်းမြင်လိုက်ရသည်။ ဖောင်ကလည်း လူနှစ်ယောက်





လှော်တာတောင် လိုက်မမီနိုင်သော အဟုန်ဖြင့် သွားနေသည်။ တည်ငြိမ်၍ ပြာလွင်သော ရေပေါ်တွင် မော်တာနှင့် မောင်းနှင်နေသည့်ပမာ ဖြောင့်တန်းစွာ သွားနေသည်။

ခုနစ်ရက်လုံးလုံး ပင်လယ်ထဲမှာ နေခဲ့ရသူအဖို့ ရေ၏အရောင် ပြောင်းသွားတာကို ကြည့်ရုံဖြင့် သိနိုင်သည်။ မတ်လ ခုနစ်ရက် နေ့လယ်သုံးနာရီခွဲတွင် ဖောင်သည် ပြာလွင်သော ရေပေါ်မှာ မဟုတ်တော့ဘဲ အစိမ်းရင့်ရောင် ရေပြင်သို့ ရောက်နေပြီဆိုတာကို ကျွန်တော် သတိထားမိလိုက်သည်။ ရေပြင်ပေါ်တွင် ရေ၏ အရောင်နယ်နိမိတ် သိသိသာသာကြီး ဖြစ်နေသည်။ တစ်ဖက်က ကျွန်တော် ခုနစ်ရက် လုံးလုံး မြင်တွေ့ခဲ့ရသည့် အပြာရောင်။အခြားတစ်ဖက်က ပိုပြီးသိပ်သည်းပုံရသည့် အစိမ်းရောင်။

ကောင်းကင်သည် နိမ့်နိမ့်လေးပျံဝဲနေသော စင်ရော်များဖြင့် ပြည့်နေသည်။ ကျွန်တော့်ခေါင်းပေါ်မှာ တဖျပ်ဖျပ်ပျံဝဲနေသည့် အသံတွေကိုပင်ကြားနေရသည်။ သင်္ကေတတွေကတော့ မှားဖွယ်ရာမရှိ။ ပင်လယ်ရေ အပြောင်းအလဲ၊ များပြားလှသော စင်ရော်အုပ် ကြီးတို့က ကျွန်တော့်ကို သတိဝီရိယဖြင့်နေရန်၊ ကမ်းခြေ၏ မီးရောင်တွေကို သတိထားကြည့်ရန် ပြောပြနေလေသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း - ၁၀

## သေသည်အထိ မျှော်လင့်ချက် မရှိပြီ

အဌမမြောက်နေ့တွင် အိပ်ရန်အတွက် မိမိကိုယ်မိမိ အတင်းတိုက်တွန်းစရာမလိုတော့ပေ။ ကိုးနာရီတွင် စင်ရော်အိုကြီးသည် ဖောင်၏ဘောင်ပေါ်တွင် နားပြီး ထိုနေရာမှာပဲ တစ်ညလုံးနေသွားသည်။ ကျွန်တော်က တစ်ခုတည်းသော လှော်တက်အကျိုးပေါ်တွင် မှီပြီး လှဲနေလိုက်သည်။ ညက ငြိမ်သက်နေပြီး ဖောင်သည် တစ်နေရာဆီသို့ ဖြောင့်ဖြောင့်ကြီး ခရီးနှင်နေသည်။ ကျွန်တော် ဘယ်ကို သွားနေတာလဲ။ ကျွန်တော့်ကိုယ် ကျွန်တော် မေးမိသည်။ မြင်တွေ့နေရသည့် သင်္ကေတများ (ပင်လယ်အရောင်၊ စင်ရော်အိုကြီး) အရ နောက် တစ်နေ့ဆိုလျှင် ကျွန်တော် ကမ်းရှိရာသို့ ရောက်မည်





ဆိုတာကို သိနေသည်။ လေနှင်ရာ ဖြောင့်ဖြောင့်ကြီး သွားနေသည့် ဖောင် ဘယ်ဆီဘယ်ဝယ် ဦးတည်နေ သလဲဆိုတာကို ကျွန်တော် နည်းနည်းမှ မစဉ်းစားတတ် ပါ။

ဖောင်သည် မူလလမ်းကြောင်းအတိုင်း ဦးတည်နေရဲ့လားဆိုတာကိုပင် သေသေချာချာ မသိပါ။ သူ့လမ်းကြောင်းသည် လေယာဉ် တွေ ထွက်ပေါ်လာရာ ဆီသို့ ဦးတည်နေလျှင် ကိုလံဘီယာကို ရောက်ပေ လိမ့်မည်။ သို့ရာတွင် သံလိုက်အိမ်မြှောင် မရှိ၍ သေသေ ချာချာ သိရန်မှာ မဖြစ်နိုင်ပါ။ တောင်ဘက်အတိုင်းသာ တည်တည့်ကြီးသွားနေပါက ကိုလံဘီယာနိုင်ငံ၏ ကာရစ်ဘီယန်ကမ်းခြေကို ရောက်မှာ မြေကြီးလက်ခတ် မလွဲပေ။ သို့ရာတွင် ဖောင်သည် မြောက်အရပ်သို့ သွား နေတာလည်း ဖြစ်နိုင်သည်။ တကယ်သွားနေပါက ကျွန်တော့် အခြေအနေ ဘယ်လိုရှိမည်ဆိုတာကိုပင် စဉ်းစား၍မရတော့ပါ။

သန်းခေါင်ယံမတိုင်မီ အချိန်တွင် စင်ရော်အို ကြီးသည် အနားရောက်လာပြီး ကျွန်တော့်ခေါင်းကို ထိုးဆိတ်သည်။ ကျွန်တော်က အိပ်ပျော်ကာစပဲ ရှိသေး သည်။ သူဆိတ်တာမနာပါ။ သူသည် ကျွန်တော့်ဦးရေကို အနာတရမဖြစ်စေပဲ အသာအယာ ဆိတ်နေခြင်း ဖြစ် သည်။ ကျွန်တော့်ကို ပွတ်သပ်နေသည်ဟုပင် ထင်ရ သည်။ သင်္ဘောသားတစ်ယောက်အနေနှင့် ပင်လယ်



www.burmeseclassic.com

www.burmeseclassic.com



စင်ရော်တစ်ကောင်ကို သတ်သည်ဆိုသည်မှာ ယုတ်ညံ့သောအလုပ်ဟု ဖျက်သဘော်ပေါ်မှာ ပြောခဲ့သောလက်နက်အရာရှိကို ကျွန်တော် သတိရလာသည်။ အကြောင်းပြချက် ကောင်းကောင်းမရှိပဲ စင်ရော်လေးကို သတ်ခဲ့မိသည့်အတွက် ကျွန်တော် နောင်တရနေမိပါသည်။

အရဏ်ကျင်းသည်အထိ မိုးကုပ်စက်ဝိုင်းတွင် ကျွန်တော် ရှာကြည့်နေမိဆဲ။ ထိုညကတော့ သိပ်မအေးခဲ့ပါ။ သို့ရာတွင် အလင်းရောင်ကိုတော့ မတွေ့ရ။ ကမ်းရိုးတန်းသင်္ကေတရယ်လို့ အရိပ်အယောင်တောင် မမြင်ရ။ ကြည်လင်၍ တည်ငြိမ်နေသော ပင်လယ်ရေပြင်ပေါ်တွင် ဖောင်က ခရီးနှင်နေသော်လည်း ကျွန်တော့် ပတ်ဝန်းကျင်တွင် ကြယ်ရောင်တွေမှလွဲ၍ မီးအလင်းရောင်ကို မတွေ့ရပေ။ ကျွန်တော်က ငြိမ်ငြိမ်ကလေး ဆက်နေလိုက်သောအခါ စင်ရော်ကြီးလည်း အိပ်ပျော်သွားပုံရသည်။ သူသည် ကျွန်တော့် ဘေးဘောင်ပေါ်တွင် ရပ်နေရင်း ခေါင်းကို ငိုက်စိုက်ကြီးချထားကာ လုံးဝမလှုပ်ပဲ အကြာကြီး ငြိမ်သက်နေသည်။ သို့ရာတွင် ကျွန်တော် လှုပ်လိုက်သောအခါ သူလန့်သွားပြီး ကျွန်တော့်ခေါင်းကို ဆိတ်ပြန်သည်။

အရဏ်ကျင်းသောအခါ ကျွန်တော် လှဲနေသည့်အနေအထားကို ပြောင်းလိုက်သည်။ ထိုအခါ သူသည် ကျွန်တော့်ခြေရင်းဘက်မှာ ဖြစ်သွားသည်။





ကျွန်တော် သတိထား နေခဲ့သော်လည်း ကျွန်တော့် ကျောပြင်တစ်ခုလုံး အပူဖုတွေ ထွက်နေလေပြီ။ ကျွန်တော့် ကျောပြင်ကို သစ်သားဖြင့်ထိထားသည့်ဒဏ်ကို မခံနိုင်တော့၍ ကျောမှီထားသော လှော်တက်ကို ဖယ်ကာ ရေစိမ်နေလိုက်သည်။ ကျွန်တော့်ပုခုံးနှင့် လက်မောင်းများမှာ ခြစ်ခြစ်တောက် ပူလောင်နေပြီ။ ကျွန်တော့် အရေပြားမှာ မီးကျီးခဲတွေလို ပူလောင်လွန်းလှ၍ လက်ချောင်းများဖြင့် ထိ၍ပင် မရပါ။ မျက်လုံးတွေလည်း ကျိန်းစပ်နေပြီ။ လေထုသည် မျက်စိရှူးလောက်အောင် ပူလောင်လှသော အလင်းရောင်စက်ဝိုင်းများဖြင့် ပြည့်နေ၍ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရ။ ထိုနေ့အထိ ကျွန်တော့်အခြေအနေမှာ အလွန်ဝမ်းနည်းဖွယ်ရာပဲဟု ကျွန်တော် သဘောမပေါက်မိခဲ့ပါ။ ကျွန်တော့် တစ်ကိုယ်လုံး ဆားဒဏ်၊ နေဒဏ်ကြောင့် အပူဖုများထွက်ကာ စုတ်ပြတ်နေသည်။ အားမစိုက်ရပဲ ကျွန်တော့်လက်မောင်းမှ အရေပြား အလွှာကြီးများကို ဆွဲခွာလိုက်သည်။ အရေးပြားလန်နေသည့် နေရာမှာ ချောမွေ့သော အနီရောင်မျက်နှာပြင် ဖြစ်နေသည်။ ခဏကြာသောအခါ အရေပြားလန်နေသည့် နေရာသည် နာကျင်စွာ တဆတ်ဆတ်တုန်လာပြီး မွေးညင်းပေါက်တွေမှ သွေးတွေ ပန်းထွက်လာသည်။

ကျွန်တော့် မုတ်ဆိတ်မွေးတွေကို ကျွန်တော် မေ့နေသည်။ မရိတ်မသင်ဘဲ ထားခဲ့သည်မှာ ယနေ့ဆို



www.burmeseclassic.com

www.burmeseclassic.com



လျှင် ဆယ့်တစ်ရက် ရှိပြီ။ မုတ်ဆိတ်မွေးများမှာ ကျွန်တော့်လည်ပင်းထိအောင်ပင် ရှည်လျားနေလေပြီ။ သို့ရာတွင် ကျွန်တော့်အရေပြားများသည် နေလောင်ဒဏ် ခံထားရ၍ အလွန်တရာ နာကျင်လှသည်ဖြစ်ရာ မုတ်ဆိတ်မွေးတွေကိုပင် မကိုင်နိုင်ပဲဖြစ်နေသည်။

ကျွန်တော်၏ ပိန်ချုံးနေသော မျက်နှာနှင့် အနာတရဖြစ်နေသော ခန္ဓာကိုယ်ကို တွေးမိသောအခါ အထီးကျန်ပြီး လက်မှိုင်ချနေခဲ့ရသည့် ဝေဒနာ ခံစားခဲ့ရသော ကာလများကို သတိရလာသည်။ ခု ကျွန်တော် လက်မှိုင်ချရပြန်ပြီ။ ကမ်းရိုးတန်း အရိပ်အယောင်လည်း မတွေ့ရ။ အချိန်က မွန်းတည့်ချိန်ဖြစ်၍ ကုန်းပေါ် ရောက်မည်ဆိုသော မျှော်လင့်ချက်များ ပျောက်ဆုံးကုန်လေပြီ။ ယခုအချိန်မှာ ကမ်းရိုးတန်းကို မမြင်ရသေးဘူးဆိုတော့ ဖောင်က အလျင်အမြန်ပင် ခရီးနှင်နေစေဦးတော့ ဆည်းဆာအချိန်တွင် ကမ်းခြေကို ရောက်နိုင် ရန်လမ်းမမြင်။

## ကျွန်တော်သေချင်တယ်

ဆယ့်နှစ်နာရီလုံးလုံး ပျော်ရွှင်နေခဲ့သည့် စိတ်သည် တိုး၍မလာဘဲ တစ်မိနစ်အတွင်းမှာပင် တစ်စမကျန်အောင် ကွယ်ပျောက်သွား လေတော့သည်။ အားတွေလည်း လျော့ကုန်ပြီ။ ကြိုးပမ်းမှုအားလုံးကိုလည်း ရှုပ်ဆိုင်းပစ်လိုက်သည်။ နဝမမြောက်နေ့အထိ ပထမဆုံး အကြိမ်အဖြစ် နေကို ကျောပေးပြီး ကျွန်တော် မှောက်





လျက်လှဲပစ်လိုက်သည်။ ကျွန်တော့် ခန္ဓာကိုယ်ကြီးကို သနားသည့်စိတ်မရှိတော့ဘဲ ထိုသို့ နေလိုက်ခြင်းဖြစ်သည်။ ထိုပုံစံအတိုင်း ညအထိနေသွားပါက သေသွားမည်ဆိုတာကို ကျွန်တော်သိသည်။

ထိုကဲ့သို့ စိတ်တွေ လျှော့ချလိုက်ရာ နာကျင်မှုဒဏ်ကို မခံစားရတော့ပေ။ အာရုံခံစားမှုတွေ ပျောက်ကုန်သည်။ ကျိုးကြောင်း ဆင်ခြင်မှုလည်း မှုန်ဝါးသွားသည်။ အချိန်ကိုလည်း မသိတော့။ နေရာကိုလည်း မသိတော့။ မျက်နှာကို ဖောင်ထဲမှာ မှောက်လျက်၊ ကျွန်တော့် လက်အစုံကိုတော့ ဘောင်ပေါ်မှာ တင်ထားလိုက်သည်။ မုတ်ဆိတ်မွေးတွေက ကျွန်တော့် လက်မောင်းကို ထိနေသည်။ နေ၏ အကြွင်နာမဲ့သော ကိုက်ဖြတ်မှုဒဏ်ကို ကျွန်တော် ခံစားရသည်။ လေထဲမှာတော့ တဖျတ်ဖျတ်ထနေသော အလင်းစက်များသည် နာရီပေါင်းများစွာ ကြာသည်အထိ ပြည့်နေ၏။ နောက်ဆုံး ကျွန်တော် မောပန်းနွမ်းနယ်လာသည်။ ကျွန်တော့် မျက်လုံးအစုံကို မှိတ်လိုက်သည်။ သို့ရာတွင် ကျွန်တော့် နောက်ကျောမှာ နေပူသည့် ဒဏ်ကို မခံစားရတော့။ ဗိုက်လည်းမဆာ။ ရေလည်းမငတ်တော့။ ရှင်ခြင်းနှင့် သေခြင်း လုံးဝအတူတူပဲဆိုတာထက် ပိုပြီးဘာမှ မခံစားရတော့။ ကျွန်တော် သေရတော့မည်ဟု စဉ်းစားနေမိသည်။ ထိုအတွေးက ထူးဆန်းသော ခပ်ဝါးဝါးမျှော်လင့်ချက် တစ်ခုဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအစုံကို ပြန်ဖွင့်လိုက်သောအခါ ကျွန်တော် မိုဘိုင်းကို ရောက်နေသည်။ မိုဘိုင်းမှာ ပူလောင် အိုက်စပ်နေ၏။ ကျွန်တော် ကဖေးဆိုင် ပြင်ပ ပါတီပွဲ တစ်ခုသို့ သဘင်္ဘောသားမိတ်ဆွေများ၊ *မက်ဆီနာ ဆာ*တို့နှင့်အတူ သွားသည်။ *မက်ဆီနာဆာ*ဆိုသူက ကျွန်တော်တို့ သင်္ဘောသားတွေ အဝတ်အစား ဝယ်နေကျဖြစ်သည့် မိုဘိုင်းရှိ အထည်ဆိုင်မှ ဂျူးလူမျိုးစာရေး၊ ကျွန်တော်တို့ကို လိပ်စာကတ်တွေ ပေးသူမှာလည်း သူပင်ဖြစ်သည်။ ကျွန်တော်တို့ သင်္ဘောပြင်နေစဉ် ရှစ်လ အတောအတွင်းတွင် *မက်ဆီနက်ဆာ*သည် ကျွန်တော်တို့ ကိုလံဘီယာနိုင်ငံသား သင်္ဘောသားတွေကို ဂရု တစိုက်ရှိလှသည်။ ထိုကျေးဇူးတရားတွေကြောင့် ကျွန်တော်တို့ သူနှင့်သာ အလုပ်ဖြစ်သည်။ သူပြောပုံ အရဆိုလျှင် သူသည် စပိန်စကားပြောနိုင်ငံများတွင် လုံးဝမနေဖူးသူဖြစ်သည်။ သို့သော်လည်း သူသည် စပိန်ဘာသာစကားကို မှန်မှန်ကန်ကန် ပြောနိုင်ဆိုနိုင် သည်။

ကျွန်တော်တို့ စနေနေ့တိုင်းလိုလို သွားတတ်သည့် ပြင်ပကဖေးဆိုင်တွင် ဂျူးများနှင့် ကိုလံဘီယန် သင်္ဘောသားတွေသာ ရှိသည်။ စနေနေ့တိုင်း ထို မိန်းကလေးပဲ စင်မြင့်တစ်ခုပေါ်မှာ ကသည်။ သူမဝမ်း ဗိုက်က ဟာလာဟင်းလင်း။ မျက်နှာကိုတော့ ရုပ်ရှင်တွေ ထဲမှ အာရပ်ကချေသည်တွေလို မျက်နှာလွှာဇာ တပ်





ထားသည်။ ကျွန်တော်တို့က သံဘူးဘီယာတွေ သောက် ပြီး လက်ခုပ်သြဘာပေးကြသည်။ ကျွန်တော်တို့အထဲမှာ အားတက်သရောအရှိဆုံးလူက *မက်ဆီနာဆာ*။ ပေါ်ချောင်ကောင်းအထည်တွေကို ကိုလံဘီယန် သင်္ဘောသား တွေထံ ရောင်းသည့်ဆိုင်စာရေး . . . ဂျူးလူမျိုး။

မိုဘိုင်းက ပါတီပွဲအကြောင်း အာရုံမှောက်မှား ပြီး ရီဝေရီဝေနှင့်နေခဲ့သည်မှာ အချိန်ဘယ်လောက် ကြာသွားသလဲဟုပင် မသိတော့။ တော်တော်နောက်ကျ နေပြီပဲဟု စဉ်းစားကာ ထခုန်လိုက်မိတာကိုပဲ ကျွန်တော် သိလိုက်သည်။ ထို့နောက် ဖောင်နှင့် ငါးမီတာ ခန့်အကွာ တွင် ခေါင်းမှာအစင်းကြောင်းတွေပါသော အဝါရောင် ရောမလိပ်ကြီးကို တွေ့လိုက်ရသည်။ သူ့မျက်လုံး အစုံမှာ မထုံတက်သေးနှင့် လှုပ်ရှားမှုကင်းသည်။ ဖန်ဂေါ်လီလုံးကြီးနှစ်လုံးနှင့်တူသော ထိုမျက်လုံးဖြင့် ကျွန်တော့်ကို စိတ်ချောက်ချားဖွယ်ရာကောင်းစွာ ကြည့်နေလေသည်။ အစကတော့ ကျွန်တော့်အာရုံ မှားတာပဲဟု တွေးမိကာ ကြောက်ကြောက်လန့်လန့်နှင့် ထိုင်ချလိုက်သည်။ ခေါင်းမှအမြီးအထိ လေးမီတာခန့် ပုံပျက်ပန်းပျက်ကြီးမားလှသော လိပ်သတ္တဝါမှာ ကျွန်တော် လှုပ်ရှားတာကို မြင်သောအခါ အောက်သို့ ငုပ်လျှိုးသွားသည်။ ရေမြှုပ်လေးတွေသာ ပကျုံထ၍ ကျန်ခဲ့သည်။ ထိုသို့ ဖြစ်နေသည်မှာ ဘယ်လောက်လား၊



www.burmeseclassic.com

www.burmeseclassic.com



အာရုံများတာပဲလားဆိုသည်ကို ကျွန်တော်မသိ။ ငါးမိနစ်ခန့်ကြာသောအခါ ထိုရေမလိပ်ကြီးသည် ကြောက်စရာကောင်းလှသည့် သူ့ခေါင်းကို ရေပေါ်ဖော်လျက် ဖောင်ရှေ့မှာ ကူးသွား သည်ကို မြင်လိုက်ရသည့်တိုင်အောင် ဒါတကယ်ဖြစ်နေတာလားဟု ကျွန်တော်မှာ ဆုံးဖြတ်ချက်မချနိုင်အောင်ပင် ဖြစ်ရသည်။ ကျွန်တော် သိသည်ကတော့ (တကယ်လား၊ အမြင်မှားတာလားတော့မသိ) လိပ်ကြီးသည် ဖောင်ဖြင့် ပွတ်မိသွားမည်ဆိုပါက ဖောင်သည် ဟန်ချက်ပျက်ပြီး တစ်ပတ်နစ်ပတ်တော့ လည်သွားမှာပဲဟူ၍ဖြစ်သည်။

ထို ကြောက်ရွံ့ဖွယ်ရာ အမြင်အာရုံများက ကျွန်တော့်ကြောက်စိတ်ကို ပြန်လည် နှိုးဆွလိုက်လေသည်။ သို့ရာတွင် ကြောက်စိတ်က ကျွန်တော့်ကို သတိပြန်ဝင်လာစေသည်။ ကျွန်တော် လှော်တက်အကျိုးကို ကိုင်ကာ ထိုင်လိုက်ပြီး ထိုလိပ်ပဲဖြစ်ဖြစ်၊ ဘာကောင်ပဲဖြစ်ဖြစ် ဖောင်ကို မှောက်ဖို့ ကြိုးစားမည်ဆိုပါက တိုက်ပွဲဝင်ရန် ပြင်ဆင်ထားလိုက်သည်။ အချိန်က ငါးနာရီထိုးလုပြီ။ အချိန်မှန်ပင် . . . ငါးမန်းများသည် ရေမျက်နှာပြင်ဆီသို့ ရောက်လာကြသည်။

ကျွန်တော် နေ့စဉ်မှတ်သည့်ဖောင်၏ ဘေးသို့ ကြည့်လိုက်သည်။ ခြစ်ရာရှစ်ခုကို ရေတွက်ကြည့်လိုက်သည်။ သို့ရာတွင် ယနေ့ကို မှတ်တမ်းတင်ရမည်ဆိုတာ ကျွန်တော် မေ့လျော့နေခဲ့မိပြီဟု သိလိုက်ရသည်။





ကျွန်တော် သော့ဖြင့် အခြစ်တစ်ခြစ် ဆွဲမှတ်လိုက်သည်။ ဒီတစ်ခါမှတ်တာ နောက်ဆုံးပဲဟု ကျွန်တော် သိနေသည်။ ဆက်ရှင်နေရသည်ထက် သေဖို့ကပို၍ ခက်ခဲလိမ့်မည်ဆိုတာကို သဘောပေါက်မိနေ၍ ကျွန်တော် စိတ်ဓာတ်ကျရသည်။ ဒေါသထွက်ရသည်။ ထိုနေ့မနက်က သေလမ်းကို ကျွန်တော် ရွေးချယ်ခဲ့သော်လည်း အသက်အတွက် တိုက်ပွဲဝင်ရာတွင် အဆင်သင့်ဖြစ်ရန် လှော်တက်ကျိုးကိုကိုင်ရင်း ကျွန်တော် ဆက်လက် ရှင်သန်နေခဲ့သည်။ ယခုအချိန်တွင် ကျွန်တော့်အတွက် ဘာမှမဟုတ်တော့သည့် အသက်ရှင်မှုအတွက် ဆက်လက်တိုက်ပွဲဝင်ရမည်။

## ဆန်းကြယ်လှသောအမြစ်

ပူးပြင်းစူးရှလှသော နေရောင်ခြည်၊ စိတ်ပျက်မှုနှင့် ရေငတ်မှုတို့၏ဒဏ်ကို ပထမဦးဆုံးအကြိမ် ကြုံခဲ့စဉ်က လုံးဝ မခံမရပ်နိုင်အောင် ဖြစ်ခဲ့ရသည်။ သို့ရာတွင် မယုံနိုင်စရာ အဖြစ်အပျက်တစ်ခု ဖြစ်လာခဲ့၏။ ဖောင်၏ အလယ်ကြိုးပိုက်တွေထဲတွင် လိမ်ယှက်နေသော အနီရောင် အမြစ်တစ်ခု ရှိနေလေသည်။ ထုထောင်းပြီး ဘိုယာကာမှာ ဆိုးဆေးစပ်ကြသော အမြစ်မျိုးနှင့် တူသည်။ နာမည် ဘယ်လိုခေါ်သလဲဆိုတာကိုတော့ ကျွန်တော် မမှတ်မိတော့ပါ။ ထိုအမြစ် ဖောင်ထဲရောက်နေခဲ့သည်မှာ ဘယ်လောက်ကြာခဲ့ပြီလဲဆိုတာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မသိပါ။ ပင်လယ်ထဲတွင် ကိုးရက်လုံးလုံး နေခဲ့ရသော်လည်း မြက်တစ်ပင်တလေမှ ကျွန်တော် မမြင်ဖူးခဲ့။ သို့သော် ငြားလည်း ယခုအဖြစ်မှာ ကျွန်တော် မသိဘဲ ဖြစ်သွားခဲ့လေပြီ။ အမြစ်သည် ပိုက်ကြမ်းပြင်နှင့် လိမ်ယှက်ငြိစွန်းနေသည်။ တခြား မှားစရာမရှိသော ကုန်း၏သင်္ကေတတစ်ခု။ သို့သော်လည်း ကုန်းမြေကိုမူ ဘယ်နေရာမှာမှ မတွေ့ရပေ။

အမြစ်က စင်တီမီတာ သုံးဆယ်ခန့်ရှည်သည်။ ပိုက်ဆာလှပြီ။ သို့သော် ဆာလောင်သည့်အကြောင်း စဉ်းစားရန်ပင် ခွန်အား မရှိတော့ဘဲ အမြစ်ကို ကျွန်တော် အမှုမဲ့ အမှတ်မဲ့ကိုက်လိုက်သည်။ ထိုအရသာသည် သွေးအရသာနှင့် တူ၏။ သို့ရာတွင် အမြစ်မှ စေးပျစ်ပျစ်နှင့် ချိုသောအရသာရှိသည့် အဆီများ ထွက်လာရာ လည်ချောင်းမှ ဝေဒနာကို သက်သာစေပါသည်။ အမြစ်၏အရသာမှာ အဆိပ်ဟု ကျွန်တော် ထင်မိသော်လည်း ကျွန်တော် ဆက်စားနေမိသည်။ ထိုအမြစ်တုံးကို တစ်မှုန်တစ်စေ့မှ မကျန်အောင် ကျွန်တော် စားပစ်လိုက်သည်။

စားပြီးသွားသောအခါတွင်လည်း ဘာမှ ထူးထူးခြားခြား မခံစားမိ။ သမ္မာကျမ်းစာ ဝတ္ထုတစ်ပုဒ်ကို သတိရမိလိုက်၍ ထိုအမြစ်သည် သံလွင်ကိုင်းတစ်ခု ဖြစ်မည်ဟု ကျွန်တော် စိတ်ထဲမှာထင်လာသည်။ နောဧကချိုးငှက်ကို လွှတ်လိုက်သည့်အခါ ချိုးငှက်သည် သံလွင်ခက်ကို ချီလျက် နောဧသင်္ဘောဆီသို့ ပြန်လာ





သည်။ ထိုသံလွင်ခက်မှာ ပင်လယ်ရေသည် ကုန်းပေါ်မှ လျော့ကျသွားပြီဆိုသော သင်္ကေတတစ်ခုဖြစ်သည်။ ထို့ကြောင့် သမ္မာကျမ်းစာထဲမှ သံလွင်ခက်သည် ကျွန်တော်၏ ကိုးရက်လုံးလုံး ဆာလောင်မှုကို ချုပ်ငြိမ်းစေသည့် အမြစ်လိုမျိုးပဲ ဖြစ်မည်ဟု ကျွန်တော် ယုံကြည်မိသည်။

ပင်လယ်ထဲတွင် တစ်နှစ်လောက်စောင့် ဆိုလျှင် စောင့်နိုင်သည်။ သို့ရာတွင် တစ်နေ့မှ ဆက်လက်အောင့်အည်းနေဖို့ မဖြစ်နိုင်တော့ဘူးဆိုလျှင် နောက်ထပ်တစ်နာရီလောက်ကိုပင် သည်းမခံနိုင်တော့ပေ။ လွန်ခဲ့သည့်နေ့က ကျွန်တော်ကမ်းခြေမှာ အိပ်ရာနိုးလိမ့်မည်ဟု ထင်ခဲ့သည်။ သို့ရာတွင် နှစ်ဆယ့်လေးနာရီသာ ကုန်ဆုံးသွားသည်။ ကျွန်တော်က ပင်လယ်နှင့် ကောင်းကင်ကိုသာ ကြည့်နေရဆဲ။ ယခု ကျွန်တော် ဘာအတွက်မှ မစောင့်ဆိုင်းတော့။ ဒီနေ့သည် ပင်လယ်ထဲမှာ နဝမမြောက်သည့်နေ့။ အသေခံနေရသည့် ကိုးရက်ပဲဟု ကျွန်တော် အထိတ်တလန့်စဉ်းစားမိသည်။ ယခုအချိန်လောက်ဆိုလျှင် ဘိုဂိုတာရှိ အိုလေရာက ကျွန်တော့်အိမ်တွင် မိတ်ဆွေသင်္ဂဟ များဖြင့် ပြည့်နက်နေမှာ သေချာသည်။ ညသည် သတိဝီရိယထားပြီး စောင့်ကြည့်နေရမည့် နောက်ဆုံးညဖြစ်ပေတော့သည်။ မနက်ဖြန် ဆိုလျှင် သူတို့ ယဇ်ပလ္လင်ကို တစ်စစီဖြိုချကြပေလိမ့်မည်။ ကျွန်တော် သေပြီဆိုသည့်အချက်ကို



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘာသာ သူတို့ တဖြည်းဖြည်းချင်း လက်ခံသွားကြပေလိမ့်မည်။

တစ်စုံတစ်ယောက်က ကျွန်တော့်ကို သတိရပြီး လာကယ်ဖို့ ကြိုးစားလိမ့်မည်ဆိုသည့် ခပ်ရေးရေးမျှော်လင့်ချက်ကိုတော့ ယနေ့ညအထိ ကျွန်တော်ဆုပ်ကိုင်ထားဆဲ။ သို့ရာတွင် ကျွန်တော့်မိသားစု အတွက်မှာမူ ဒီနေ့သည် ကျွန်တော် သေဆုံးခြင်း၏ နဝမမြောက်နေ့ဖြစ်သည်ကို ကျွန်တော် သဘောပေါက်မိသောအခါ လုံးဝစွန့်ပယ်ခြင်း ခံရသူတစ်ယောက်လို ခံစားလိုက်ရသည်။ ကျွန်တော် ဖြစ်နိုင်သည့် အကောင်းဆုံးအရာကတော့ သေပစ်လိုက်ဖို့ပဲ ဖြစ်မည်ဟု တွေးမိသည်။ ဖောင်ကြမ်းပြင်မှာ ကျွန်တော် လှဲချလိုက်သည်။ ကျွန်တော်အော်ဟစ်ပစ်လိုက်ချင်သည်။

"ငါဘယ်တော့မှ ပြန်မထတော့ဘူးဟေ့"

သို့ရာတွင် ထိုစကားလုံးတွေက ကျွန်တော့်လည်ချောင်းထဲမှာ တစ်သွားသည်။ ကျွန်တော် ကျောင်းကိုသတိရလာသည်။ ကာမင်းအပျိုစင်ပုံ ဆွဲပြားကိုကျွန်တော့်နှုတ်ခမ်းနားသို့ကပ်ကာ အသံမထွက်ဘဲဆုတောင်းနေမိသည်။ ကျွန်တော်ထင်သည့်အတိုင်းဆိုလျှင် ကျွန်တော့် မိသားစုလည်း ဆုမွန်ကောင်းတွေတောင်းနေပေမည်။ ထို့နောက် ကျွန်တော် နေရထိုင်ရတာ ကောင်းသွားသည်။ အကြောင်းမှာ ကျွန်တော်သေတော့မည် ဆိုတာကို သိနေသောကြောင့်ဖြစ်သည်။



အခန်း - ၁၁

## ဒသမမြောက်နေ့တွင် နောက်ထပ်အာရုံ မှောက်မှားဖြစ်ခြင်း . . . ကုန်းမြေ

ကျွန်တော်၏ နဝမမြောက်နေ့သည် အရှည်လျားဆုံးနေ့ဖြစ်လေသည်။ ကျွန်တော် ဖောင်ထဲတွင်လှဲနေရာ လှိုင်းတွေက ဖောင်ဘေးကို အသာအယာ ပုတ်ခတ်နေကြသည်။ သို့ရာတွင် ကျွန်တော်၏ အာရုံတွေကို ကျွန်တော်အမိန့်မပေးတော့ပါ။ လှိုင်းပုတ်သည့် အခါတိုင်းကျွန်တော့်စိတ်တွေ သက်သာရာ ရလာသည်။ ကပ်ဒုက္ခတွေ လျော့လာသည်။ သေခြင်းသည် လာရာလမ်းအတိုင်း ပြန်သွားတတ်သည်ဟု ပြောစမှတ်ရှိကြသည်။ ထိုကဲ့သို့သော အလားတူဖြစ်ရပ်မျိုး ထိုညမှာ ကျွန်တော်ကြုံရသည်။ ထို ကြောက်မက်ဖွယ်ရာကောင်းသည့်နေ့ကို ပိုးတဝါး ခြေရာပြန်ကောက်သောအခါ ကျွန်တော်ဖျက်သဘောပေါ် ပြန်ရောက်သွားသည်။ ကျွန်တော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



*ရေမွန်ဟာရီယာသည်* ပဲ့ပိုင်းကုန်းပတ်ပေါ်ရှိ ရေခဲသေတ္တာများနှင့် မီးဖိုများကြားထဲတွင် လဲ့ကာ တာဝန်ကျနေသည့် *လူးဝစ်ရင်ဂိုဖိုကို* ကြည့်နေသည်။ လှိုင်းတွေက ဖောင်နံ့ဘေးကို ပုတ်သည့်အခါတိုင်း ကုန်သေတ္တာများ လျှောသွားသည်ဟု ကျွန်တော် သိနေသည်။ ကျွန်တော်က ပင်လယ်ကြမ်းပြင်ဆီ သို့ ဇောက်ထိုးကျနေသည်။ ပြီးတော့ ကျွန်တော် ရေမျက်နှာပြင်ဆီသို့ ကူးခတ်နေသည်။

ထို့နောက် အထီးကျန်မှု၊ စိုးရိမ်ကြောင့်ကြမှု၊ ဆာလောင်မှုနှင့် ရေငတ်မှုတို့ဒဏ် ခံခဲ့ရသော ကိုးရက်စလုံးသည် ရုပ်ရှင်ပိတ်ကားပေါ်မှာ ပြသလို အသေးစိတ်နောက်ကြောင်းပြန် ပုံရိပ်များအဖြစ် ပေါ်လာကြလေသည်။ ပထမဆုံး ကျွန်တော်ပြုတ်ကျ။ ဖောင်ဘေးနားမှာ ကျွန်တော့် အဖော်တွေက အော်ဟစ်။ ထို့နောက် ဆာလောင်မှု၊ ရေငတ်မှု၊ ငါးမန်းများနှင့် မိဘိုင်းကို သတိရမှုများ. . . အားလုံးတို့သည်။ ပီပြင်ထင်ရှားသော ပုံရိပ်များအဖြစ် တစ်ကျော့ပြန်နေလေသည်။ ကျွန်တော်သည် ကုန်းပတ်ပေါ်မှ ပြုတ်မကျသွားစေရန် ကြိုတင်ကာကွယ်နေ၏။ ဖျက်သင်္ဘောပေါ်မှ ကျွန်တော်သည် လှိုင်းထဲ ပါမသွားစေရန် ကြိုးဖြင့် ချည်တွဲထားဖို့ ကြိုးစားနေသည့်ပုံကို ပြန်မြင်နေရသည်။ ကျွန်တော့် လက်ကောက်ဝတ်တွေ၊ ခြေချင်းဝတ် တွေ. . . တစ်ကိုယ်လုံးနီးပါး ကြိုးဖြင့် တင်းတင်းချည်ထားသည်။ ညာဘက်ဒူး





ခေါင်း နာသွား၏။ သို့ရာတွင် ကျွန်တော့်ကိုယ်ကို ချည်ထားသော ကြိုးများမှာ ခိုင်ပြီး စိတ်ချရသော်လည်း လှိုင်းတွေက ရောက်လာပြီး ကျွန်တော့်ကို ပင်လယ်ကြမ်းပြင်ဆီသို့သာ တွန်းထိုးပစ်လိုက်သည်။ သတိဝင်လာသောအခါ ကျွန်တော် ပင်လယ်ရေမျက်နှာပြင်ဆီသို့ ကူးခတ်နေသည်။ အသက်ရှူစရာ လေမရှိတော့။

လွန်ခဲ့သည့် ရက်တွေက ကျွန်တော့်ကိုယ်ကို ဖောင်နှင့်တွဲချည်ထားဖို့ စဉ်းစားခဲ့သည်။ ထိုညကလည်း ကျွန်တော့်ကိုယ်ကို ဖောင်နှင့် တွဲချည်ထားချင်သည်။ သို့ရာတွင် ကြိုးပိုက်ခင်းကြမ်းပြင်မှာ ကြိုးရှာဖို့အင်အား ကျွန်တော့်မှာမရှိ။ ကျွန်တော် မစဉ်းစား တတ်တော့။ ကိုးရက်အတွင်းမှာ ပထမဆုံးအကြိမ်အဖြစ် ဘယ်နေရာကို ရောက်နေသလဲဆိုတာကို ကျွန်တော် မသိဘဲ ဖြစ်နေသည်။ ကျွန်တော့် လက်ရှိအတိုင်းဆိုလျှင် ထိုနေ့ညက လှိုင်းတွေ ကျွန်တော့်ကိုယ်ကို ပင်လယ်ကြမ်းပြင်အောက်သို့ ဆွဲမခေါ်သွားသည်မှာ အံ့ဖွယ်တန်ခိုးပင် ဖြစ်လေသည်။ ဘာတွေဖြစ်နေခဲ့သလဲ ဆိုတာကိုပင် ကျွန်တော် သိမှာမဟုတ်ခဲ့။ အာရုံမှောက်မှားမှုလား၊ တကယ်ဖြစ်နေတာလား ဆိုသည်ကိုပင် ကျွန်တော် မခွဲခြားတတ်တော့ပါ။ လှိုင်းတစ်ခုက ဖောင်ကို မှောက်ပစ်လိုက်လျှင်လည်း နောက်ထပ် အာရုံမှောက်မှား မြင်မိတာပဲဟု ထင်မိမှာပင်ဖြစ်သည်။ ဖျက်သင်္ဘောပေါ်မှ နောက်ထပ်တစ်ကြိမ် ပြုတ်ကျတာပဲဟု ထင်မိမှာပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(ကျွန်တော် ထိုညမှာ အကြိမ်ပေါင်းများစွာ မြင်မိသလိုမျိုး) ဖောင်မှောက်ခဲ့လျှင်လည်း ကျွန်တော် ရေထဲပြုတ်ကျပြီး ဖောင်ဘေးနားတွင် ကိုးရက်လုံးလုံး စိတ်ရှည်ရှည်နှင့် စောင့်နေခဲ့သည့် ငါးမန်းတို့၏အစာ ဖြစ်သွားပေလိမ့်မည်။

သို့ရာတွင် ထိုညတွင် ကံကောင်းခြင်းက ကျွန်တော့်ကို ကာကွယ်ပေးခဲ့လေသည်။ ကျွန်တော်၏ အာရုံတွေကို ကျွန်တော် ဆုံးရှုံးခဲ့ရသည်။ အထီးကျန်ရက် ကိုးရက်အတွင်း ဖြည်းညင်းစွာ ပြန်လည်နေထိုင်ခဲ့ရသည်။ သို့ရာတွင် အခုအချိန်မှာတော့ ကျွန်တော်သည့် ဖောင်နှင့် တွဲချည်ထားစဉ်ကလိုမျိုး လုံလုံခြုံခြုံရှိနေပါသည်။

မိုးလင်းသောအခါ လေက အေးစက်လာပြန်သည်။ ကျွန်တော် ဖျားနေပြီ။ ကျွန်တော့်အရိုးထိ နိုက်နိုက်တုန်အောင် ချမ်းနေသည်။ ကျွန်တော့် ညာဘက်ဒူး နာစပြုလာသည်။ ပင်လယ်ရေငန်က ဒဏ်ရာကို ခြောက်သွေ့အောင် လုပ်ထားသော်လည်း အနာက မကျက်သေး။ နောက်ထပ် မထိနိုက်မိအောင် ကျွန်တော် ဂရုစိုက်ခဲ့သော်လည်း အနာက ပထမနေ့ကလိုမျိုး ဖြစ်နေသည်။ ကျွန်တော် မှောက်လျက် လှဲချလိုက်သောအခါ ဒူးမှအနာသည် ကြမ်းပြင်နှင့် ထိမိပြီး နာလွန်း၍ တဆတ်ဆတ်တုန်လာသည်။ ထိုဒဏ်ရာက ကျွန်တော့် အသက်ကို ကယ်ခဲ့တာပဲဟု ယခုမှ ကျွန်တော် ယုံကြည်





မိတော့သည်။ တိမ်တွေထဲကို ဖြတ်သန်းနေသလိုမျိုး နာကျင်မှု ဝေဒနာကို ကျွန်တော် ခံစားနေရသည်။ ထိုဒဏ်ရာက ကျွန်တော့် ခန္ဓာကိုယ်ကို သတိပြုမိအောင် လုပ်နေသည်။ ကျွန်တော်၏ ပူခြစ်နေသော မျက်နှာကို အေးစက်သည့် လေတိုက်ခတ်သွားတာ ခံစားလိုက်ရသည်။ အဓိပ္ပာယ်မရှိသော စကားများကို နာရီပေါင်းများစွာ ပြောနေမိသည်။ သင်္ဘောက အဖော်တွေကိုလည်း ကျွန်တော်စကားပြောသည်။ သံဝါသံကြောင်ဂီတများကို တီးခတ်နေသည့် တစ်နေရာကို မာရီနှင့်အတူ သွားပြီး ရေခဲမုန့်စားသည်။

မရေမတွက်နိုင်သော နာရီပေါင်းများစွာ လွန်မြောက်ပြီးသောအခါ ကျွန်တော့်ခေါင်း ပေါက်ကွဲထွက်သွားမည်ဟု ကျွန်တော် ထင်မိသည်။ ကျွန်တော့် နားထင်တွေ တဒိတ်ဒိတ်ခုန်နေပြီး အရိုးအဆစ်တွေ ကိုက်ခဲနေသည်။ ရောင်လာ၍ ထုံနေသော ကျွန်တော့် ခြေထောက်မှ ဒဏ်ရာ၏နာကျင်မှုကို ကျွန်တော် ခံစားနေရသည်။ ကျွန်တော့် ဒူးခေါင်းသည် ကျွန်တော့် ခန္ဓာကိုယ်ထက်ပင် အဆမတန် ကြီးမားနေသလိုမျိုး ခံစားနေရသည်။

အရုဏ်ကျင်းသောအခါ ကျွန်တော် ဖောင်ပေါ်မှာပဲ ရှိနေတာကို သိလိုက်ရသော်လည်း အချိန်တွေ ဘယ်လောက် ကြာခဲ့ပြီလဲ ဆိုတာကို ကျွန်တော် မသိတော့။ အလွန်အားစိုက်ပြီး စဉ်းစားတော့မှ ဖောင်၏



www.burmeseclassic.com

www.burmeseclassic.com



ဘောင်တွင် သော့ဖြင့် မျဉ်းကိုးခု ခြစ်ထားမိတာကို သတိရလာသော်လည်း နောက်ဆုံး တစ်ခြစ်ခြစ်မိသည့် အချိန်ကို ကျွန်တော် မမှတ်မိတော့ပါ။ ကျွန်တော့်အဖို့မှာမူ ပိုက်ကြားထဲက အမြစ်ကို စားမိခဲ့သည့် နေ့လယ်ခင်းမှ ယခုအချိန်အထိ အချိန်တော်တော်များများ ကုန်ဆုံးသွားခဲ့သည်ဟု ထင်ရသည်။ ဖြစ်ခဲ့တာတွေက အိပ်မက်တစ်ခုလား။ ကျွန်တော့် ပါးစပ်ထဲမှာ ချိုပျစ်ပျစ် အရသာ ကျန်နေသေးသော်လည်း ကျွန်တော် ဘာစားမိခဲ့လဲဟု စဉ်းစားလိုက်သောအခါ ကျွန်တော် မမိုတ်မိတော့။ ထိုအရသာသည် ကျွန်တော့်ကို ဘာခွန်အားမှ မပေးခဲ့ပါ။ အကုန်စားပစ်ခဲ့သော်လည်း ကျွန်တော့်ဗိုက်ထဲမှာ ဟာနေဆဲပင်။ ကျွန်တော် လုံး၀ အားကုန်သွားပြီ။

ထိုအမြစ်ကို စားခဲ့ချိန်မှ၍ ဘယ်နရက် ဖြတ်သန်းသွားပြီလဲ။ ကျွန်တော် သိရသည့်ရက်က အရဏ်ကျင်းတော့မည်။ သို့ရာတွင် ကုန်းမြေထက်ပင် ပို၍ ဝေးလှမ်းပုံရသည့် သေခြင်းတရားကို စောင့်ဆိုင်းရင်း ဖောင်ထဲမှာ ခြေကုန်လက်ပန်းကျပြီး လှဲနေခဲ့သည်မှာ ဘယ်နညရှိပြီလဲဆိုတာ ကျွန်တော် မပြောတတ်တော့ပါ။ အရင်ညကတည်းက ရှိခဲ့သည့်ပမာ ကောင်းကင်ကြီးနီလာသည်။ ထိုအရောင်က ကျွန်တော့် စိတ်ရှုပ်ထွေးမှုကို ပိုပြီးရှုပ်ထွေးအောင် လုပ်လိုက်သည်။ ဒါဟာ အရဏ်ဦးအချိန်လား၊ ဆည်းဆာချိန်လားဆိုတာ ကျွန်တော် မသိတော့ပါ။





## ကုန်းမြေလား

ဒူးမှဒဏ်ရာ၏ နာကျင်မှုက မခံမရပ်နိုင်အောင် ဖြစ်လာသောကြောင့် ကျွန်တော် ပုံစံပြောင်းနေဖို့ ကြိုးစားမိသည်။ ကျွန်တော် တစ်ဖက်သို့ လှည့်ချင်သည်။ သို့သော် မလှည့်နိုင်။ ကျွန်တော်သည် အလွန်မောပန်းနေ၍ ရပ်နိုင်တော့မည်ဟုပင် မထင်။ ထို့ကြောင့် လက်နှစ်ဖက်ဖြင့် ဖောင်ကြမ်းပြင်ကိုထောက်ပြီး ခန္ဓာကိုယ်ကို မြှောက်ကာ ဒဏ်ရာရနေသည့် ခြေထောက်ကို ရွှေ့လိုက်သည်။ ပြီးမှ ဘောင်ပေါ် ခေါင်းမှီရင်း ပက်လက်လှန်လှဲလိုက်သည်။ အချိန်က အရဏ်ဦးဖြစ်ပုံရသည်။ ကျွန်တော် နာရီကို ကြည့်လိုက်သည်။ အချိန်က မနက်လေးနာရီ။ ကျွန်တော်သည် နေ့စဉ်နေ့တိုင်း ဒီအချိန်မျိုးမှာ မိုးကုပ်စက်ဝိုင်းကို လိုက်ရှာတတ်သည်။ သို့ရာတွင် ကုန်းကိုမြင်ရမည့် မျှော်လင့်ချက်တွေ ပျောက်ဆုံးခဲ့လေပြီ။ ကျွန်တော် ကောင်းကင်ကိုသာ သေသေချာချာ ကြည့်နေမိသည်။ အနီရဲရဲမှ အပြာဖျော့ဖျော့ သို့ ပြောင်းသွားသည်ကို ကျွန်တော် စောင့်ကြည့်နေမိသည်။ လေက အေးစက်နေဆဲ။ ကျွန်တော် ဖျားနေပြီ။ ပြင်းထန်လွန်းလှသော နာကျင်မှုဝေဒနာကြောင့် ကျွန်တော့်ဒူး တဆတ်ဆတ်တုန်ယင်နေသည်။ ကျွန်တော် မသေခဲ့သည့်အတွက် ပူဆွေးနေမိသည်။ ကျွန်တော် လုံး၀ အသက်ရှိနေသော်လည်း ကျွန်တော့်မှာ ခွန်အားဟူ၍ မရှိတော့ပါ။ ညအထိခံမှာ မဟုတ်တော့ဘူးဟု စဉ်းစားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖူးသည့်အတွက် ကျွန်တော့် ဆုံးရှုံးမှုကို ခံစားနေရင်း နေ့သစ်တစ်ခုပင် အစပျိုးလာပြီ။ နေ့သစ်သည်လည်း နေ့ဟောင်းတွေထဲက တစ်နေ့လိုပင်။ မခံမရပ်နိုင် အောင် ပူလှသည့် နေမင်းရှိနေသည့် နတ္တိနေ့တစ်နေ့ပင် ဖြစ်သည်။ ငါးနာရီထိုးလျှင် ငါးမန်းတွေ ဖောင်အနားသို့ ရောက်လာမည်။

ကောင်းကင်ကြီး အပြာရောင်ပြောင်းသွား သောအခါ ကျွန်တော် မိုးကုပ်စက်ဝိုင်းကို ကြည့်လိုက်မိ သည်။ ရေသည် နေရာတိုင်း တွင် ငြိမ်သက်နေကာ စိမ်းနေသည်။ သို့ရာတွင် ဖောင်၏ရှေ့မှာ ရှည်လျား သော အရိပ်ကြီးတစ်ခုကို အရဏ်ချိန် မသဲမကွဲ အလင်း ရောင်၌ တွေ့လိုက်ရသည်။ တောက်ပသော ကောင်း ကင်နောက်ခံတွင် အုန်းပင်ကောက်ကြောင်းတွေကို ကျွန်တော် မြင်နေရသည်။

ကျွန်တော် ဒေါသထွက်သွားသည်။ ယမန်နေ့ က ကျွန်တော် မိဘိုင်းက ပါတီပွဲမှာ ရှိနေခဲ့သည်။ ထို့နောက် အဝါရောင် ရေမလိပ်ကြီးကို တွေ့ခဲ့ရသည်။ ညအချိန်တွင် ဘိုဂိုတာက အိမ်မှာ ရှိနေခဲ့သည်။ လာဆယ်လီဒီဗီလာဗီဆင်စီရီမှာ ရှိနေခဲ့သည်။ သင်္ဘောပေါ်မှ အဖော်များနှင့် ရှိနေခဲ့သည်။ ယခု ကျွန်တော် ကုန်းကို မြင်နေရပြီ။ ယခုလိုမျိုး အာရုံ မှောက်မှားမှုကို လွန်ခဲ့သည့် လေးငါးရက်မှာ ကြုံခဲ့ပါက ပျော်လွန်း၍ပင် ရူးသွားပေမည်။ ဖောင်ကို ငရဲသို့





တန်းခနဲပို့ကာ ကမ်းခြေကို မြန်မြန်ရောက်ဖို့ ရေထဲ ကျွန်တော် ခုန်ချမိပေမည်။

သို့ရာတွင် ယခုအချိန်မှာ အာရုံမှောက်မှားမှု တွေအတွက် ကျွန်တော်ပြင်ဆင်ပြီးသွားပြီ။ အုန်းပင် များမှာ တကယ့်အုန်းပင် ဖြစ်ဖို့အတွက် ထင်ရှားလွန်း နေသည်။ ထို့အပြင် အုန်းပင်များသည် တစ်နေရာ တည်းမှာ မရှိ။ တစ်ခါတလေ ဖောင်ဘေးမှာ ရှိနေသည် ဟု ထင်ရသည်။ တစ်ခါတရံ နှစ်မီတာ သုံးမီတာ အကွာမှာပဲ ရှိနေသည်ဟု ထင်ရသည်။ ထို့ကြောင့် ကျွန်တော် မပျော်မိခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော် သေချင်နေခြင်းဖြစ်သည်။ အာရုံမှောက်မှားမှုတွေကြောင့် မရူးခင် သေသာသေလိုက်ချင်သည်။ ကျွန်တော် ကောင်းကင်ကြီးဆီသို့ ထပ်မံကြည့်လိုက်သည်။ ယခု အချိန်မှာတော့ ကောင်းကင်သည် မြင့်မားပြီး တိမ်ကင်း စင်ကာ ပြာလွင်နေလေသည်။

ငါးနာရီထိုးဖို့ ဆယ်ငါးမိနစ်အလိုတွင် မိုးကုပ် စက်ဝိုင်းမှာ နေမင်းကြီးပြူလာသည်။ စောစောပိုင်းက ညကြောင့် ကျွန်တော် တုန်လှုပ်ချောက်ချားခဲ့ရသည်။ သို့ရာတွင် ယခုအချိန်တွင် နေ့သစ်၏နေမင်းသည် ကျွန်တော့် ရန်သူဖြစ်ပုံရသည်။ အင်အားကြီးမားလွန်းလှ သော မကျေနပ်နိုင်သော ရန်သူသည် အရည်ကြည်ဖု တွေ ထနေသော ကျွန်တော့် အရေပြားကို ဆွဲလှန်ဖို့ ဆာလောင်မှု၊ ရေငတ်မှုနှင့် ကျွန်တော့်ကို ရူးသွပ်သွား



www.burmeseclassic.com

www.burmeseclassic.com



အောင်လုပ်ဖို့ ထွက်လာလေပြီ။ ကျွန်တော် နေမင်းကို ကျိန်ဆဲပစ်လိုက်သည်။ နေ့ကို ဆဲပစ်လိုက်သည်။ ငတ်ပြီးသေရမည့်အစား၊ ငါးမန်းစာမိပြီး သေရမည့် အစား ကိုးရက်လုံးလုံး မသေဘဲ ရှင်နေခဲ့ရသည့် ကျွန်တော့် ကံတရားကို ကျိန်ဆဲပစ်လိုက် သည်။

နေရထိုင်ရတာ သက်သက်သာသာ မရှိလွန်းလှ၍ ဖောင်ထဲမှာ လှဲအိပ်ရန် လော်တက်အကျိုးကို ကျွန်တော် ရှာမိသည်။ ယခင်က ခေါင်းအုံးမာလျှင် အိပ်လို့ မရနိုင်ခဲ့သည့် ကျွန်တော့်ခမျာ ယခုအချိန်မှာတော့ ငါးမန်းကိုက်၍ တစ်ဝက်သာ ကျန်တော့သည့် လော်တက်အကျိုးကို အသည်းအသန် လိုက်ရှာနေမိသည်။

လော်တက်ကျိုးသည် ကြိုးပိုက်ကြမ်းပြင်တွင် လုံးထွေးရစ်ပတ်လျက် ရှိနေဆဲ။ လော်တက်ကို ကြိုးပိုက်မှ ဖြေလိုက်ပြီး ကျွန်တော်၏ နာကျင်လွန်းလှသော နောက်ကျောအောက်မှာ ညင်သာစွာခုကာ ခေါင်းကို ဖောင်ဘေးပေါ် မှေးတင်လိုက်သည်။ ထိုစဉ်မှာပဲ ထွက်ပြူစ နေမင်းကို နောက်ခံပြုလျှက် ရှည်လျားစွာရှိနေသော အစိမ်းရောင် ကမ်းခြေတန်းကို မြင်လိုက်ရခြင်း ဖြစ်သည်။

အချိန်က ငါးနာရီထိုးလုလု။ နံနက်ခင်းက ကြည်လင်ပြောင်လက်နေသည်။ ထိုကုန်းမြေ အစစ်အမှန်ဖြစ်သည်မှာ သံသယ ဖြစ်ဖွယ်ရာမရှိပေ။ ပြီးခဲ့





သော ရက်များမှ အလိုမကျခဲ့သော ပျော်ရွှင်မှုများ (လေယာဉ်များ၊ သင်္ဘောမီးရောင်များ၊ စင်ရော်များ၊ ပင်လယ်ရေ အရောင်ပြောင်းမှု) သည် ကုန်းမြေကို မြင်လိုက်သည့် တစ်ခဏ၌ ပြန်လည် အသက်ဝင်လာလေတော့သည်။

အကယ်၍သာ ထိုအချိန်မျိုးမှာ ကြက်ဥကြော်နှစ်လုံး၊ အသား၊ ကော်ဖီနှင့် ပေါင်မုန့် (ဖျက်သင်္ဘောပေါ် မုန့်နက်စာ) သာ စားပြီးစဖြစ်နေပါလျှင်လည်း ကုန်းကို မြင်စအချိန်ကလို အားအင်ပြည့်ဖြိုးချင်မှ ပြည့်ဖြိုးပေလိမ့်မည်။ ရှေ့မှာ ကမ်းခြေတန်းအရိပ်နှင့် အုန်းပင်ကောက်ကြောင်းတို့ကို ကျွန်တော် ပြတ်ပြတ်သားသား မြင်နေရပြီ။ မီးအလင်းရောင်ကိုတော့ မမြင်ရ။ သို့ရာတွင် ကျွန်တော့် ညာဘက် တစ်ဆယ်ကီလိုမီတာ အကွာတွင် နေမင်း၏ ကနဦးအလင်းတန်းသည် ကျောက်ဆောင်ကမ်းပါးများကိုထိ၍ သတ္တုရောင် တလက်လက်ထနေလေသည်။ ပျော်လွန်း၍ အရူးအမူးဖြစ်ကာ ကျွန်တော်သည် လော်တက်အကျိုးကို ကိုင်ကာ ကမ်းခြေရှိရာဆီသို့ တည့်တည့်ကြီး လှော်ခတ်ဖို့ ကြိုးစားပါတော့သည်။

ဖောင်နှင့်ကမ်းခြေသည် နှစ်ကီလိုမီတာပဲ ကွာမည်ဟု ကျွန်တော် တွက်ချက်ကြည့်သည်။ ကျွန်တော့်လက်တွေက ဖွာလန်ကြဲနေသည်။ ထလိုက်ရာ နောက်ကျောက နာလာသည်။ သို့ရာတွင် ယခု



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရှေ့မှာ ကုန်းကို မြင်ရသောအခါမှာ လက်လျှော့ဖို့ အတွက် ကျွန်တော် ကိုးရက်လုံးလုံး တောင့်ခံနေခဲ့တာ မဟုတ်ပါ။ ကျွန်တော် ချွေးပြန်လာသည်။ နံနက်ခင်း၏ အေးစက်သောလေက ကျွန်တော့် ချွေးများကို ခြောက်သွေ့စေပြီး အရိုးအထိ စိမ့်အောင် အေးစေသည်။ သို့ရာတွင် ကျွန်တော် လှော်ခတ်နေဆဲ။

## ကမ်းဘယ်ဆီဝယ်

ကြီးလှသော ဖောင်အတွက် လှော်တက်အကျိုးသည် အသုံးမဝင်လှ။ တုတ်ချောင်းတစ်ချောင်းသာ ဖြစ်သည်။ ရေဘယ်လောက် နက်သည်ဆိုတာကို စမ်းဖို့ပင် အသုံးမဝင်။ စောစောပိုင်းတွင် စိတ်လှုပ်ရှားမှုက ပေးသည့် သာမန်မဟုတ်သော ခွန်အားများဖြင့် လှော်ခတ်ခဲ့ရာ ဖောင်ရှေ့သို့ အနည်းငယ်တိုးသွားအောင် စွမ်းဆောင်နိုင်သည်။ လှော်တက်ကို ခဏမြှောက်လိုက်ပြီး မျက်စေ့ရှေ့က စိမ်းလန်းသော မြင်ကွင်းကို ကြည့်လိုက်ရာ ရေစီးကြောင်းသည် ကမ်းခြေတန်းနှင့် အပြိုင်ဖြစ်နေပြီး ဖောင်ကို ကျောက်ဆောင်များရှိရာ ဘက်သို့ သယ်ဆောင်သွားနေသည်ကို သတိထားမိလိုက်သည်။

လှော်တက်တွေ ဆုံးရှုံးခဲ့သည့်အတွက် နောင်တ ရလိုက်ပုံများ . . . ။ ထိုနှစ်ချောင်းထဲမှ တစ်ချောင်းသည် ကျွန်တော့်လက်ထဲက လှော်တက်အကျိုးလိုငါးမန်းအကိုက်မခံရဘဲ အကောင်းအတိုင်း ရှိနေမည်ဆို





ပါက ရေစီးကြောင်းကို ဆန်တက်ရာတွင် ကျွန်တော့်အတွက် အထောက်အကူ အများကြီးရသည်။

ကျောက်ဆောင်တွေဆီ ဖောင်ရောက်သည်အထိ စိတ်ရှည်ရှည်ထားပြီး စောင့်ဖို့ ကျွန်တော် ခဏမျှ စဉ်းစားမိလိုက်သည်။ ကျောက်ဆောင်များသည် မနက်ခင်း နေထွက်ချိန်တွင် တောက်ပနေပုံမှာ အပ်ချောင်း တောင်တန်း တစ်ခုနှင့်ပင် တူနေသေးတော့သည်။ ကျွန်တော်က မြေကြီးပေါ် ခြေချချင်သည်မှာ အသည်းအသန် ဖြစ်နေသည်မို့ ကျောက်ဆောင်တွေဆီ ရောက်မည့် အခွင့်အလမ်းများသည် သည်းမခံနိုင်လောက်အောင် ဝေးလွန်းလှသည်ဟု ထင်မိသည်။ ကျွန်တော် ကံကောင်းပါသည်။ နောင်မှ ကျွန်တော် သိရသည်မှာ ထိုကျောက်ဆောင်များသည် ပွန်တာကာရီဘန်နာ ရေတိမ်ပိုင်းကျောက်ဆောင်များ ဖြစ်နေသည်။ ရေစီးကြောင်းသည် ဖောင်ကို ထိုနေရာဆီသို့ သယ်ဆောင်သွားပါက ကျောက်ဆောင်များနှင့် တိုက်မိပြီး တစ်စစီ ဖြစ်သွားပေလိမ့်မည်။

ကျွန်တော့်မှာ ခွန်အားဘယ်လောက်ရှိသေးလဲဆိုတာကို တွက်ချက်ကြည့်ဖို့ ကျွန်တော် ကြိုးစားလိုက်သည်။ ကုန်းပေါ် ရောက်ဖို့ ဆိုလျှင် နှစ်ကီလိုမီတာခရီးကို ရေကူးရမည်။ သာမန်အတိုင်းသာဆိုလျှင် နှစ်ကီလိုမီတာ ခရီးကို တစ်နာရီလျော့လျော့အတွင်း ရောက်အောင် ကျွန်တော် ကူးနိုင်သည်။ သို့ရာတွင် ဆယ်ရက်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



ငါးနှစ်လုတ်စာနှင့် အမြစ်တစ်ခုသာစားခဲ့ရပြီး ခန္ဓာကိုယ်တစ်ခုလုံး အဖုအပိန့်တွေ ပေါက်နေကာ ဒူးမှာလည်း ဒဏ်ရာရထားသည်မို့ ဘယ်လောက်ကြာကြာ ကူးနိုင်မလဲဆိုတာ ကျွန်တော်မသိ။ သို့သော် ယခုအခွင့်အရေးသည် ကျွန်တော်၏ နောက်ဆုံးအခွင့်အရေး ဖြစ်သည်။ စဉ်းစားနေဖို့ အချိန်မရှိ။ ငါးမန်းတွေကို သတိရဖို့ပင်အချိန်မရှိပါ။ လှော်တက်ကိုလွှတ်ချကာ မျက်စေ့စုံမှိတ်ပြီး ရေထဲခုန်ချလိုက်သည်။

အေးစက်နေသောရေဖြင့် ထိလိုက်ရ၍ လန်းလန်းဆန်းဆန်း ဖြစ်သွားသည်။ ရေထဲရောက်သွားသောအခါ ကမ်းခြေကို ကျွန်တော် မမြင်ရတော့။ သို့သော် ရေထဲတွင် ခဏကြာတော့မှ အမှားနှစ်ခု ကျူးလွန်ခဲ့ပါလားဟု သိလိုက်ရသည်။ ကျွန်တော် ရှပ်အင်္ကျီကို မချွတ်ခဲ့။ ရှူးဖိနပ်ကြိုးတွေကို တင်းတင်း မချည်ခဲ့။ ထိုအရာများမှာ ရေမကူးခင် ပထမဆုံးလုပ်ရမည့် အလုပ်များဖြစ်သည်။ ကျွန်တော် ကိုယ်ဖော့ဖို့ကြိုးစားသည်။ ကိုယ်ဖော့ရင်းရှပ်အင်္ကျီကို ချွတ်လိုက်ပြီး ခါးမှာ တင်းတင်းချည်လိုက်သည်။ ထို့နောက် ဖိနပ်ကြိုးတွေကို တင်းတင်းစည်းလိုက်သည်။ ရေစကူးသည်။ ကူးစမှာတော့ စိတ်ပျက်လက်ပျက်။ နောက်မှ ပိုပြီးတည်ငြိမ်လာကာ ယက်ချက်တိုင်း ခွန်အားတွေ ယုတ်လျော့စေပါလားဟု သဘောပေါက်လာသည်။ ကမ်းကိုတော့ မမြင်ရသေး။ ကာမင်းအပျိုစင်ပုံ ဆွဲပြားနှင့်အတူ





ကျွန်တော့်ဆွဲကြိုး ပြုတ်ထွက်လာသောအခါ ငါးမီတာပင် ခရီးမတွင်သေး။

ကျွန်တော် ရေကူးရပ်ကာ အစိမ်းရောင်ရေထဲသို့ ငုပ်၍ ဆွဲကြိုးကို အမိအရ ဖမ်းယူနိုင်ခဲ့သည်။ အိတ်ကပ်ထဲထည့်ဖို့ အချိန်မရှိ၍ ပါးစပ်ဖြင့် တင်းတင်းကိုက်ကာ ရေဆက်ကူးခဲ့သည်။

ခွန်အားတွေ ယုတ်လျော့သွားတာကို ခံစားနေရသော်လည်း ကမ်းကိုတော့ မမြင်ရသေး။ ထို့နောက် ထိတ်လန့် တုန်လှုပ်သွားမိ ပြန်သည်။ ဖြစ်နိုင်တယ်၊ မဟုတ်ဘူး . . . သေချာတယ်။ ကမ်းသည် နောက်ထပ် အာရုံမှောက်မှားမှု တစ်ခုဖြစ်ခဲ့လေပြီလား။ အေးမြသောလေက လန်းဆန်းစေသည်။ အခုအချိန်တွင် ကျွန်တော့်မှာ ဆင်ခြင်တုံတရား ရှိနေပြီ။ စိတ်ကူးထဲက ကမ်းခြေဆီသို့ ကျွန်တော် ကပျာကယာ ကူးခတ်နေမိတော့သည်။ သို့ရာတွင် ယခုအချိန်၌ ကျွန်တော် ခရီးအတော်ပေါက်ခဲ့ပြီ။ နောက်ပြန်လှည့်ပြီး ဖောင်ကိုလိုက်ရှာရန်မှာ မဖြစ်နိုင်တော့ပါ။

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၂

## ထူးဆန်းသော နယ်မြေတစ်ခုမှာပြန်လည်ရှင်သန်ရခြင်း

ဆယ့်ငါးမိနစ်ခန့် အားသွန်ခွန်စိုက်ကူးမှ ကမ်းကိုလှမ်းမြင်ရသည်။ ကမ်းမှာ တစ်ကီလိုမီတာကျော်ကျော်ဝေးနေသေးသည်။ အာရုံမှောက်မှားတာမဟုတ်ဘဲ တကယ့်ကုန်းမြေကို မြင်နေရသည်မို့ ကျွန်တော်နည်းနည်းမှ သံသယမဖြစ်တော့ပါ။ အုန်းပင်ထိပ်ဖျားတွေပေါ်မှာ နေခြည်က ရွှေရောင်တလက်လက်တောက်ပနေသည်။ ပင်လယ်မှ မြင်ရသည့် အတိုင်းဆိုလျှင် မြို့ပုံစံကိုလည်းမမြင်ရ။ အိမ်လည်း မတွေ့ရ။

မိနစ်နှစ်ဆယ် ကျော်သွားသောအခါ ကျွန်တော် မောဟိုက်လာသည်။ သို့ရာတွင် ကျွန်တော် ရောက်အောင်ကူးနိုင်မှာ သေချာသည်။ စိတ်လှုပ်ရှားမှု





တွေကြောင့် အာရုံမပျက်စေရန်ကြိုးစားရင်း ယုံကြည်ချက်နှင့် ကူးခတ်ခဲ့သည်။ ကျွန်တော့် အသက်တစ်ဝက် ရေထဲမှာ ကုန်ဆုံးရသည်မှာ မှန်သော်လည်း မတ်လကိုးရက် မနက်ခင်းမှသာ ထူးချွန်သော ရေကူးသမား တစ်ယောက်၏ အရေးပါမှုကို နားလည်လာကာ အလေးအနက်ထားမိပါတော့သည်။ မကြာခဏ အားကုန်သွားသော်လည်း ကျွန်တော်သည် ကမ်းခြေဆီသို့ ကူးမြဲကူးနေခဲ့သည်။ ခရီးတော်တော် ရောက်သွားသောအခါ အုန်းပင်တွေကို ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသား မြင်လာရသည်။

အောက်ခြေကို ထိနိုင်ပြီလားဟု စမ်းကြည့်ချိန်မှာပဲ နေကထွက်လာသည်။ ကြိုးစားပြီးစမ်းကြည့်သော်လည်း မမီ။ ရေက နက်နေဆဲ။ ကမ်းနှင့် မနီးသေးဘူးဆိုတာ သိသာနေသည်။ ကမ်းခြေနှင့် အလွန်နီးသောနေရာတွင် ရေကနက်နေသည်။ ထို့ကြောင့် ကျွန်တော် ရှေ့ဆက်ကူးရပြန်သည်။ ကျွန်တော် ကူးခတ်နေတာ အချိန်ဘယ်လောက်ကြာသွားပြီလဲဟုပင် မသိတော့ပါ။ ကမ်းနှင့်နီးလာသောအခါ နေက ကျွန်တော့်ခေါင်းပေါ်မှာ ပူပြင်းနေပြီ။

သို့ရာတွင် နေမင်းသည် ကျွန်တော့် အရေပြားကို အပြစ်ပေးနေသည်ထက် ကြွက်သားတွေကို နွေးထွေးအောင် လုပ်နေသည်ဟု ဆိုလျှင် ပိုမှန်ပေမည်။ စကူးကာစတွင် အေးစက်လွန်းသော ရေကြောင့် ကြွက်



www.burmeseclassic.com

www.burmeseclassic.com



တက်မလားဟု ကျွန်တော် စိတ်ပူနေခဲ့ရသည်။ သို့ရာတွင် ကျွန်တော့်ခန္ဓာကိုယ် လျင်မြန်စွာ နွေးသွားသည်။ ထို့နောက်ရေကလည်း အအေးလျော့လာပုံရလေသည်။ ကျွန်တော် မြူထုထဲမှာ ရောက်နေသလို နွမ်းနယ်မှုနှင့်အတူ ကူးခတ်နေရသည်။ သို့သော် ဆာလောင်မှုနှင့် ရေငတ်မှုတို့ကို အောင်နိုင်သောစိတ်၊ ယုံကြည်မှုတို့ဖြင့် ကူးခတ်နေရခြင်းဖြစ်သည်။

ပင်လယ်၏ ကြမ်းပြင်ကို ဒုတိယအကြိမ် စမ်းကြည့်သောအခါ နံနက်ခင်း၏ နေရောင်ခြည်ထဲတွင် အုံ့ဆိုင်းနေသော သစ်ရွက်များကို ပြတ်သားစွာ မြင်ရသည်။ ကျွန်တော့် ခြေထောက်အောက်မှာ ပင်လယ်ကြမ်းပြင်ကို စမ်းမိပြီ။ ပင်လယ်ထဲမှာ ဆယ်ရက်လုံးလုံး မျောခဲ့ပြီးမှ မြေကြီးကို ထိလိုက်ရသောအခါ အထူးအဆန်းလိုလို ဖြစ်သွားမိသည်။

သို့ရာတွင် အဆိုးဝါးဆုံးတွေ ဖြစ်လာဦးမှာကို ကျွန်တော် လျင်မြန်စွာ သဘောပေါက်သည်။ ကျွန်တော် လုံးဝ ခြေကုန်လက်ပန်း ကျနေပြီ။ မတ်တတ် မရပ်နိုင်တော့။ လှိုင်းနောက်ပြန်လာသည့် ရေစီးက ကျွန်တော့်ကို ကမ်းနှင့် ဝေးရာဆီသို့ ပို့နေသည်။ ကျွန်တော့် ပါးစပ်ထဲမှာ ကိုက်ထားသည့် ကာမင်းအပျိုစင်ဆွဲပြား ရှိနေသည်။ စိုစွတ်နေသော အဝတ်အစားများနှင့် ရာဘာအောက်ခံ ရှူးဖိနပ်က အလွန်တရာ လေးလံလွန်းလှသည်။သို့ရာတွင် ထိုကဲ့သို့သော ဒုက္ခအရောက်ဆုံး အခြေအနေ





မျိုးတွင် ကျွန်တော် တောင့်ခံထားနိုင်သေးသည်။ အချိန်မရွေး တစ်ယောက်ယောက်ကို တွေ့နိုင်သည်ဟု ကျွန်တော် စဉ်းစားမိသည်။ ထို့ကြောင့် ကျွန်တော့်ကို အဟန့်အတားဖြစ်စေမည့် အဝတ်အစားများကိုပင် မချွတ်တော့ဘဲ လှိုင်းနောက်ပြန်ရေစီးကို ဆန်တက်သွားမိသည်။ အလွန်မောဟိုက်နေပြီ ဖြစ်၍ မိုက်ခနဲ၊ မိုက်ခနဲ သတိလက်လွတ် ဖြစ်စပြုလာသည်။

ရေက ကျွန်တော့်ခါး ကျော်ရုံသာ ရှိသည်။ ပေါင်လောက်ရှိသည့် နေရာသို့ အလွန်တရာ အားစိုက်ထုတ်ပြီး ရှေ့တိုးသွား နေရသည်။ ထို့နောက် လေးဘက်ထောက်သွားရန် ဆုံးဖြတ်လိုက်သည်။ ဒူးနှစ်ဖက် လက်နှစ်ဖက်ကို ရေထဲမှာထောက်ပြီး ရှေ့ကို တိုးသွားနေရသည်။ သို့ရာတွင် အရာမထင်။ လှိုင်းတွေက ကျွန်တော့်ကို နောက်ပြန်တွန်းပို့နေသည်။ ခပ်ချွန်ချွန် သဲမှုန်တစ်ခုက ကျွန်တော့် ဒူးမှဒဏ်ရာကို စူးမိသွားသည်။ ဒဏ်ရာမှ သွေးထွက်နေပြီဆိုတာကို သိနေသော်လည်း နာကျင်မှုကိုမခံစားရ။ ကျွန်တော့် လက်ထိပ်တွေလည်း ဖွာလန်ကြဲနေပြီ။ သဲတွေက ကျွန်တော့် လက်သည်းကြားထဲသို့ ထိုးဖောက်ဝင်ရောက်နေသည်ကို သိနေသော်လည်း လက်ချောင်းများကို သဲထဲစိုက်ပြီး ရှေ့ဆက်တွားသွားဖို့သာ ကြိုးစားနေမိသည်။ သိပ်မကြာခင်မှာပဲ ထိတ်လန့်ဖွယ်ရာ လှိုင်းတစ်ခုကို ထပ်မံကြုံလိုက်ရသည်။ ကုန်းမြေ ရွှေရောင်အုန်းပင်တို့ ကျွန်တော့် မျက်စေ့ရှေ့မှာ [illegible]ခါစ



www.burmeseclassic.com

www.burmeseclassic.com



ပြုနေပြီ။ ကျွန်တော် မြေမျိုခံလိုက်ရပြီဟု ထင်လိုက်သည်။

သို့ရာတွင် မောဟိုက်ပင်ပန်းလွန်း၍ အာရုံမှောက်မှားတာလည်း ဖြစ်နိုင်သည်။ သဲအရှင်ပေါ် ရောက်သွားတာလားဟူသော အတွေးက ကျွန်တော့်ကို ကြီးမားသော အားအင်တွေပေးသည်။ (ကြောက်ရွံ့ခြင်းမှ မွေးဖွားလာသည့် ဖျတ်လတ်သန်စွမ်းမှု တစ်ခုဟု ဆိုရမည်) လက်ချောင်းထိပ်တွေကို မငဲ့ညှာတော့ဘဲ နာကျင်စွာဖြင့် လှိုင်းပြန်ရေစီးကို ဆန်၍ ကျွန်တော် ဆက်လက်တွားသွား နေမိတော့သည်။ ဆယ်မိနစ်ကြာသောအခါ ဆယ်ရက်လုံးလုံး ခံစားခဲ့ရသည့် ဝေဒနာများ၊ ဆာလောင်မှု၊ ရေငတ်မှုတို့သည် ခန္ဓာကိုယ်ထဲမှာ အသီးသီး သူ့နေရာသူပြန်ယူကြသည်။ ကျွန်တော် ဘာကိုမှ မစဉ်းစားနိုင်တော့ဘဲ နွေးထွေးမာကျောသော ကမ်းခြေပေါ်မှာ ခြေကုန်လက်ပန်းကျကာ လဲလျောင်းနေမိတော့သည်။ မျှော်လင့်ချက်နှင့် အသက်ရှင်ချင်သည့် စိတ်ဆန္ဒတို့၏ ခွန်အားဖြင့် တိတ်ဆိတ်ကျယ်ပြောသော အမည်မသိ ကမ်းခြေကို တွေ့လိုက်ရသည့်အတွက် ဘယ်သူ့ကိုမှလည်း ကျေးဇူးမတင်။ ဝမ်းမြောက်ဝမ်းသာလည်း မဖြစ်မိတော့။

## လူခြေရာများ

ကုန်းပေါ်မှာပထမဆုံး သတိထားမိသည်က တိတ်ဆိတ်ခြင်း။ ကျွန်တော် သတိမထားမိခင် ကတည်းက မိမိ





ကိုယ်တိုင် တိတ်ဆိတ်ခြင်း၏ ဖုံးလွှမ်းမှု ခံလိုက်ရပြီဖြစ်သည်။ ခဏကြာလျှင် လှိုင်းသံတွေကြားရသည်။ ခပ်ဝေးဝေးမှာ လှိုင်းတွေ ကမ်းခြေကိုပုတ်သည့်အသံ ကြားရသည်။ ကုန်းပေါ်ရောက်ပြီဆိုသည့် ခံစားမှုကို မြင့်တင်ပေးသော အုန်းပင်တွေကြားမှ လေတိုးသံသဲ့သဲ့ကို ကြားရသည်။ ကမ္ဘာကြီး၏ မည်သည့် အစိတ်အပိုင်းကို ရောက်နေမှန်း မသိသော်လည်း မိမိကိုယ်မိမိ ကယ်တင်နိုင်ခဲ့ပါလားဟူသည့် အသိကို သိလိုက်ရသည်။

ကျွန်တော့်စိတ်တွေ စုစည်းလိုက်ပြီး ပတ်ဝန်းကျင်ကို စကြည့်မိသည်။ ရှုမျှော်ခင်းက ခက်ထန်လှသည်။ လူခြေရာကို အလိုအလျောက် ရှာဖွေနေမိသည်။ မီတာနှစ်ဆယ်ခန့် အကွာတွင် သံဆူးကြိုးတပ် ခြံစည်းရိုးတစ်ခုရှိသည်။ တိရစ္ဆာန်ခြေရာတွေ ထင်နေသည့် လမ်းသွယ်အလိမ်အကောက်လေး တစ်ခုရှိသည်။ လမ်းဘေးမှာ အုန်းသီးအခွံတချို့ရှိ၏။ ထိုစဉ်မှာပဲ မမျှော်လင့် မထင်မှတ်ထားသော လူရှိသည့် အရိပ်အယောင် တချို့ တွေ့မိသည်။ ကျွန်တော် အတိုင်းအဆမရှိ ပျော်သွားသည်။ နွေးထွေးသော သဲပြင်ပေါ်မှာ ပါးအပ်ပြီး ကျွန်တော် စောင့်စားနေမိသည်။

ထိုနေရာမှာပဲ ဆယ်မိနစ်ခန့် လဲလျောင်းနေမိသည်။ တဖြည်းဖြည်းချင်း ခွန်အားတွေ ပြန်ပြည့်လာသည်။ အချိန်က မနက် ခြောက်နာရီ ထိုးပြီးပြီ။ နေမင်းက တောက်ပစွာ လင်းလက်နေသည်။ လမ်းဘေး



www.burmeseclassic.com

www.burmeseclassic.com



တလျှောက်ရှိ အုန်းသီးအခွံတွေထဲတွင် အုန်းသီးအကောင်းတွေလည်း ပါသည်။ ကျွန်တော် ထိုနေရာသို့ လေးဘက်ထောက်သွားကာ သစ်ပင် ပင်စည်တစ်ခုကို မှီ၍ ခွဲမရနိုင်သော အုန်းသီးချောချောမွတ်မွတ် တစ်လုံးကို ဒူးနှစ်လုံးကြားထဲညှပ်ထားမိသည်။ လွန်ခဲ့သည့် ငါးရက်ခန့်က ငါးကိုလုပ်သလိုမျိုး အုန်းသီးမှာ ပျော့သည့်နေရာ ရှိမရှိ စစ်ဆေးကြည့်မိသည်။ အုန်းသီးကို လှည့်လိုက်သည့်အခါတိုင်း အတွင်းထဲမှ အုန်းရည်မြည်သံကို ကြားနေရသည်။ လည်ချောင်းထဲမှ ကျွတ်ထိုးသံက ရေငတ်တာကို ပြန်လည်နှိုးဆွနေသည်။ ရင်ဘတ်မှာတွေ အောင့်လာသည်။ ဒူးခေါင်းဒဏ်ရာမှ သွေးတွေထွက်လာသည်။ စုတ်ပြတ်နေသော လက်ချောင်းထိပ်များမှာ တတိတိနာကျင်မှုနှင့်အတူ တဆတ်ဆတ်တုန်လာသည်။ ပင်လယ်ထဲမှာ ဆယ်ရက်လုံးလုံး နေခဲ့သည့် ကာလအတွင်း ရူးနှမ်းသွားလိမ့်မည်ဟူသော ခံစားချက်မျိုး တစ်ခါမှ မရှိခဲ့ဖူးသော်လည်း ဒီနေ့မနက်မှာတော့ အုန်းသီးကို တစ်ပတ်ပြီးတစ်ပတ်လှည့်ကာ ခွဲ၍ရမည့်နေရာကိုရှာရင်း၊ အသံကြားနေလျက် သောက်၍မရနိုင်သည့် သန့်ရှင်းလတ်ဆတ်သော အုန်းရည်လှုပ်သံကို နားစွင့်ကာ ရူးသွားမလားဟုပင် ထင်မိသည်။

အုန်းသီး၏ထိပ်ပိုင်းတွင် သုံးပွင့်ဆိုင် မျက်စေ့ပေါက် သုံးခုရှိသည်။ သို့ရာတွင် ထိုနေရာကိုတွေ့ရန် ဓားမဖြင့် အရင်ခွာရသည်။ ကျွန်တော့်မှာက သော့တွဲသာရှိသည်။သော့တွေကိုသုံးပြီး မာကြမ်းသော အုန်းသီးကို ထိုးခွဲဖို့ ကြိုးစားမိတာက အကြိမ်ကြိမ်။ သို့သော် ကျွန်တော် ကံမကောင်းပါ။ နောက်ဆုံး လက်လျှော့လိုက်ရသည်။ ဒေါသတကြီးဖြင့် အုန်းသီးကို လွှင့်ပစ်မိသည်။ အထဲမှ အုန်းရည်သံကိုကား ကြားနေရဆဲ။

လမ်းလေးသည် ကျွန်တော်၏ နောက်ဆုံးမျှော်လင့်ချက် ဖြစ်သည်။ ကျွန်တော့်ခြေရင်းမှ အုန်းသီးခွံအကွဲများက တစ်စုံတစ်ယောက် အုန်းသီးလာချသွားသည်ဟု ရည်ညွှန်းနေသည်။ ထိုတစ်စုံတစ်ယောက်သည် နေ့တိုင်း ဒီနေရာကိုလာ၊ အုန်းပင်တက်ကာ အုန်းသီးခွဲ ခွာပေလိမ့်မည်။ အနီးအပါးမှာ လူနေသည့်နေရာ ရှိကိုရှိရမည်။ အကြောင်းမှာ အုန်းသီးလာခူးရုံမျှနှင့် ဘယ်သူမှ ခရီးအဝေးကြီးမသွား၍ပင်။

အဝေးက ခွေးဟောင်သံ ကြားလိုက်ရချိန်တွင် ကျွန်တော် သစ်ပင်ကိုမှီပြီး အထက်ပါအကြောင်းအရာတွေကို စဉ်းစားနေမိသည်။ ကျွန်တော့် အာရုံတွေ နိုးကြားလာသည်။ သတိရှိနေသည်။ ခဏကြာသော အခါ လမ်းပေါ်သို့လာနေသော သတ္တုသံ တချွင်ချွင်ကို သေသေချာချာ ကြားလိုက်ရသည်ဟု ကျွန်တော် ထင်မိသည်။

ထိုအရာမှာ မယုံနိုင်လောက်အောင် ပိန်လှီလှသော လူမည်းမိန်းမငယ်တစ်ယောက် ဖြစ်နေသည်။ သူမသည် အဖြူရောင် ဝတ်စုံကို ဝတ်ထား၏။ ဒန်ဟာရား







www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးကို လက်က ဆွဲလာသည်။ ကရားအဖုံးမှာ ချောင်နေ၍ ခြေလှမ်းလိုက်သည့် အခါတိုင်း အသံ မြည်နေခြင်းဖြစ်သည်။ ကျွန်တော် ဘယ်တိုင်းပြည် ရောက်နေတာလဲ။ လမ်းလေးအတိုင်း ကျွန်တော့်ထံ လျှောက်လာနေသော ဂျမေးကား လူမျိုးပုံပေါက်သည့် လူမည်းမလေးကိုကြည့်ရင်း စဉ်းစားနေမိသည်။ ဆန် အန်ဒရက်စ်နှင့် ပရိုဗီဒင်စီယာ ကျွန်းစုတွေအကြောင်း ကျွန်တော် စဉ်းစားနေမိသည်။ အန်တီလက်စ်မှာရှိသည့် ကျွန်းတွေအကြောင်း ကျွန်တော် ပြန်စဉ်းစားနေမိသည်။ မိန်းကလေးသည် ကျွန်တော်၏ ပထမဆုံး အခွင့် အရေးပင်။ သို့သော် နောက်ဆုံးအခွင့်အရေးလည်း ဖြစ်နိုင်သည်။ သူမ စပိန်စကား နားလည်ပါ့မလား။ မိန်းကလေး၏ မျက်နှာရိပ် မျက်နှာကဲကို သိဖို့ ကြိုးစားရင်း ကျွန်တော် စဉ်းစားနေမိသည်။ မိန်းကလေးက ကျွန်တော့်ကို မမြင်ဘဲ ညစ်ပတ်ပေရေနေသော ရာဘာ ဖိနပ်ကလေးကိုစီးရင်း သူ့အရုံနှင့်သူ လမ်းကလေး အတိုင်း လျှောက်လာ၏။ ကျွန်တော် သူမကို စပိန်လို ပြောလျှင် နားလည်မှာမဟုတ်ဘူးဟူသော အကြောင်း ကြောင်းအတွေးက စိတ်ထဲဝင်လာ၍ အခွင့်အရေး ဆုံးရှုံး ရမည့်အရေး စိတ်ဓာတ်တွေ ကျနေမိသည်။ (ကျွန်တော် စပိန်လိုပြောလျှင် သူမက ကျွန်တော့်ကို လှည့်ကြည့်မှာ တောင် မဟုတ်ဘူးဟူသော အတွေး)

"ဟယ်လို. . . ဟယ်လို"ဟု စိုးထိတ်စွာဖြင့်





ကျွန်တော် အင်္ဂလိပ်လို ပြောလိုက်သည်။

သူမက ကျွန်တော့်ဘက်လှည့်ကာ ကြောက်လန့်နေသော အပြစ်ကင်းစင်သည့် မျက်လုံးကြီးများဖြင့် ကြည့်သည်။

"ငါ့ကို ကယ်ပါဦး" သူ ကျွန်တော့်ကို နားလည် သည်ဆိုတာသိ၍ ပြောလိုက်သည်။

သူမသည် ခဏတာမျှ ချီတုံချတုံဖြစ်ကာ ကျွန်တော့်ကို နောက်တစ်ခါ ပြန်ကြည့်ပြီး သေမှာ ကြောက်သည့်ပမာ တဟုန်ထိုး ပြေးလေတော့သည်။

## လူတစ်ယောက်၊ မြည်းတစ်ကောင်နှင့် ခွေးတစ်ကောင်

စိုးရိမ်ကြောင့်ကြစိတ်နှင့်ပဲ ကျွန်တော် သေရလိမ့်မည် ထင်သည်။ သေနေသော ကျွန်တော့်ခန္ဓာကိုယ်ကို လင်းတတွေ တစ်စစီ ကိုက်ဖဲ့နေပုံကို ဖျတ်ခနဲ မြင် ယောင်မိသည်။ သို့ရာတွင် ခွေးဟောင်သံကို တစ်ဖန် ပြန်ကြားလိုက်ရသည်။ ခွေးဟောင်သံ ပိုနီးလာသော အခါ ကျွန်တော့်ရင်တွေ တဒိန်းဒိန်း ခုန်လာသည်။ ကျွန်တော် လက်နှစ်ဖက်ကိုထောက်ပြီး ထလိုက်သည်။ ခေါင်းထောင်လိုက်သည်။ ကျွန်တော် စောင့်သည်။ တစ်မိနစ်၊ နှစ်မိနစ် ခွေးဟောင်သံ ပိုနီးလာသည်။ ခဏ နေသောအခါ ငြိမ်သက်သွားသည်။ လှိုင်းပုတ်သံနှင့် အုန်းပင်တွေ ကြားထဲမှာ လေတိုးသံ။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘဝ၏ အရှည်လျားဆုံးသော မိနစ်ပြီးသွားသောအခါ ကြံ့လိုလှသော ခွေးတစ်ကောင် ပေါ်လာသည်။ ဘောင်းဘီကို ဒူးအထိ လိပ်တင်ထားပြီး ကောက်ရိုးဦးထုပ်ကို ဆောင်းထားသည့် လူဖြူတစ်ယောက် လမ်းလျှောက်လာသည်။ သူ့နောက်ကျောမှာ ရိုင်ဖယ်သေနတ်ကို ကန့်လန့်ဖြတ်လွယ်ထားသည်။

လမ်းအကွေ့ကို ကွေ့လျှင်ကွေ့ချင်း သူ ကျွန်တော့်ကို မြင်သွားကာ တအံ့တသြနှင့် ကြည့်သည်။ သူရပ်သွား၏။ အမြီးကော့ ထောင်နေသည့် ခွေးက ကျွန်တော့်ထံလာပြီး အနံ့ခံကြည့်နေသည်။ လူဖြူကတော့ တိတ်တဆိတ် ရပ်နေဆဲ။ ထို့နောက် သူ့ရိုင်ဖယ်ကို ဖြုတ်ကာ ဒင်ကို မြေကြီးပေါ် ထောက်ပြီး ကျွန်တော့်ကို ဆက်ကြည့်နေသည်။

ဘာကြောင့်မှန်းမသိသော်လည်း ကျွန်တော် ရောက်နေသောအရပ်မှာ ကိုလံဘီယာနိုင်ငံထက်စာလျှင် ကာရစ်ဘီယန်ထဲမှ တစ်နေရာရာကို ရောက်နေတာ ဖြစ်မည်ဟု ကျွန်တော် ထင်နေသည်။ သူ ကျွန်တော့်ကို နားလည်မလည်တော့မသိ။ သို့သော်လည်း စပိန်လိုပဲ ပြောတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

"ဆီညော် . . . ကျွန်တော့်ကို ကယ်ပါဦး"

သူက ချက်ချင်းပြန်မဖြေ။ သူသည် ရိုင်ဖယ်ကို မြေကြီးပေါ်ထောက်လျက်နှင့်ပင် မျက်တောင်မခတ်ဘဲနှင့် ပဟေဠိဆန်စွာ ကျွန်တော့်ကို ကြည့်မြဲ ကြည့်





နေသည်။ ကျွန်တော် ယခုအချိန်မှာ အလိုအပ်ဆုံးက သူ ကျွန်တော့်ကို သေနတ်နှင့် ပစ်သတ်လိုက်ဖို့ပဲ ဖြစ်သည်ဟု ခံစားချက်ကင်းစွာ တွေးမိသည်။ ခွေးက ကျွန်တော့်မျက်နှာကို လာလျက်သည်။ သို့ရာတွင် ခွေးကို တွန်းဖယ်ရန် ကျွန်တော့်မှာ အင်အားမရှိပါ။

"ကျွန်တော့်ကို ကယ်ပါဦး" ထိုလူ ကျွန်တော့်ကို နားမလည်မှာစိုး၍ စိတ်ပျက်အားငယ်စွာ ထပ်ပြောလိုက်သည်။

"ခင်ဗျား ဘာဖြစ်တာလဲ" သူက ကျွန်တော့်ကို ရင်းရင်းနှီးနှီး လေသံဖြင့် ပြောသည်။

သူ စကားပြန်ပြောတာကို ကြားလိုက်ရတော့မှ ရေငတ်တာ၊ ဆာလောင်တာ စိတ်ပျက်တာတွေထက် ပိုပြီး လိုအပ်နေသည်မှာ ကျွန်တော် ဘာဖြစ်ခဲ့တယ်ဆိုတာကို တစ်စုံတစ်ယောက်အား ပြောပြချင်နေတာပဲဟု သဘောပေါက်လာပါသည်။

စကားလုံးတွေ နင်လုနီးပါးဖြစ်သွားပြီးမှ အသက်မရှူဘဲ ကျွန်တော် ပြောလိုက်မိသည်။

"ကျွန်တော်က *လူးဝစ်အာလေဟန်ဒရို ဗယ်လက်စကိုပါ*။ အမျိုးသားရေတပ်ရဲ့ ကယ်လ်ဒက်စ် သင်္ဘောပေါ်ကနေ ပြုတ်ကျလာတဲ့ သင်္ဘောသား တစ်ယောက်ပါဗျာ။ ဖေဖော်ဝါရီလ ၂၈ ရက်နေ့က ပြုတ်ကျခဲ့တာပါ"

ထိုအကြောင်းကို တစ်ကမ္ဘာလုံးက သိလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည်ဟု ကျွန်တော်ထင်နေခဲ့ပါသည်။ ကျွန်တော့်နာမည်ကို ပြောလျှင်ပြောချင်း ထိုသူက ကျွန်တော့်ကို လိုက်လိုက်လှဲလှဲ ကူညီလိမ့်မည်ဟု ကျွန်တော် ထင်လိုက်သည်။ သို့ရာတွင် သူက တုတ်တုတ်မျှမလှုပ်ပေ။ ကျွန်တော့် မျက်နှာကို ခွေးလျက်နေသည်ကိုလည်း ဘာမှ အနှောင့်အယှက်ဖြစ်ပုံမရ။ နေရာမှာပင် ရပ်နေပြီး ကျွန်တော့်ကိုသာ စောင့်ကြည့်နေသည်။

"ခင်ဗျားက ကြက်ကုန်ကူးတဲ့သင်္ဘောကလား"

သူက ကမ်းရိုးတန်းတစ်လျှောက်မှာ ကုန်ကူးနေသည့် ကြက်ဝက်ကုန်ကူးသည့် ကုန်သည်သင်္ဘောများမှ သင်္ဘောသားထင်၍ မေးဟန်တူသည်။

"မဟုတ်ဘူး။ ကျွန်တော်က ရေတပ် သင်္ဘောသား"

ထိုအခါမှ သူသည် လှုပ်လှုပ်ရှရှ ဖြစ်သွားသည်။ သူ့ရှိင်ဖယ်ကို ပြန်လွယ်ကာ ဦးထုပ်ကို ခေါင်းပေါ်တွန်းတင်ပြီး ပြောသည်။

"ကျုပ်ဆိပ်ကမ်းသွားပြီး ကြိုးသွားယူလိုက်ဦးမယ်။ ပြီးမှ ခင်ဗျားဆီ ပြန်လာမယ်"

ထိုစကားမှာ ကျွန်တော့်အပါးမှ သွားချင်၍ ယိုးမယ်ဖွဲ့ခြင်းဖြစ်မည်ဟု ကျွန်တော် ထင်သည်။

"ခင်ဗျားပြန်လာမှာ သေချာရဲ့လား" ကျွန်တော်က တောင်းပန်သံဖြင့် ပြောလိုက်သည်။

သူက ပြန်လာမည်ဟု ပြောသည်။ သူပြန်လာ





မှာပါ။ သေချာပါတယ်။ သူက ကျွန်တော့်ကို ကြင်နာစွာ ပြုံးပြပြီး လာလမ်းအတိုင်း မြည်း၏နောက်မှ လျှောက်သွားသည်။ ခွေးက အနံ့ခံရင်း ကျွန်တော့်အပါးမှာပဲ နေ၏။ ထိုလူ အတန်ငယ် ဝေးကွာသွားတော့မှ မေးချင်စိတ်ပေါ်လာပြီး လှမ်းအော်မေးမိလိုက်သည်။ "ဒါ ဘာနိုင်ငံလဲဗျ"

ထိုသူက အခုအချိန်မှာ ကျွန်တော် လုံးဝမျှော်လင့်မထားသည့်စကားကို သူက တိုတိုတုတ်တုတ်ပဲ ပြောသည်။

" ကိုလံဘီယာ "

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၃

## ကျွန်တော့်ကို ဆန်ဟွန်သို့ လူခြောက်ရာလိုက်ပို့ခြင်း

သူသည် ကတိပေးထားသည့်အတိုင်း ပြန်လာသည်။ ကျွန်တော် သူ့ကို မစောင့်ဆိုင်းခင် (သူထွက်သွားပြီး ခဏလေးအတွင်းမှာပင်) သူသည် ခြင်းတွေတင်ထားသော မြည်း၊ ဒန်ချိုင့်ဆွဲထားသော လူမည်းမကလေးနှင့်အတူ ပြန်လာသည်။ (ထိုမိန်းကလေးမှာ သူ့ရည်းစားဖြစ်သည်ဟု နောက်မှ သိရသည်) ခွေးက ကျွန်တော့်အနားမှ မခွာ။ သူသည် ကျွန်တော့်လက်နှင့် ဒဏ်ရာကို မလျက်တော့။ အနံ့မခံတော့။ သူသည် မြည်းအနားရောက်လာသည်အထိ မလှုပ်ဘဲ ကျွန်တော့်ဘေးနားမှာ ငိုက်မျည်းနေသည်။ ထို့နောက် သူထခုန်ကာ သူ့အမြီးကို နှံ့နေလေသည်။





"ခင်ဗျားလမ်းလျှောက်နိုင်လား" ထိုလူက မေးသည်။

"စမ်းကြည့်ဦးမယ်" ကျွန်တော် မတ်တတ်ရပ်ဖို့ ကြိုးစားလိုက်သော်လည်း ဟန်ချက်ပျက်သွားသည်။

"ခင်ဗျားမရဘူး" သူက ကျွန်တော် လဲမကျခင် ဖမ်းဆွဲပြီး ပြောသည်။

သူနှင့်မိန်းကလေးက ကျွန်တော့်ကို တွဲပြီး မြည်းပေါ်သို့ တင်ပေးသည်။ သူတို့နှစ်ယောက်က ကျွန်တော့်လက်မောင်း တစ်ဖက် တစ်ချက်စီမှ တွဲကာ မြည်းကိုမောင်းသည်။

ခွေးက ရှေ့မှ ခုန်ပေါက်ပြေးသည်။

လမ်းတစ်လျှောက်မှာ အုန်းပင်တွေ တန်းစီနေသည်။ ပင်လယ်ထဲမှာ ရေငတ်သည့် ဒဏ်ကို ကျွန်တော် အောင့်အီး သည်းခံနိုင်ခဲ့သည်။ အုန်းပင်တွေ စီတန်းပြီး လေတဟူးဟူး တိုက်နေသည့် လမ်းကျဉ်းကလေးပေါ်မှ မြည်းပေါ်ကို ရောက်နေချိန်မှာ ရေဆာသည့် ဒဏ်ကို နည်းနည်းမှ သည်းမခံနိုင်တော့ပါ။ ကျွန်တော် အုန်းရည်တောင်းကြည့်သည်။

"ကျုပ်မှာ ဓားပါမလာဘူး" သူက ပြောသည်။

သို့ရာတွင် သူပြောတာမဟုတ်ပါ။ သူ့ခါးပတ်မှာ ဓားတစ်ချောင်းထိုးထားသည်။ ကျွန်တော့်မှာသာ ခွန်အားရှိပါက သူ့ဆီမှ ဒါးကို အတင်းလုယူပြီး အုန်းသီး ခွဲကာ တစ်လုံးလုံး စားပစ်မိပေမည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ သူဘာကြောင့် ကျွန်တော့်ကို အုန်းရည်မတိုက်သည့် အကြောင်းအရင်းကို သိရသည်။ ကျွန်တော့်ကို တွေ့သည့် နေရာမှ နှစ်ကီလိုမီတာခန့် ဝေးသည့် နေရာမှာရှိသော အိမ်ဆီသို့ သူသွားနေခြင်း ဖြစ်သည်။ ထိုပတ်ဝန်းကျင်ရှိ လူများကလည်း ဆရာဝန် မစမ်းသပ်ခင် စားစရာ ဘာမှမပေးရန် အကြံပြုကြသည်။ အနီးဆုံး ဆရာဝန်က ယခုနေရာမှ နှစ်ရက်ခရီးသွားရသော ဆန်ဟွန်ဒီအူရဘာ မြို့မှာ ရှိသည်။

နာရီဝက်လျော့လျော့အတွင်းတွင် ထိုလူ နေထိုင်ရာအိမ်သို့ ရောက်သည်။ အိမ်မှာ သွပ်မိုးမိုးထားသော သစ်သားအိမ်ရိုးရိုး ဖြစ်သည်။ လမ်းဘေးမှာပင်ရှိ၏။ ထိုအိမ်မှာ ယောကျ်ားသုံးယောက်နှင့် မိန်းမနှစ်ယောက်ရှိသည်။ သူတို့အားလုံး ဝိုင်းကူကာ ကျွန်တော့်ကို မြည်းပေါ်မှချ၍ အိပ်ခန်းတစ်ခန်းထဲ သယ်သွားပြီး အဝတ်ပုခက်တစ်ခုပေါ် တင်ပေးသည်။ မိန်းမတစ်ယာက်က မီးဖိုချောင်ထဲဝင်သွား ပြီး သစ်ကြံပိုးနံ့သင်းသော ရေနွေးတစ်အိုးယူလာသည်။ ထို့နောက် ကျွန်တော့် ခေါင်းရင်းခုတင်မှာထိုင်ကာ ရေနွေးကို ဇွန်းဖြင့် အပြည့်တိုက်သည်။ ကျွန်တော် စသောက်လျှင် သောက်ချင်း အငမ်းမရသောက်မိသည်။ နောက်ထပ် နည်းနည်း ထပ်သောက်လိုက်သောအခါ အားအင်တွေ ပြည့်လာသလို ခံစားလိုက်ရသည်။ ထို့နောက် ကျွန်တော် ထပ်မသောက်ချင်တော့ပါ။ ကျွန်တော့်





ဖြစ်ကြောင်းကုန်စင် ကိုသာ သူတို့ကို ပြောပြလိုက်ချင်နေသည်။

ကျွန်တော့်အဖြစ်ကို ဘယ်သူမှ မသိကြ။ ဖြစ်သမျှအလုံးစုံကို ရှင်းပြဖို့ ကျွန်တော် ကြိုးစားသည်။ သို့မှသာ ကျွန်တော် ဘယ်လိုအသက် မသေသေးတာလဲ ဆိုတာကို သူတို့သိမည်။ ကျွန်တော် ကမ္ဘာကြီး၏ ဘယ်နေရာကိုပဲ ရောက်နေရောက်နေ ထိုကပ်ဆိုး ကို လူတိုင်း သိပြီးသားဖြစ်နေလိမ့်မည်ဟု စိတ်ထဲမှာ ထင်ထားခဲ့သည်။ မိန်းမတစ်ယောက်က ကျွန်တော့်ကို လူမမာကလေးငယ် တစ်ယောက်ပမာ ရေနွေးကို ဇွန်းဖြင့် တိုက်နေသောအခါ ကျွန်တော့်အထင်တွေ မှားခဲ့ပြီဆိုတာကို သဘောပေါက်လာသည်။ ဖြစ်ပျက်ပုံကို ပြောပြဖို့ ကျွန်တော် အကြိမ်ကြိမ် ကြိုးစားခဲ့သည်။ ကျွန်တော့်ခြေရင်းမှာ ထိုင်နေကြသော သူတွေက ကျွန်တော့်ကို မထုံတက်သေး မျက်နှာကိုယ်စီဖြင့် ကြည့်နေကြသည်။ အန္တရာယ်များလှသော ပင်လယ်ထဲမှာ ဆယ်ရက်လုံးလုံး ဒုက္ခရောက်ရ၊ ငါးမန်းများနှင့် ကြုံရသည့် ဘေးမှ လွတ်မြောက်ခဲ့၍ အလွန်းအမင်း မပျော်ရွှင်ခဲ့လျှင်တော့ ထိုသူများကို တခြားဂြိုဟ်မှ လူများဟု ကျွန်တော် ထင်မိပေမည်။

## အဖြစ်အပျက်ကိုယုံကြပြီ

ကျွန်တော့်ကို ရေနွေးတိုက်ပြီး ပြုစုနေသည့် အမျိုးသမီး၏ ကြင်နာသော အပြုအမူက ဘာမှအနှောင့်အယှက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေချင်သည့် ပုံမရှိ။ ကျွန်တော့် အဖြစ်အပျက်ကို ပြောပြဖို့ ကြိုးစားသည့်အခါတိုင်း "အခု အေးအေး ဆေးဆေး နေပါဦး။ နောက်မှ ပြောလို့ရပါတယ်" ဟု ဆိုသည်။

ကျွန်တော် ဘာပဲစားရစားရ စားမည်။ မီးဖို ချောင်ဘက်ဆီမှ နေ့လယ်စာ ပြင်ဆင်နေသော အနံ့တွေ ရသည်။ သို့ရာတွင် ကျွန်တော် တောင်းပန်သမျှတို့ သည် သဲထဲရေသွန်သလိုပင်။

"ဆရာဝန်က ခင်ဗျားကို စစ်ဆေးပြီးရင် ကျုပ် တို့ ခင်ဗျားကို စားစရာ တစ်ခုခု ကျွေးမယ်" ဟု သူတို့က ဆိုသည်။

သို့ရာတွင် ဆရာဝန်က ရောက်မလာပါ။ ဆယ်မိနစ်တစ်ခါ သကြားရေသာ ဇွန်းဖြင့် တိုက်သည်။ အမျိုးသမီးတွေထဲမှ ခပ်ငယ်ငယ်တစ်ယောက်က ကျွန်တော့်ဒဏ်ရာကို အဝတ်ဖြင့် သုတ်ကာ ရေနွေးဖြင့် ဆေးကြောသန့်စင်ပေးသည်။ တစ်နေ့တာသည် နှေးကွေးစွာ ကုန်လွန်သွားသည်။ တဖြည်းဖြည်းနှင့် နေရထိုင်ရတာ သက်သာလာသည်။ ဖော်ရွေလှသော လူများ၏ ဂရုတစိုက် ပြုစုမှုအောက်မှာ ကျွန်တော် ရှိနေတာ သေချာသွားပြီ။ သကြားရေတစ်ဇွန်းချင်း တိုက်နေမည့်အစား စားစရာသာ ကျွန်တော့်ကို ကျွေးခဲ့ပါ က ကျွန်တော့်ခန္ဓာကိုယ်သည် ခါးစည်းခံခဲ့ရသည့်ဒဏ် တွေကို ခံနိုင်မှာ မဟုတ်ပေ။





ကျွန်တော် ပထမဆုံးတွေ့ခဲ့သည့် လူ၏ နာမည်က *ဒမ္မစို အင်မီတီလာ*ဖြစ်သည်။ ကျွန်တော် ကမ်းခြေကို ရောက်သည့်နေ့ မတ်လ ကိုးရက် မနက် ဆယ်နာရီတွင် သူသည် မူလတိုအနီးရှိ ရဲစခန်းတစ်ခု ကိုသွားပြီး ရဲများကို ကျွန်တော်ရှိနေသည့် အိမ်သို့ ခေါ်ဆောင်လာသည်။ ရဲတွေကလည်း ထိုကပ်ဆိုး ကျ ရောက်ခဲ့တာကို မသိကြ။ မူလတိုမှာ ဘယ်သူမှ ထို သတင်းကို မသိကြ။ ထိုနေရာသို့ သတင်းစာလည်း မရောက်။ သူတို့ မီးစက်တွေ တပ်ဆင်ပေးထားသည့် စတိုးဆိုင်ငယ်တွင် ရေခဲသေတ္တာ တစ်လုံးရှိသည်။ ရေဒီယို တစ်လုံးရှိသည်။ သို့ရာတွင် သူတို့က သတင်း နားမထောင်ကြ။ နောက်မှ ကျွန်တော် သိရသည်မှာ *ဒမ္မစို*က ရဲအရာရှိကို သတင်းပေး သည်မှာ . . . ကျွန်တော့်ကို ကမ်းခြေမှာ ခြေကုန်လက်ပန်းကျလျက် လဲနေတာ တွေ့ရကြောင်း၊ ကျွန်တော်သည် ကယ်လ်ဒက်စ် ဖျက်သင်္ဘောမှ သင်္ဘောသားတစ်ယောက် ဖြစ်ကြောင်းတို့ဖြစ်သည်။ သူတို့သည် မော်တာကို နိုးကာ ကာတာဂျီနာမှ သတင်းအစီအစဉ်များ ကို တစ်နေကုန် နားထောင်ကြသည်။ သို့ရာတွင် သတင်းတွေထဲမှာ ထို ကပ်ဆိုးအကြောင်းမပါ။ ကျွန်တော်တို့ မုန်တိုင်းမိသည့် နေ့ ညနေခင်းမှာပဲ သတင်းအကျဉ်း လွှင့်ခဲ့ခြင်းဖြစ်၏။

ရဲအရာရှိ၊ ရဲများနှင့် မူလတိုမှ လူခြောက်ဆယ် တို့သည် ကျွန်တော့်ကို ကူညီရန်အတွက် အ[illegible]တူရှိ



www.burmeseclassic.com

www.burmeseclassic.com



နေကြ၏။ သန်းခေါင်ကျော်တွင် သူတို့ အိမ်ကိုလာပြီး စကားပြောဆိုကြရာ ဆယ့်နှစ်ရက်အတွင်း ပထမဆုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရင်းမှ လန့်နိုးတော့မလိုပင် ဖြစ်သွားရသည်။

အရုဏ်မလင်းခင်မှာပဲ အိမ်မှာလူတွေ ပြည့်နေသည်။ မူလတိုမှာရှိသည့် ကလေးလူကြီး မကျန် ကျွန်တော့်ကို လာကြည့်ကြသည်။ စပ်စုချင်သည့် လူအုပ်နှင့် ကျွန်တော် ပထမဆုံး ဆက်သွယ်မိခြင်း ဖြစ်သည်။ ထိုလူများသည် နောက်နေ့များတွင်လည်း ကျွန်တော် သွားလေရာ တကောက်ကောက် လိုက်ကြမည့် လူစားမျိုးတွေ ဖြစ်သည်။ လူအုပ်ကြီးသည် မီးအိမ်တွေ၊ ဓာတ်မီးတွေ ယူဆောင်လာကြသည်။ ရဲအရာရှိနှင့် ရဲသားများက ကျွန်တော့်ကို ခုတင်ပေါ်မပြီး ရွှေ့ကြသောအခါ နေလောင်ထားသော ကျွန်တော့်အရေပြားကို ဆွဲဖြဲ သလို ခံစားရသည်။

ရာသီဥတုက ပူသည်။ များပြားလှသော လူအုပ်ကြီး၏အလယ်မှာ နေရသည်မှာ အသက်ရှူကျပ်လာသလို ခံစားရသည်။ ကျွန်တော် လမ်းပေါ်သို့ လမ်းလျှောက်သွားသောအခါ မီးအိမ်နှင့်ဓာတ်မီး ပင်လယ်တစ်ခုက ကျွန်တော့်မျက်နှာကိုကွက်ပြီး ထိုးထား ကြသည်။ တီးတိုးဆိုနေကြသော လူအုပ်ကြီးနှင့် အော်ဟစ်အမိန့်ပေးနေသော အရာရှိ၏ ကြားတွင် ကျွန်တော် ဘာမှမမြင်ရတော့။ ဘယ်တော့များမှ လမ်းဆုံးရောက်ပါ့





မလဲဆိုတာကို ကျွန်တော် တွေးလို့မရနိုင်အောင် ဖြစ်မိသည်။ ဖျက်သဘော်ပေါ်မှ ကျခဲ့သည့် အချိန်မှစ၍ ကျွန်တော် ဘာမှ ပြီးပြီးမြောက်မြောက် မလုပ်ခဲ့သော်လည်း မသိသောလမ်းကြောင်း တစ်ခုဆီကို သာ သွားနေခဲ့ရသည်။ ခင်မင်ဖွယ်ရာကောင်းသော ဗီရိယရှိသော လူအုပ်ကြီးကလည်း ကျွန်တော့်ကို ဘာဆက်လုပ်ကြမလဲဆိုတာကို မစဉ်းစားနိုင်လောက် အောင် အခက်တွေ့နေရသည်။

## ဖကာပုံပြင်တစ်ပုဒ်

ကျွန်တော့်ကို တွေ့သည့်နေရာနှင့် မူလတိုမြို့သို့ သွားရာ လမ်းမှာ ရှည်လျားပြီး ကြမ်းတမ်းသည်။ သူတို့သည် ကျွန်တော့်ကို ထမ်းပိုးနှစ်ခု လျှိုထားသည့် ပုခက်ပေါ် တင်သည်။ ထမ်းပိုးနှစ်ခုကို နှစ်ယောက်စီထမ်းကာ မီးအိမ်ပြ၍ ကျဉ်းမြောင်းလိမ်ကောက်သည့် လမ်း အတိုင်း သယ်သွားကြသည်။ လမ်းခရီးမှာ လေတိုက် သော်လည်း မီးအိမ်များကြောင့် အခန်းထဲမှာ နေရသလို ပင် အိုက်စပ်နေသည်။

နာရီဝက်အတွင်းမှာ ကျွန်တော့်ကို လူရှစ်ယောက်လဲပြီး ထမ်းကြသည်။ ပြီးတော့ ရေအနည်း ငယ်နှင့် ဆိုဒါဘီစကစ် အနည်း ငယ် ကျွန်တော့်ကို ပေးသည်။ ကျွန်တော်တို့ ဘယ်သွားကြမှာလဲ။ သူတို့က ကျွန်တော့်ကို ဘာလုပ်ကြမှာလဲဆိုတာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သိချင်လွန်း လှသည်။ သူတို့ အကြောင်းအရာစုံအောင် ပြောနေကြသော်လည်း ကျွန်တော့်အကြောင်းတွေသာ ဖြစ်သည်။ ကျွန်တော်မှလွဲပြီး ကျန်သည့် လူတွေအားလုံး စကားပြောသည်။ လူအုပ်ကို ရှေ့မှ ဦးဆောင်သည့် ရဲအရာရှိက ကျွန်တော်နှင့် စကားပြောနိုင်လောက်သည့် နေရာအထိ ဘယ်သူ့ကိုမှ ကပ်ခွင့်မပေး။

အဝေးဆီမှ အော်သံတွေ၊ အမိန့်ပေးသံတွေ၊ စကားပြောသံတွေကို ကျွန်တော် ကြားနေရသည်။ မူလတို၏ လမ်းမကြီးသို့ ရောက်သောအခါ ရဲတွေ လူအုပ်ကို မထိန်းနိုင်တော့ပါ။ အချိန်က မနက်ရှစ်နာရီထိုးပြီ။ မူလတိုမှာ တံငါစု မြို့ငယ်လေးဖြစ်သည်။ ကြေးနန်းရုံးမရှိ။

အနီးဆုံးမြို့က ဆန်ဟွန်ဒီအူရဘာမြို့။ ထိုမြို့ကို မွန်တာရီယာမှ လေယာဉ်ငယ်တစ်စင်းက တစ်ပတ်နှစ်ကြိမ်ဆင်းသည်။ တံငါစုမြို့ငယ်လေးသို့ ရောက်သောအခါ ကျွန်တော် တစ်နေရာရာ ရောက်သွားသလို ခံစားရသည်။ ကျွန်တော့်မိသားစုများ၏ သတင်းကို ရမည်ဟု ကျွန်တော် ထင်သည်။ သို့ရာတွင် မူလတိုမှာ လမ်းခရီး၏ တစ်ဝက်နေရာမျှသာ။

ကျွန်တော့်ကို အိမ်တစ်လုံးထဲမှာ နေရာချထားပေးသည်။ ကျွန်တော့်ကို ကြည့်ချင်ကြ၍ တစ်မြို့လုံး တန်းစီရသည်။ လွန်ခဲ့သည့် နှစ်နှစ်ခန့်က ဘိုဂိုတာမြို့တွင် ပြားငါးဆယ်ပေးပြီး သွားကြည့်ရသည့် ဖကာ





(ခြိုးခြံကျင့်ကြံသူ) တစ်ယောက်ကို သတိရမိသည်။ သူ့ကို ကြည့်ရဖို့အတွက် တန်းစီပြီး နာရီပေါင်းများစွာ စောင့်ရသည်။ နာရီဝက်ကြာမှ ရှေ့ကို ခြေနှစ်လှမ်းစာ တိုးရသည်။ ဖကာကို ထည့်ထားသည့် ဖန်ပေါင်းချောင်ရှိရာ အခန်းသို့ ရောက်သောအခါ ဘယ်သူဘယ်ဝါကိုမှ ကြည့်ချင်စိတ်လည်းမရှိတော့။ အပြင်သာ ချက်ချင်း ပြန်ထွက်ချင်တော့သည်။ ခြေနှစ်ဖက်ကိုကားပြီး လေကောင်းလေသန့်သာ ရှူပစ်ချင်တော့သည်။

ဖကာနှင့် ကျွန်တော် ကွာခြားတာက သူသည် ဖန်ပေါင်းချောင်ထဲမှာ ရှိနေခြင်းပင်။ သူက ကိုးရက်လုံးလုံး အစာမစား။ ကျွန်တော်က ပင်လယ်ထဲမှာ ဆယ်ရက်။ တစ်ရက်က မူလတိုမြို့ရှိ အိမ်တစ်လုံး၏ အခန်းတစ်ခုထဲမှာ။ ကျွန်တော့်ရှေ့မှာ မျက်နှာတန်းကြီးကို ကြည့်လိုက်သည်။ မျက်နှာမည်းတွေ၊ မျက်နှာဖြူတွေ။ မဆုံးနိုင်အောင် စီတန်းနေသည်။ အပူဒဏ်က ကြောက်စရာကောင်းလှ သည်။ ထို့နောက် ကျွန်တော့်ခေါင်းထဲမှာ သင့်တင့်သော တုံ့ပြန်မှု အတွေးတစ်ခု ပေါ်လာသည်။ ဇဝနဉာဏ်ရှင်မိတာဟုလည်း ဆိုနိုင်သည်။ ထိုအတွေးက သဘောပျက် သင်္ဘောသားတစ်ယောက်ကို ကြည့်ရန်အတွက် တစ်စုံတစ်ယောက်က လူတွေကို လက်မှတ်တောင် ရောင်းနေလားမသိဘူးဟူသော အတွေးပင်ဖြစ်သည်။

သူတို့သည် မူလတိုကို လာကြသလိုပင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို လူလေးယောက်ထမ်း ပုခက်နှင့်တင်ပြီး ဆန်ဟွန်ဒီအူရဘာမြို့ဆီသို့ ခေါ်ဆောင်လာခဲ့ကြသည်။ သို့ရာတွင် ကျွန်တော့်နောက်သို့ လိုက်လာသော လူအုပ်က ပိုကြီးလာသည်။ လူခြောက်ရာထက် မနည်းပေ။ အုပ်စုမှာ မိန်းမတွေ၊ ကလေးတွေ နှင့် တိရစ္ဆာန်တွေလည်း ပါသည်။ တချို့က မြည်းတွေ စီးလျက်။ ခြေလျင်လျှောက်လာသူတွေက ပိုများသည်။ ခရီးက တစ်ရက်နီးပါး သွားရသည်။ လူခြောက်ရာ လူအုပ်ကြီးက ကျွန်တော့်ကို တစ်လှည့်စီထမ်းပြီး သယ်လာ၍လားမသိ၊ ခွန်အားတွေပြန်ပြည့်လာသလို ခံစားရသည်။ မူလတိုမှာ မီးခိုးတိတ် ကျန်ရစ်ခဲ့ပြီဟု ကျွန်တော် ထင်သည်။ မနက်ခင်းစောစောကတည်းက မော်တာဖွင့်ထားရာ ရေဒီယိုသည် တံငါစုမြို့ကလေးကို တေးဂီတဖြင့် လွှမ်းခြုံထားလေသည်။ ဖြစ်ပုံမှာ ပွဲတော်ကြီးတစ်ခုလိုပင်။ ပွဲတော်ကြီးလိုဖြစ်ရသည့် အကြောင်းရင်းကတော့ တစ်မြို့လုံးရှိလူတွေက ကျွန်တော့်ကို လာကြည့်ကြရာ အပ်မကျအောင် စည်ကားနေ၍ဖြစ်သည်။ ကျွန်တော်က သူတို့အားလုံး၏ အလယ်မှာ ပုခက်ထဲလှဲလျက်။ လူအုပ်ကြီးတစ်ခုလုံးက ကျွန်တော့်ကို တစ်ယောက်တည်း မလွှတ်ချင် ကြသည့်အပြင် လေထန်သောလမ်းနှင့် အပြည့်စီတန်းနေသော လူတန်းကြီးနှင့် အတူ ဆန်ဟွန်ဒီ အူရဘာသို့ လိုက်ပို့ချင်နေကြသည်။လမ်းခရီးတစ်လျှောက် ရေဆာလိုက်၊ ဗိုက်ဆာလိုက် ဖြစ်နေခဲ့ရသည်။ ဘီစကစ်





နည်းနည်း၊ ရေနည်းနည်း ကျွန်တော့်ကို ထပ်ပေးကြသော်လည်း ဗိုက်ဆာနေဆဲ၊ ရေငတ်ဆဲ။ ဆန်ဟွန်မြို့ကို ဝင်သောအခါ ကျေးလက်ပျော်ပွဲ၊ ရှင်ပွဲတစ်ခုကို သတိရစေပါသည်။ လှပသောမြို့ကလေးမှာ နေထိုင်သူအားလုံး ပင်လယ်နားမှာ တိုးဝှေ့နေကြသည်။ ပင်လယ်လေက ကျွန်တော့်ကို တွေ့ဖို့ ထွက်လာသည်။ မြို့အရေးပိုင်များက လာရောက်စပ်စုသူများကို ကြိုတင်ထိန်းသိမ်းထားရသည်။ ကျွန်တော့်ကို လာကြည့်ရန်အတွက် လမ်းထဲမှာ တစ်ယောက်ကို တစ်ယောက် တံတောင်နှင့် တိုးဝှေ့နေကြသူများကို ရဲတွေက ထိန်းနေရသည်။

ဒီနေရာသည် ကျွန်တော်၏ ခရီးအဆုံးပင်ဖြစ်သည်။ အထူးကုဆရာဝန် *ဟမ်ဘာတိုဝွန်မက်က* ကျွန်တော့် တစ်ကိုယ်လုံးကို စစ်ဆေးပြီး သတင်းကောင်းကို ပြောပြသည်။ ကျွန်တော် ခံနိုင်ရည် ရှိမရှိ သေချာအောင် စမ်းသပ်ကြည့်ချင်၍ စမ်းသပ်စစ်ဆေးမှုများ မပြီးခင် သူကျွန်တော့်ကို ပြောမပြခဲ့။ သူက ကျွန်တော့်ပါးကို အသာအယာပုတ်ကာ ဖော်ရွေစွာ ပြုံးပြပြီးမှ ပြောပြပါသည်။

"ခင်ဗျားကို ကာတာဂျီနာ ရောက်အောင် ပို့ပေးမယ့် လေယာဉ်က အဆင်သင့်ပါပဲဗျာ။ ခင်ဗျားရဲ့ မိသားစုက စောင့်မျှော် နေကြပါတယ်"

♦



www.burmeseclassic.com

www.burmeseclassic.com

အခန်း - ၁၄

## ကျွန်တော်၏ သူရဲကောင်းဝါဒမှာ မိမိကိုယ်မိမိ အသေမခံတာလည်း ပါသည်

လူတစ်ယောက်သည် ဖောင်တစ်ခုပေါ်မှာ ဆယ်ရက်လုံးလုံး အစာအငတ်ခံ၊ ရေငတ်ခံသည့်အတွက် သူရဲကောင်းတစ်ယောက် ဖြစ်လာနိုင်လိမ့်မည်ဟု ကျွန်တော် စိတ်မကူးခဲ့ဖူးပါ။ ကျွန်တော့်မှာ ရွေးစရာလမ်းမရှိ။ အကယ်၍သာ ဖောင်သည် သောက်ရေ၊ စားစရာ၊ သံလိုက်အိမ်မြှောင်တစ်ခု နှင့် ငါးမျှားတံတစ်ခုသာ ပြည့်စုံခဲ့ပါက ယခုအချိန်မှာ ကျွန်တော် သန်သန်မာမာဖြစ်နေမှာ သေချာသည်။ သို့ရာတွင် တစ်မျိုးတစ်ဖုံ ဖြစ်သွားပေလိမ့်မည်။ ကျွန်တော့်ကို သူရဲကောင်းတစ်ယောက်လို ဆက်ဆံကြမှာမဟုတ်တော့။ ထို့ကြောင့် ကျွန်တော်၏ အဖြစ်မှာ





ဆယ်ရက်လုံးလုံး အစာငတ်၊ ရေငတ်၍ မိမိကိုယ်မိမိ အသေမခံခဲ့သည့် အချက်တစ်ခုတည်း သူရဲကောင်းဝါဒနှင့် အကျုံးဝင်နေသည်။

သူရဲကောင်းဆန်ဆန် ကျွန်တော်ဘာမှ မလုပ်ခဲ့ပါ။ ကျွန်တော်၏ ကြိုးပမ်းမှုများမှာ ကျွန်တော့် အသက်ကို ကယ်ဖို့သာဖြစ်သည်။ သို့ရာတွင် ကယ်တင်ခြင်းသည် ကိုယ်ရောင်ကိုယ်ဝါဖြင့် ရောက်လာသည့်ကတစ်ကြောင်း၊ ဆုတံဆိပ်အဖြစ် သူရဲကောင်းဟု ခေါင်းစဉ်တပ်သည်က တစ်ကြောင်းမို့ ကျွန်တော့်မှာ ရွေးစရာလမ်းမရှိ၍ ကယ်တင်ခြင်းကိုလည်း လက်ခံရသည်။ သူရဲကောင်းဝါဒအဖြစ် လည်း လက်ခံရလေတော့သည်။

သူရဲကောင်းတစ်ယောက်ဖြစ်ရတာ ဘယ်လိုခံစားရသလဲဟု အမေးခံခဲ့ရဖူးသည်။ ဘယ်လိုပြန်ဖြေရမလဲဆိုတာ ကျွန်တော် လုံးဝမသိပါ။ ကျွန်တော်လက်လှမ်းမီသလောက်ဆိုရလျှင် ကျွန်တော် အရင်လိုပဲခံစားရပါသည်။ အတွင်းအပ ဘာမှပြောင်းလဲမှု မရှိပါ။ ကြောက်မက်ဖွယ်ရာ နေလောင်သည့်ဒဏ်တွေသည်လည်း မနာတော့။ ဒူးခေါင်းဒဏ်ရာမှာ အမာရွတ်တစ်ခုဖြစ်သွားပြီ။ ကျွန်တော် *လူးဝစ်အာလေဟန်ဒရိုဗယ်လက်စကို* ပြန်ဖြစ်သွားပြီ။ ဒါဆိုရင်ပဲ ကျွန်တော့်အတွက် လုံလောက်နေပြီ။

ပြောင်းလဲသွားသည်မှာ တခြားလူများသာဖြစ်သည်။ ကျွန်တော့် မိတ်ဆွေတွေက အရင်ကထက်



www.burmeseclassic.com

www.burmeseclassic.com



ပို၍ ရင်းနှီးလာသည်။ ကျွန်တော့် ရန်သူများမှာ အဆိုးဝါး
ဆုံးသော ရန်သူများဟု စိတ်ကူးမိသော်လည်း ကျွန်တော့်
မှာ ရန်သူရှိသည်ဟု မထင်ပါ။ လမ်းပေါ်မှာ လူတွေက
ကျွန်တော့်ကို သတိထားမိသွားသောအခါ ကျွန်တော့်ကို
ထူးထူးဆန်းဆန်း သတ္တဝါတစ်ကောင်လို ကြည့်ကြပါ
သည်။ ထိုကဲ့သို့သော အကြောင်းများကြောင့် ကျွန်တော်
အရပ်ဝတ်ကိုသာ ဝတ်ပါတော့သည်။ ဖောင်တစ်ခုပေါ်
မှာ ဆယ်ရက်လုံးလုံး အစာငတ်၊ ရေငတ်နေခဲ့ရသည်
ဆိုတာကို လူတွေမေ့ပျောက်သွားသည်အထိ ထိုသို့နေရ
မည်။

သင်သည် အရေးပါသော ပုဂ္ဂိုလ်တစ်ယောက်
ဖြစ်သွားသောအခါ ဘယ်လိုအခြေအနေပဲကြုံကြုံ၊
လူတွေက သင့်အကြောင်း သင်ပြောပြတာကို နေ့ရော
ညပါ ကြားချင်နေကြသည်ကို သင်နားလည်လာပေ
မည်။ ထိုအကြောင်းကို ကာတာဂျီနာလေတပ်ဆေးရုံမှာ
သင်ခန်းစာရခဲ့ခြင်းဖြစ်သည်။ ကျွန်တော့် အခန်းထဲဝင်ပြီး
ဘယ်သူကမှ စကားလာမပြောနိုင်ရန် အစောင့်
တစ်ယောက် ချပေးထားသည်။ သုံးရက်ကြာပြီးနောက်
ကျွန်တော် ပုံမှန်အတိုင်း လုံးဝပြန်ဖြစ်သွားသည်။
သို့သော် ဆေးရုံမှ ဆင်းခွင့်မပေးပါ။ ကျွန်တော် ဆေးရုံမှ
ဆင်းလျှင် တစ်ကမ္ဘာလုံးကို ကျွန်တော့်ဇာတ်လမ်း
ပြောပြရမည်ဆိုတာကို ကျွန်တော်သိသည်။ တစ်နိုင်ငံ
လုံးရှိ သတင်းထောက်များသည် ကျွန်တော်နှင့် အင်တာ





ဗျူးလုပ်ရန်၊ ဓာတ်ပုံရိုက်ရန် ရောက်နေကြပြီဟု အစောင့်
ကပြောသည်။ နှစ်ဆယ်စင်တီမီတာခန့်ရှည်သော ခုံခုံ
ညားညား နှုတ်ခမ်းမွေးနှင့် သတင်းထောက်တစ်ယောက်
က ကျွန်တော့်ကို ဓာတ်ပုံ အပုံငါးဆယ်ကျော်ရိုက်သော်
လည်း ကျွန်တော်၏ စွန့်စားခန်းအကြောင်း ဘာတစ်ခုမှ
မေးခွင့်မပြုပါ။

## သတင်းဇာတ်လမ်းတစ်ပုဒ်၏
## ဇာတ်လမ်း

ရေတပ်ဆေးရုံရှိ ကျွန်တော့် အခန်းအတွင်းသို့ ကျွန်တော့်
အဖေ၊ အစောင့်များ၊ ဆရာဝန်များနှင့် သူနာပြုများကိုသာ
ဝင်ခွင့် ပြုသည်။ တစ်ရက်တွင် ကျွန်တော် တစ်ခါမှ မမြင်
ဖူးသော ဆရာဝန်တစ်ယောက် အခန်းထဲ ဝင်လာသည်။
ဝတ်ထားသော ဂျူတီကုတ်၊ မျက်မှန်နှင့် နားကြပ်ကို
လည်ပင်းမှာ ဆွဲထားသော ဆရာဝန်သည် အတော်ငယ်
ပုံရသည်။

သူက ဘာမှမပြောဘဲ ဖြုန်းစားကြီး ရောက်
လာခြင်းဖြစ်သည်။ အစောင့်တပ်ကြပ်က သူ့ကို ဇဝေဇဝါ
ဖြင့်ကြည့်ပြီး ဆရာဝန် မှတ်ပုံတင်ပြခိုင်းသည်။ ဆရာ
ဝန်က သူ့အိတ်ကပ်တွေထဲ လိုက်ရှာကြည့်သည်။ ထို့
နောက် ခဏစဉ်းစားကာ သူစာရွက်စာတမ်းတွေ မေ့ခဲ့
သည်ဟုဆိုသည်။ ဆေးရုံဒါရိုက်တာ၏ အထူးခွင့်ပြုချက်
မပါဘဲ ကျွန်တော့်ကို စကားပြော၍မရဟု အစောင့်က



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုပြောသည်။ ထို့နောက် သူတို့နှစ်ယောက် ဒါရိုက်တာကို သွားရှာရန် ထွက်သွားကြလေသည်။ မိနစ်နှစ်ဆယ်ခန့်ကြာပြီးသောအခါ သူတို့ ကျွန်တော့် အခန်းဆီသို့ ပြန်လာသည်။ အစောင့်က အရင်ဆုံးဝင်လာပြီး ကျွန်တော့်ကို စစ်ဆေးခွင့် ထိုဆရာဝန်ကို ပေးလိုက်ကြောင်း သူသည် ဘိုဂိုတာမှ စိတ်ရောဂါကုဆရာဝန်ဖြစ်ကြောင်း ပြောပြသည်။ သို့သော်လည်း သူသည် ဆရာဝန်အယောင် ဆောင်လာသော သတင်းထောက်တစ်ယောက်ဖြစ်မည်ဟု အစောင့်က ထင်နေသည်။

"ဘာလို့ ခင်ဗျားက ထင်ရတာလဲ" ကျွန်တော်က အစောင့်ကို မေးသည်။

"ဘာလို့လဲဆိုတော့ ဒီလူအရမ်းလန့်နေတယ်ဗျ။ စိတ်ရောဂါကု ဆရာဝန်တွေက နားကြပ်ကို မသုံးဘူးလေဗျာ" ဟု အစောင့်က ပြန်ဖြေသည်။

သို့သော်ငြားလည်း ထိုလူသည် ဆေးရုံဒါရိုက်တာကို ဆယ့်ငါးမိနစ်ခန့် စကားဝင်ပြောခဲ့သည်။ သူနှင့် ဆေးရုံဒါရိုက်တာသည် ဆေးတွေအကြောင်း၊ စိတ်ပညာအကြောင်း ခက်ခဲသော ဆေးပညာဝေါဟာရများကို သုံး၍ပြောကာ နားလည်မှုတစ်ခု မြန်မြန်ရသွားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

အစောင့်၏ သတိပေးမှုကြောင့်လားတော့ မသိပါ။ လူငယ်ဆရာဝန် ကျွန်တော့်အခန်းထဲ ဝင်လာသောအခါ သူ့ကို ဆရာဝန် တစ်ယောက်ဟု လုံးဝမထင်





တော့ပါ။ ယခုအချိန်အထိ သတင်းထောက်တစ်ယောက်ကိုမှ မတွေ့ရသေးသော်လည်း သူပုံက သတင်းထောက်နှင့် မတူပါ။ ကျွန်တော့်အဖို့မှာတော့ သူသည် ဆရာဝန်ဟန်ဆောင်ထားသော သင်းအုပ်ဆရာနှင့် တူလေသည်။ သူဘယ်လို စကားစမလဲဆိုတာ ကျွန်တော် မသိသော်လည်း တကယ်တန်းမှာမူ သူသည် အစောင့်ကို ဘယ်လိုအာရုံ ပြောင်းအောင် လုပ်ရမလဲဆိုတာ အကြံထုတ်နေခြင်းဖြစ်သည်။

"တစ်ခုကူညီပါလားဗျာ . . . ကျွန်တော့်ကို စာရွက်တစ်ရွက်လောက် ယူပေးပါလား" ဟု သူက အစောင့်ကို ပြောသည်။

အစောင့်က ရုံးခန်းသို့သွားပြီး စာရွက်သွားရှာပေးမည်ဟု သူထင်လျှင် ထင်နေမည်။ သို့ရာတွင် အစောင့်၏တာဝန်က ကျွန်တော့်ကို တစ်ယောက်တည်း မထားခဲ့ရန်ဖြစ်သည်။ အစောင့်က စာရွက်သွားမရှာဘဲ ကော်ရစ်ဒါသို့သွားကာ လှမ်းအော်သည်။

"စာရေးစက္ကူနှစ်ရွက်လောက် ယူခဲ့ဦးဟေ့"

ခဏကြာသောအခါ စက္ကူရောက်လာသည်။ အစောင့်ထွက်သွားတာ ငါးမိနစ်ကျော်ကျော် ကြာသည်။ ဆရာဝန်က ယခုအချိန်အထိ ကျွန်တော့်ကို ဘာမှ မမေးသေး။ စက္ကူရောက်လာသည်အထိ ဘာစမ်းသပ်မှုမှ မလုပ်ရသေး။ သူကကျွန်တော့်ကို စက္ကူပေးပြီး သဘောတစ်စင်းပုံ ဆွဲခိုင်းသည်။ ကျွန်တော် သဘောပုံ ဆွဲလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် သူက ပုံမှာလက်မှတ်ထိုးခိုင်းသည်။ ကျွန်တော် ထိုးပေးလိုက်သည်။ ထို့နောက်သူက ကျွန်တော့်ကို တဲအိမ်တစ်လုံးပုံ ဆွဲခိုင်းသည်။ ကျွန်တော်လည်း အိမ်တစ်လုံးပုံကို အကောင်းဆုံးဖြစ်အောင် ရေးဆွဲလိုက်ပြီး အိမ်ဘေးမှာ ငှက်ပျောပင်ပုံတစ်ပုံပါ ဖြည့်ပေးလိုက်သည်။ ထိုပုံကိုလည်း လက်မှတ်ထိုးခိုင်းသည်။ ထိုအခါမှ သူသည် သတင်းထောက် (ဆရာဝန်ဟန်ဆောင်ထားသော) တစ်ယောက်ဖြစ်သည် ဆိုတာကို ကျွန်တော် သိလိုက်ရသည်။ သို့ရာတွင် သူက ဆရာဝန်ပဲဟု ဇွတ်ဆိုနေပါသည်။

ကျွန်တော် ပုံဆွဲပြီးသောအခါ သူက စက္ကူများကို စစ်ဆေးပြီး စကားဗလုံးဗထွေးပြောကာ ကျွန်တော့် စွန့်စားမှုအကြောင်း မေးပါတော့သည်။ သို့ရာတွင် အစောင့်က ထိုကဲ့သို့သော မေးခွန်းမျိုး မေးခွင့်မပြုဟု ကြားဝင်ပြောသည်။ ထို့နောက် သူသည် ဆရာဝန်တွေလုပ်သလိုပင် ကျွန်တော့် ခန္ဓာကိုယ်ကို စစ်ဆေးသည်။ သူ့လက်များက ရေခဲလိုအေးစက်နေသည်။ အစောင့်သာ ထိုလက်များကို ကိုင်မိပါက ထိုဆရာဝန်ကို အခန်းထဲမှ ဆွဲထုတ်ပစ်မှာ ဖြစ်သည်။ သို့ရာတွင် ကျွန်တော် ဘာမှမပြောပါ။ သူ၏ ထိတ်လန့်မှုကြောင့် သူသည် သတင်းထောက်တစ်ယောက် ဖြစ်နိုင်သည်။ ထိုအခါ ကျွန်တော် သူ့ကို ကရုဏာသက်မိသည်။ ဆယ့်ငါးမိနစ် မပြည့်ခင်မှာပဲ သူသည် ပုံများကို ယူပြီး ကပျာကယာ





ထွက်သွားသည်။

နောက်တစ်နေ့မှာ အားလုံးအုတ်အုတ် သောင်းသောင်းဖြစ်သွားသည်။ ကျွန်တော် ဆွဲပေးလိုက်သောပုံတွေ အယ်တီအမ်ပို သတင်းစာ၏ ရှေ့စာမျက်နှာမှာ ပါလာသည်။ မြားပြထားသောပုံစာတွေပါ ပါသည်။ မြားတစ်ခုက မာလိန်မှူးစင်ကို ညွှန်ပြထားပြီး "ဤ နေရာသည် ကျွန်တော်လိမ့်ကျရာ နေရာဖြစ်သည်" ဟု ပုံစာဖြင့် ဖော်ပြထားသည်။ သူပြထားတာမှားနေသည်။ ကျွန်တော်က ပဲ့ပိုင်းမှာသာ ရှိနေခဲ့သည် မဟုတ်လား။ သို့ရာတွင် ပုံတွေက ကျွန်တော် ဆွဲထားသည့်ပုံတွေ။

အမှန်ကို ညွှန်ပြသင့်သည်ဟု ကျွန်တော့်ကို ပြောကြသည်။ ထိုသို့ဆိုလျှင် ကျွန်တော် တစ်ခုခု တောင်းဆို၍ရသည်။ သို့သော် အဓိပ္ပာယ်တော့ မရှိလှပါ။ စစ်ဆေးရုံထဲသို့ ဆရာဝန်ဟန်ဆောင်ပြီး ဝင်လာခဲ့ရဲသည့် သတင်းထောက်ကို ကျွန်တော် အလွန်လေးစားမိသည်။ သူသာ ကျွန်တော့်ကို သတင်းထောက်မှန်း တစ်မျိုးတစ်ဖုံ သိစေခဲ့လျှင် အစောင့်ကို ဘယ်လိုချွာထားလျှင် ရမည်ဆိုတာကို ကျွန်တော် သိနေပါသည်။ အကြောင်းမှာ ထိုနေ့မှာ ကျွန်တော့်အကြောင်းကို ပြောပြဖို့ ခွင့်ပြုချက်ရခဲ့ပြီးပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်း၏ စီးပွားရေး

အယောင်ဆောင်၍ပင် လာရသည့် သတင်းထောက်၏ စွန့်စားမှုက ကျွန်တော် ပင်လယ်ထဲမှာ ဆယ်ရက်နေခဲ့သည့်အကြောင်း ဘယ်လောက်စိတ်ဝင်စားသလဲဆိုတာ ကောင်းကောင်းသိလာရသည်။ လူတိုင်းက စိတ်ဝင်စားကြသည်။ ကျွန်တော့် သူငယ်ချင်းတွေကပင် ထို အကြောင်းကို ပြောပြရန် ကျွန်တော့်ကို အကြိမ်ကြိမ် မေးကြသည်။ ကျွန်တော် ဘိုဂိုတာသို့ ရောက်သောအခါ လုံးဝနာလန်ထူလာပြီ ဖြစ်သလို ကျွန်တော့် ဘဝလည်း ပြောင်းလဲသွားတာကို သဘောပေါက်လာရသည်။ လေဆိပ်မှာ ကျွန်တော့် ပရိတ်သတ်များစွာ ကြိုဆို နှုတ်ဆက်ကြသည်။ နိုင်ငံတော် သမ္မတကြီးကလည်း ကျွန်တော့်ကို တွေ့ဆုံကာ သူရဲကောင်းဆန်သော လုပ်ရပ်ကို ချီးကျူးဂုဏ်ပြုသည်။ ထိုနေ့မှစ၍ ကျွန်တော် ရေတပ်မှာပဲ ဆက်နေရတော့မည်ဆိုတာကို သိလိုက်ရသည်။ သို့ရာတွင် ယခုအချိန်မှာတော့ အရာရှိလောင်းတစ်ယောက်ဖြစ်ပြီ။

အပိုဆောင်းပြောရလျှင် ကျွန်တော့်မှာ ကြိုတင်တွက်ဆထားခဲ့တာ တစ်စုံတစ်ရာမှ မရှိပါ။ ကြော်ငြာ အေဂျင်စီများနှင့် လူထုပျံ့နှံ့ရေး အေဂျင်စီများမှ ကမ်းလှမ်းတာမျိုး ကျွန်တော် မျှော်လင့်မထားခဲ့ပါ။ ကျွန်တော်၏ စွန့်စားခန်းတစ်လျှောက်လုံး အချိန်မှန် နေသည့် နာရီအတွက် ကျွန်တော် ဂုဏ်ယူရသည်။ သို့ရာတွင် ထိုကိစ္စကို နာရီထုတ်လုပ်သူက ထူးထူး ခြားခြား စိတ်ဝင်စားမည်ဟု မထင်ခဲ့ပါ။ သို့သော်ငြားလည်း သူတို့က ကျွန်တော့်ကို ပီဆိုငါးရာနှင့် နာရီအသစ်တစ်လုံး လက်ဆောင်ပေးပါသည်။ နာမည်ရှိသည့် ပီကေ အမျိုးအစားတစ်ခုကို ကျွန်တော်က ကြော်ငြာပေးသည့်အတွက် ပီဆိုတစ်ထောင်ပေးသည်။ ကျွန်တော်စီး သည့် ရှူးဖိနပ်ထုတ်လုပ်သူကလည်း သူ့ဖိနပ်ကြော်ငြာထဲတွင် လက်မှတ်ထိုးပေးသည့်အတွက် ပီဆို နှစ်ထောင်ပေး သည်။ ကျွန်တော့်အကြောင်းကို ရေဒီယိုမှ ထုတ်လွှင့်ခွင့်ပြုရန်အတွက် ပီဆိုငါးထောင် လက်ခံရရှိသည်။ အစာငတ်၊ ရေငတ်ပြီး ဆယ်ရက်လုံးလုံး အသက်ရှင်နေခဲ့ခြင်းသည် ယခုလို အကျိုး အမြတ်တွေ ရရှိလိမ့်မည်ဟု ကျွန်တော် စိတ်မကူးမိခဲ့ဖူးပါ။ သို့ရာတွင် တကယ့် အကျိုးအမြတ်တွေ ရရှိခဲ့သည်။ ယခုအချိန်အထိ စုစုပေါင်း ကျွန်တော် ရရှိသောငွေမှာ ပီဆို တစ်သောင်းနီးပါးရှိနေပြီဖြစ်သည်။ သို့သော်ငြားလည်း ပီဆို တစ်သန်းပေးပြီး ထိုကဲ့သို့ ပြန်လုပ်ပြ ပါဆိုလျှင် ကျွန်တော် မလုပ်နိုင်ပါ။

ကျွန်တော်၏ သူရဲကောင်းဘဝမှာ ဘာမှ ထူးခြားတာမရှိပါ။ မနက်ဆယ်နာရီမှာ ကျွန်တော် အိပ်ရာမှ ထသည်။ ပြီးလျှင် ကျွန်တော့် သူငယ်ချင်းများနှင့် ကဖေးဆိုင်ထိုင်သည်။ သို့မဟုတ်ပါက ကျွန်တော်၏ စွန့်စားခန်းအကြောင်း ကြော်ငြာလုပ်နေသည့်




www.burmeseclassic.com

www.burmeseclassic.com



အဂေျင်စီတစ်ခုကို သွားပါသည်။ နေ့တိုင်းလိုလို ကျွန်တော် ရုပ်ရှင်သွားကြည့်သည်။ ကျွန်တော် လုံး၀ အထီးမကျန်တော့ပါ။ သို့ရာတွင် ကျွန်တော့် ဇာတ်လမ်း အဆုံးအထိ ပတ်သက်နေသည့် ကျွန်တော့်မိတ်ဆွေ၏ အမည်ကို ကျွန်တော် မဖော်ပြတော့ပါ။

နေ့တိုင်း အနယ်နယ်အရပ်ရပ်မှ စာများကို လက်ခံရရှိပါသည်။ ကျွန်တော် မသိသော လူများထဲမှ စာများဖြစ်သည်။ ဂျေ - ဗီ - စီ ဟု အတိုကောက် ရေးထားသော ပါရီးရီးရားမှ ဖောင်များနှင့် စင်ရော် တွေအကြောင်း ဖွဲ့နွဲ့ထားသည့် ကဗျာရှည်တစ်ပုဒ်ကို လက်ခံရရှိသည်။ ကျွန်တော် ကာရစ်ဘီယန်ပင်လယ် ထဲတွင် မျောနေစဉ် ကျွန်တော့်ဝိညာဉ် ကောင်းရာမွန်ရာ ရောက်ဖို့ ကျမ်းစာရွတ်ပွဲ သွားခဲ့သည့် မာရီကလည်း ကျွန်တော့်ထံ မကြာခဏ စာရေးသည်။ သူမက သတင်း စာဖတ်သူတွေ မြင်ဖူးပြီးသားဖြစ်သည့် လက်မှတ် ထိုးထားသော ဓာတ်ပုံကို ပို့ပေးသည်။

ကျွန်တော့်အကြောင်းကို ရုပ်မြင်သံကြားနှင့် ရေဒီယို အစီအစဉ်များတွင် တင်ဆက်ခဲ့ပါသည်။ ကျွန်တော့် မိတ်ဆွေများကိုလည်း ပြောပြပါသည်။ ရောမဓာတ်ပုံ အယ်လ်ဘမ်ကြီးတစ်ခုနှင့်အတူ အိမ် အလည်လာဖို့ ဖိတ်ကြားသည့် အသက်ကြီးကြီး မုဆိုးမ ကြီးကိုလည်း ပြောပြခဲ့ပါသည်။ တချို့လူတွေကတော့ ကျွန်တော့်အကြောင်းမှာ စိတ်ကူးယဉ်ဇာတ်လမ်း





တစ်ခုဟု ပြောကြပါသည်။ ကျွန်တော်ကလည်း သူတို့ကို ပြန်မေးမိပါသည်။

စိတ်ကူးယဉ်ဇာတ်လမ်းဆိုရင်ဗျာ . . . ကျုပ် က ပင်လယ်ထဲမှာ ဆယ်ရက်လုံးလုံး ဘာတွေလုပ်ခဲ့ရ မှာလဲ။ ။

ညီသစ်

*The Story of a Shipwrecked Sailor*
*BY*
*Gabriel Garcia Marquez*

BURMESE CLASSIC

www.burmeseclassic.com